ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သန္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၃)

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ 24, Sunday July 2016 (၈၆၃၂)

# အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များတွေ့ဆုံပွဲ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ (သတင်းစဉ်)

**ဗီယင်ကျန်း ဇူလိုင် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာကော်မရှင်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲတို့သို့ တက်ရောက်သည်။

အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် SEANWFZ Treaty (အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာစာချုပ်) (၂၀၁၃-၂၀၁၇)ကို အကောင်အထည်ဖော်မည့် Plan of Action (POA)ကို အကောင်အထည် ဖော်ရာ၌ တိုးတက်မှုများအား ပြန်လည်သုံးသပ်ခြင်းနှင့် လက်နက်ဖျက်သိမ်းရေးနှင့် လူအစုလိုက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

ငြိမ်းချမ်းရေးကော်မရှင်က ကြေညာချက်ထုတ်ပြန်
စာမျက်နှာ - ၃

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံခရီးစဉ်ကွန်ဖရင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်
စာမျက်နှာ - ၅

တစ်မျိုးသားလုံး "အ" သွားတော့မှာလား
စာမျက်နှာ - ၆



ကြေးမုံ

# မြစ်ဆုံဆည်စီမံကိန်း၏ ရွေးချယ်ရမည့် စတုတ္ထနည်းလမ်း

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်ကို ရေချိုငါး တန်ချိန် ၁ ဒသမ ၃ သန်းဖမ်းမိရရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ ရေချိုငါးအဖမ်းမိဆုံး စတုတ္ထမြောက်နိုင်ငံဖြစ်ပါသည်။ ရေချိုငါးလုပ်ငန်းအပေါ်မှီခိုနေသော ပြည်သူအရေအတွက်သည်လည်း ၁ ဒသမ ၅ သန်းရှိပါသည်။ ဤသည်မှာ အမိဧရာဝတီအပါအဝင် မြန်မာနိုင်ငံ၏ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့က မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှု နမူနာတစ်ခုသာဖြစ်ပါသည်။ တင်ပြလိုသည်မှာ ဤမြစ်၊ ချောင်း၊ အင်း၊ အိုင်သဘာဝပတ်ဝန်းကျင်တို့သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ တည်ရာမှီရာ အသက်သခင်ကျေးဇူးရှင်များဖြစ်ပါသည်။

သို့သော် တစ်ဖက်၌ မြန်မာနိုင်ငံ၏ ရေစွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို မဖြစ်မနေသုံးသပ်ရမည့်အနေအထားမျိုးလည်း ဖြစ်နေပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် ယနေ့အချိန်အထိ လျှပ်စစ်ဓာတ်အားကိုသုံးစွဲနိုင်သည့် အခြေအနေမျိုးပင်မရှိသည်ကို တွေ့ရပါသည်။ ပညာရှင်များ၏ တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ ရေစွမ်းအားကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ၁၀၀ ဂစ်ဂါဝပ် (100 gigawatts-GW)အထိ ထုတ်လုပ်နိုင်ပါသည်။ တစ်ဂစ်ဂါဝပ်၌ ဝပ်ပေါင်း တစ်ဘီလီယံရှိပါသည်။

ရေစွမ်းအင်သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဟူသော စကားကိုကြားသည်နှင့် တစ်ပြိုင်တည်း မြစ်ဆုံဆည်ကို ချက်ချင်းတွေးမိမည် ဖြစ်ပါသည်။ ဤအချက်ကို ကြည့်လျှင်ပင် မြန်မာပြည်သူပြည်သားတို့က မြစ်ဆုံဆည်၏ အန္တရာယ်အပေါ်မည်မျှစိုးရိမ်နေသည်ကို အလွယ်တကူ မြင်တွေ့နိုင်ပါသည်။ မကြာမီရက်ပိုင်းအတွင်းက သတင်းမီဒီယာများတွင် မြစ်ဆုံဆည်နှင့်ပတ်သက်သော သတင်းတစ်ရပ် ထွက်ပေါ်လာသည်။ မြန်မာနိုင်ငံ၌ မြစ်ဆုံဆည်နှင့် ပတ်သက်သော ရွေးချယ်စရာနည်းလမ်း သုံးသွယ်ရှိသည်ဟူသော သတင်းဖြစ်ပါသည်။ နံပါတ်တစ် ရွေးချယ်စရာနည်းလမ်းသည် မြစ်ဆုံဆည်ကို အပြီးဖျက်သိမ်း၍ သက်ဆိုင်ရာကုမ္ပဏီအား လျော်ကြေးဒေါ်လာသန်း ၈၀၀ ပေးရန်ဖြစ်ပါသည်။ နံပါတ်နှစ် ရွေးချယ်စရာနည်းလမ်းသည် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ပြန်လည်စတင်၍ မြစ်ဆုံဆည်တည်ဆောက်ပြီးသည့်အခါ တစ်နှစ်ဒေါ်လာသန်း ၅၀၀ ရှိသောဝင်ငွေကို ရရှိရန်ဖြစ်ပါသည်။ နံပါတ်သုံး ရွေးချယ်စရာနည်းလမ်းသည် မြစ်ဆုံဆည်နှင့်ပတ်သက်၍ တစ်စုံတစ်ရာဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုဘဲ တစ်နှစ်အတိုး ဒေါ်လာသန်း ၅၀ ပေးရန်ဖြစ်ပါသည်။ သက်ဆိုင်ရာကုမ္ပဏီမှ အထက်ဖော်ပြပါနည်းလမ်းသုံးသွယ်အား အမှန်တကယ်တင်ပြပါက နည်းလမ်းသုံးသွယ်စလုံးသည် မြန်မာပြည်သူပြည်သားတို့၏ နှလုံးစိတ်ဝမ်းကို ချမ်းမြေ့စေနိုင်မည် မဟုတ်သည်မှာ ထင်ထင်ရှားရှား ပေါ်လွင်နေသော အချက်ဖြစ်ပါသည်။

သို့သော် Frontier Myanmar ဂျာနယ်၌ Joern Kristensen က စတုတ္ထရွေးချယ်ရေးနည်းလမ်းကို တင်ပြထားပါသည်။ ဤစတုတ္ထရွေးချယ်စရာ နည်းလမ်းသည် UKaid၊ The Nature Conservancy၊ WWFနှင့် မန်ချက်စတာတက္ကသိုလ် (The University of Manchester) တို့ ပူးပေါင်း ကမကထ ဆောင်ရွက်ထုတ်ပြန်ခဲ့သော အစီရင်ခံစာ (Improving Hydropower Outcomes၊ Through System -Scale Planning: An Example From Myanmar) အပေါ်အခြေခံထားသည်ဟု ယူဆပါသည်။ ဤစနစ် (System -Scale Planning) သည် ဆည်တစ်ခုချင်းအပေါ် သုံးသပ်ဆောင်ရွက်ခြင်းမဟုတ်သည်ကို ဦးစွာတင်ပြလိုပါသည်။ ဤစနစ်သည် တိုင်းပြည်အတွင်းရှိ ဆည်များကိုခြုံငုံစဉ်းစား၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပျက်စီးဆုံးရှုံးခြင်းတို့ကို ဖြစ်နိုင်သမျှ အနည်းဆုံးဖြစ်စေလျက် တစ်ဖက်၌လည်း ဖြစ်သင့်ဖြစ်ထိုက်သော လျှပ်စစ်ဓာတ်အားကို ထုတ်ယူရန် ဖြစ်ပါသည်။ ဆည်တို့၏ အမျိုးမျိုးသောဒီဇိုင်းတို့သည် မတူကွဲပြားသောရလဒ်တို့ကို ဖန်တီးပေးနိုင်သကဲ့သို့ ဆည်တို့၏ အမျိုးမျိုးသော လည်ပတ်ဆောင်ရွက်ပုံစနစ်တို့သည်လည်း မတူကွဲပြားသော ရလဒ်တို့ဖန်တီးပေးနိုင်သည့် အချက်အပေါ် အခြေခံ၍ ဤစနစ်ကို ကြံဆထားခြင်းဖြစ်ပါသည်။ မတူကွဲပြားသောရလဒ်တို့ကို စနစ်တကျလေ့လာသုံးသပ်၍ အဖြစ်နိုင်ဆုံးသော ရလဒ်ကောင်းထွက်ပေါ်လာရေးအတွက် တည်ဆောက်မည့်ဆည်တို့၏ ဒီဇိုင်းနှင့် လည်ပတ်ပုံစနစ်တို့ကို သင့်တော်သလိုပေါင်းစပ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤစနစ်၏အားသာချက်သည် အကောင်းအဆိုးရလဒ်များကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သိရှိရသောကြောင့် မူဝါဒဆုံးဖြတ်ချက်ချမှတ်ရမည့် တာဝန်ရှိပုဂ္ဂိုလ် အဖွဲ့အစည်းများအတွက် မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်မည့် အနေအထားတစ်ရပ်ကို ဖန်တီးပေးထားခြင်းဖြစ်ပါသည်။

ယခုအထက်၌ ညွှန်းဆိုထားသော စတုတ္ထနည်းလမ်းကို တင်ပြပါမည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနှစ်နိုင်ငံစလုံးက သဘောတူလက်ခံနိုင်သော ရေအားလျှပ်စစ်စီမံကိန်းများကိုသာ အထက်ဖော်ပြပါနည်းလမ်း (System-Scale Planning) သုံး၍ လက်တွဲညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံဆိုသည်နှင့် တစ်ပြိုင်တည်း အတူယှဉ်တွဲနေထိုင်ခြင်းကို ရှောင်လွှဲရန် မဖြစ်နိုင်သကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းကို ငြင်းပယ်ရန်လည်း မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။ မြစ်ဆုံဆည်စီမံကိန်းနှင့် ပတ်သက်၍ရွေးချယ်စရာ ပထမနည်းလမ်းသုံးသွယ်သည် ဆည်တည်ဆောက်မည့်ကုမ္ပဏီ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းကောင်း ဆောင်ကြဉ်းနိုင်မည်ဖြစ်သော်လည်း နှစ်နိုင်ငံပြည်သူတို့အကြား ချစ်ကြည်ရင်းနှီးမှုကို ဆောင်ကြဉ်းနိုင်မည် မဟုတ်သည်မှာ ထင်ရှားပါသည်။ ဤနေရာ၌ အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားမှုက ဖန်တီးပေးမည့် မဟာဗျူဟာအန္တရာယ်ထက် မြစ်ဆုံဆည်တည်ဆောက်မည့် ကုမ္ပဏီ၏ အကျိုးစီးပွားကို ရှေ့တန်းတင်မည်လောဟု မေးခွန်းထုတ်ရမည် ဖြစ်ပါသည်။ အမိဧရာဝတီကို အထိမခံဟူသော မြန်မာပြည်သူတို့၏ ဆုံးဖြတ်ချက်သည် ပြတ်သားခိုင်မာရှင်းလင်းပြီးသားဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက မြစ်ဆုံဆည်စီမံကိန်း၏ စတုတ္ထရွေးချယ်စရာနည်းလမ်းသည် မြစ်ဆုံဆည်စီမံကိန်းကို အပြီးတိုင်ရပ်ဆိုင်း၍ နှစ်နိုင်ငံလက်တွဲညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်သာဖြစ်ပါသည်။ ။



## ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၇)နှင့် (၈)အား ဆုံးဖြတ်ချက် (အမိန့်)များ ချမှတ်


**နေပြည်တော် ဇူလိုင် ၂၃**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ ၁၀၀ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၂/၂၀၁၆) လျှောက်ထားသူ ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ ၁၀၀ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ် (၃/၂၀၁၆) လျှောက်ထားသူ ဦးစန်းမောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ လျှောက်ထားခံရသူ ဦးသိန်းဟန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) တို့၏ အမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့ပါဝင်သည့် ပြင်ဆင်မှုခုံရုံးက ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်တွင် ရုံးထိုင်ကြားနာစစ်ဆေးခဲ့ရာ လျှောက်ထားသူဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ချိုက ပြင်ဆင်မှုအစားအယူခံမှုအဖြစ် လျှောက်ထားတင်ပြခဲ့မှုအား ခုံရုံးကလက်ခံခဲ့ပြီးဖြစ်သည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ တင်သွင်းသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာ အယူခံမှုအမှတ် (၇/၂၀၁၆) နှင့် (၈/၂၀၁၆) တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးက ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၀ အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့် (၁) အောက်မနိမ့်သည့် ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၇)နှင့် (၈)တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးက ၂၀၁၆ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် လျှောက်ထားသူတို့၏ အယူခံမှုများကို ခွင့်ပြု၍ မူလခုံအမှတ် (၄) ၏ ၁၂-၅-၂၀၁၆ ရက်စွဲပါ အမိန့်နှင့် ယင်းအမိန့်နှင့် ဆက်စပ်သော ၂၆-၅-၂၀၁၆ အမိန့်များကို ပယ်ဖျက်လိုက်သည်။

မူလခုံအမှတ် (၄) သည် မူလကန့်ကွက်လွှာအမှုများကို ပြန်လည်ဖွင့်လှစ်၍ ဆက်လက် ကြားနာစစ်ဆေးသွားရန်နှင့် ၁၂-၅-၂၀၁၆ ရက်နေ့တွင် လျှောက်ထားသူတို့ဘက်မှ ရုံးချိန်းပျက်ကွက်ရသည့်အတွက် လျှောက်ထားခံရသူတို့ဘက်အား ရှေ့ဆိုင်းစရိတ် ကျပ် တစ်သိန်းစီပေးရန်နှင့် အယူခံမှုများအတွက် ရှေ့နေခ ကျပ်သုံးသောင်းစီ သတ်မှတ်သည်ဟု သိရသည်။ **(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးဝိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

အပြုံလိုက်သေစေနိုင်သည့် လက်နက်များမပြန့်ပွားရေးဆိုင်ရာ နိုင်ငံတကာသဘောတူချက်စာချုပ်များကို အတည်ပြုလက်မှတ်ထိုးရေးအပါအဝင် အဆိုပါ POAကို ထိရောက်စွာအကောင်အထည်ဖော်ရေး၏ အရေးပါမှု၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)နှင့် ဒေသအတွင်းနှင့် နိုင်ငံတကာရှိ အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဆိုင်ရာများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အရှေ့တောင်အာရှနှင့် ကမ္ဘာတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ထိန်းသိမ်းရေးတွင် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုရေးတို့ကို အလေးထား ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် SEANWFZ Treaty အတည်ပြုလက်မှတ်ထိုးရေးနှင့်သက်ဆိုင်သည့် ပြဿနာအားလုံးကိုဖြေရှင်းရန်၊ SEANWFZ Treaty နှင့်နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်အဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိကြိုးပမ်းအားထုတ်မှုများနှင့်အညီ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် SEANWFZ EXCOM (အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာစာချုပ်၏ အလုပ်အမှုဆောင်ကော်မတီ) နှင့် ၎င်း၏အထူးလုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်ရန် သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းအစည်းအဝေးတွင် တက်ရောက်လာသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်လူကုန်ကူးမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများနှင့် ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အာဆီယံ အဖွဲ့အစည်းများနှင့် ကဏ္ဍစုံအသင်းအဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) အပါအဝင် အခြားသောပြင်ပအဖွဲ့အစည်းများအကြား အပြန်အလှန် သွားရောက်လည်ပတ်မှုနှင့်အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း(AHRD)အား အကောင်အထည်ဖော်မှု အပါအဝင် ယမန်နှစ်က လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ရာတွင် တိုးတက်အောင်မြင်မှုများနှင့်ပတ်သက်၍ အဆိုပါကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာ ဖူခေါင်ဆီဆူ လတ်သ်တင်သွင်းသည့် အစီရင်ခံစာအပေါ် မှတ်ချက်ပြုခဲ့ကြသည်။

တက်ရောက်လာသည့် ဝန်ကြီးများက ယမန်နှစ်က AICHR (လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်) ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ အာဆီယံဒေသအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ခြင်းအပါအဝင် လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ခြင်းမှသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းစဉ်အား အထောက်အကူပြုခဲ့သဖြင့် တိုးတက်မှုများစွာရှိကြောင်း ချီးကျူးထောပနာပြုခဲ့ကြသည်။

ထို့အပြင် AICHR ၏ လက်ရှိလုပ်ငန်းများနှင့်အညီ AICHR ၏ ဦးစားပေးလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်သွားရန် ဝန်ကြီးများက အားပေးလှုံ့ဆော်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**




အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး Dato Seri Setia Lim Jock Seng တို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ

**ဗီယင်ကျန်း ဇူလိုင် ၂၃**

လာအိုနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး Dato Seri Setia Lim Jock Seng တို့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh တို့သည် Lao Plaza Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ငြိမ်းချမ်းရေးကော်မရှင်က ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ငြိမ်းချမ်းရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော်၊ အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ အဖွဲ့ဝင်များအဖြစ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးတို့ပါဝင်ပြီး ဦးအောင်ကြည်ခေါင်းဆောင်သည့် အကြံပေးအဖွဲ့ဝင် သုံးဦးနှင့် ဦးအေးလွင်ခေါင်းဆောင်သည့် အထောက်အကူပြုအဖွဲ့ဝင် ခုနစ်ဦးတို့လည်း ပါဝင်ဖွဲ့စည်းထားပါသည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် (Nationwide Ceasefire Agreement-NCA) ကိုအခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လစတုတ္ထပတ်နောက်ဆုံးထား၍ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးကော်မရှင်က ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၃ ရက် နေ့စွဲဖြင့် ကြေညာချက်အမှတ်(၁/၂၀၁၆) ကိုထုတ်ပြန်ခဲ့ရာ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

“၁။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကချင်ပြည်နယ်၊ မိုင်ဂျာယန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ရန်ရှိကြောင်း သိရှိရပါသည်။

၂။ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မိုင်ဂျာယန်သို့သွားရောက်ရေးအစီအစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနထံတင်ပြ၍ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မကြာမီကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးကိုမျှော်ရည်၍ ငြိမ်းချမ်းရေးကော်မရှင်သည် အကြိုပြင်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၌(Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက်လည်း ဖိတ်ကြားထားပြီးဖြစ်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA တွင် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်နေသေးသည့် အချက်များကိုလည်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ မိုင်ဂျာယန်မျက်နှာစုံညီအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးလုပ်ငန်းများတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်တိုးပါဝင်နိုင်ရေးကို အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ပြီး NCA ကို အခြေခံ၍ ပေါ်ပေါက်လာသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး စုံညီစွာတက်ရောက်နိုင်စေမည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။” **(သတင်းစဉ်)**

# ဂျာမနီနိုင်ငံမြူးနစ်မြို့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ အနည်းဆုံး လူကိုးဦးသေဆုံး

**မြူးနစ် ဇူလိုင် ၂၃**
ဂျာမနီနိုင်ငံတောင်ပိုင်း မြူးနစ်မြို့တွင် အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါအကြမ်းဖက်သမားသည် ဂျာမန်-အီရန် လူမျိုးဖြစ်ကြောင်းနှင့် ယင်းသို့ သေနတ်ပစ်ခတ်ပြီးနောက် အခင်းဖြစ်ပွားရာနေရာတွင် သူ့ကိုယ်သူ သေနတ်ဖြင့်ပစ်ကာ အဆုံးစီရင်သွားခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါ အခင်းဖြစ်ပွားမှုသည် မြူးနစ်မြို့ အနောက်မြောက်ပိုင်းရှိ ဈေးဝယ်စင်တာ တစ်ခုအနီးတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းအကြမ်းဖက်သမားသည် မြူးနစ်ဒေသခံတစ်ဦးဖြစ်ပြီး အလောင်းကို အခင်းဖြစ်ပွားရာနေရာတွင် တွေ့ရှိခဲ့ရကြောင်း ဒေသန္တရ အာဏာပိုင်များက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။အကြမ်းဖက်သမားနှင့် ပတ်သက်သည့် နောက်ကြောင်းရာဇဝင်များကို ရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အခင်းဖြစ်ပွားမှုတွင် အကြမ်းဖက်သမားတစ်ဦးတည်းသာ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အခြားအပေါင်းအဖော်များ ပါဝင်ခဲ့ခြင်းမရှိကြောင်း ရဲအရာရှိများကဆိုသည်။ အကြမ်းဖက်သမားနှင့် အိုင်အက်စ် စစ်သွေးကြွအဖွဲ့တို့ ပတ်သတ်မှု ရှိ၊ မရှိ ဆိုသည်ကိုမူ ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားပြီးနောက် ယာယီပိတ်ဆို့ထားသည့် ပို့ဆောင်ရေး ဝန်ဆောင်မှုများကို ပြန်လည်သွားလာခွင့်ပေးခဲ့ပြီးဖြစ်သည်။

ယခုဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုသည် ဂျာမနီနိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဒုတိယမြောက် တိုက်ခိုက်မှုဖြစ်သည်။ လွန်ခဲ့သော ငါးရက်ခန့်က ဝူးယားဘတ်ဂ်မြို့အနီး ရထားတစ်စင်းပေါ်တွင် အသက် ၁၇ နှစ်အရွယ် အာဖဂန်စစ်ဘေးရှောင် ဒုက္ခသည်တစ်ဦးက ပုဆိန်တစ်လက်ဖြင့် လိုက်လံခုတ်ခဲ့ရာ လူငါးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ယင်း အကြမ်းဖက်သမားကို ရဲအရာရှိများက အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။



**အင်န်အိတ်ချ်ကေ။**



# တရုတ်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် လူ ၈၇ ဦးကျော်သေဆုံး၊ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

**ပေကျင်း ဇူလိုင် ၂၃**
တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံးလူ ၈၇ ဦးသေဆုံးကာ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဟယ်ပေစီရင်စုမြောက်ပိုင်းတွင် ၇၂ ဦးသေဆုံးခဲ့ပြီး ၇၈ ဦးပျောက်ဆုံးခဲ့ကြောင်း ပြည်သူ့ရေးရာဌာန၏ထုတ်ပြန်ချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနကသတင်းထုန်ပြန်ခဲ့သည်။ အိမ်ပေါင်း ၅၀၀၀၀ နီးပါးရေကြီးရေလျှံမှုများကြောင့် ပြိုကျပျက်စီးခဲ့ရသည်။

ဟယ်နန်စီရင်စုအလယ်ပိုင်းတွင် မိုးကြိုးပစ်ချမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လူ ၁၅ ဦးသေဆုံးခဲ့ပြီး ရှစ်ဦးပျောက်ဆုံးလျက်ရှိသည်။ အိမ်ပေါင်း ၁၈၀၀၀ ခန့်ပြိုကျ ပျက်စီးကာ လူပေါင်း ၇၂၀၀၀ ခန့်ဘေးလွတ်ရာသို့ နေရပ်စွန့်ခွာသွားခဲ့ရသည်။

ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၈ ဒသမ ၆ သန်းခန့် ရေကြီးမှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း ဒေသန္တရအစိုးရများကဆိုသည်။

ပြီးခဲ့သည့်နွေရာသီက တရုတ်နိုင်ငံ၏ နေရာအများအပြားကို ရေလွှမ်းမိုးခဲ့ပြီး လူပေါင်း ၂၀၀ ထက်မနည်းသေဆုံးခဲ့ရသည်။

ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ကောက်ပဲသီးနှံစိုက်ခင်း ၁ ဒသမ ၅ မီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုဆုံးရှုံးမှုပမာဏသည် အမေရိကန် ဒေါ်လာ ၃ ဘီလီယံကျော်ရှိကြောင်း သိရသည်။

နိုင်ငံတော်ဗဟိုဘဏ်က ယင်းရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသည့် နေရာဒေသများကို ငွေကြေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ။**

# အမေရိကန်နှင့် သီရိလင်္ကာရေတပ်တို့ ပင်လယ်ရေကြောင်း လုံခြုံရေး ပူးပေါင်းလုပ်ဆောင်မည်

**ကိုလံဘို ဇူလိုင် ၂၃**
ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် သီရိလင်္ကာရေတပ်နှင့် ပူးပေါင်းလုပ်ဆောင်မည်ဟု အမေရိကန်နိုင်ငံက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

အမေရိကန်ရေတပ်မှ စစ်ရေယာဉ် ယူအက်စ်အက်စ် နယူးအော်လန်းနှင့် အမှတ်-၁၃ ပင်လယ်ရပ်ခြား ရေကြောင်းစစ်ဆင်ရေးတပ်စုသည် ဇူလိုင် ၂၄ ရက်တွင် သီရိလင်္ကာနိုင်ငံဆိပ်ကမ်းသို့ ဆိုက်ရောက်လာမည်ဟု ကိုလံဘိုမြို့၏ အမေရိကန်သံရုံးက ပြောကြားသည်။

ယူအက်စ်အက်စ် နယူးအော်လန်းနှင့် ရေယာဉ်စုသည် အမေရိကန်နှင့် သီရိလင်္ကာရေတပ်ဖွဲ့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် အမေရိကန်ထောက်ပံ့မှုဖြင့် သီရိလင်္ကာရေတပ်ဖွဲ့အား လူသားချင်းကူညီစာနာမှု လုပ်ငန်းနှင့် သဘာဝဘေးဒုက္ခဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်သည်။

တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ နီးပါးမျှပါဝင်သော သီရိလင်္ကာရေတပ်ဖွဲ့ဝင်များသည် နှစ်ရက်ကြာပြုလုပ်မည့် လူသားချင်းစာနာကူညီရေးဆိုင်ရာနှင့် သဘာဝဘေးဒုက္ခကျရောက်မှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်း လေ့ကျင့်ဆောင်ရွက်မှုတွင် ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သည်။ ၎င်းတို့နှင့်အတူ အမေရိကန်ရေတပ်နှင့် အမေရိကန်ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (ယူအက်စ်အေအိုင်ဒီ)မှ ကျွမ်းကျင်သူများက ပူးပေါင်းပါဝင်ကြမည်ဖြစ်သည်။

ယူအက်စ်အက်စ် နယူးအော်လန်းစစ်ရေယာဉ်သည် အမေရိကန်ပစိဖိတ်ရေတပ်စစ်ဌာနချုပ် ဧရိယာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသတို့တွင် ခုနစ်လကြာ ဖြန့်ကြက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ဆင်ဟွာ။**

# အိန္ဒိယစစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ် ဘင်္ဂလားပင်လယ်အော်တွင် ပျောက်ဆုံးနေ

**နယူးဒေလီ ဇူလိုင် ၂၃**
ဘင်္ဂလားပင်လယ်အော်အတွင်းရှိ အစွန်အဖျားကျသောကျွန်းစုတန်းများဆီသို့ တပ်ဖွဲ့ဝင်နှင့် လေယာဉ်အဖွဲ့သား ၂၉ ဦးအား တင်ဆောင်ပျံသန်းသွားသည့် အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ဇူလိုင် ၂၂ ရက်တွင် ပျောက်ဆုံးသွားကြောင်း အိန္ဒိယစစ်ဘက်က ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံလုပ် အေအန်-၃၂ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း ချန်နိုင်းမြို့မှ အန်ဒမန်နှင့် ပို့ဘလဲယားသို့ ပျံသန်းသွားစဉ် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းဖြစ်သည်။

အဆိုပါလေယာဉ်တွင် လေယာဉ်အဖွဲ့သားခြောက်ဦးလည်း ပါဝင်သည်။ လေယာဉ်ပေါ်တွင် အိန္ဒိယတပ်ဖွဲ့ဝင်များလိုက်ပါသွားပြီး ၎င်းတို့သည် မလက္ကာရေလက်ကြားအနီးရှိ မဟာဗျူဟာကျသော အိန္ဒိယစစ်ဘက်အခြေစိုက်စခန်း၌ တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြောင်း၊ ပျောက်ဆုံးသွားသော သယ်ယူပို့ဆောင်ရေးလေယာဉ်အား ရှာဖွေရန် ကင်းထောက်လေယာဉ်များနှင့် ရေယာဉ်များကို စေလွှတ်ထားကြောင်း အိန္ဒိယရေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ရိုက်တာ။**



# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**ရန်ကုန် ဇူလိုင် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ ဖြစ်မြောက်ရေးကော်မတီနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဖြစ်မြောက်ရေးကော်မတီတို့မှ ကော်မတီဝင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဧည့်ခန်းမ၌တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးသည်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံခန်းမ၌ နိုင်ငံရေးစာပေအသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ကြသည့် ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)က နဂါးနီ၏ နိုင်ငံရေးစာပေ၊ ဒေါက်တာကျော်ဝင်း (ပါမောက္ခ-ငြိမ်း)က ၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့်ပြဿနာများ၊ ဦးဇော်သက်ထွေးက အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေစာအုပ်များ၊ ဦးအောင်ရှင် (မုံရွာအောင်ရှင်)က ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ၊ ဦးမြင့်ဆွေ (မြင့်ဆွေဦး)က နိုင်ငံရေးစာပေအစ နဂါးနီက၊ ဦးကျော်မင်းယု(ဂျင်မီ)က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင်နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေ၊ ဦးသန်းဌေး (သင့်နော်)က လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေး စာပေအင်အားစုသို့ ချဉ်းကပ်ခြင်း၊ ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-လူထု)က ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ၊ ဦးအေးမောင်(အေးမောင်ကျော်)က လစ်ဘရယ်ဒီမိုကရေစီ ကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း၊ ဦးမိုးမြင့်ဝင်း(မိုးမြင့်ဝင်း-နည်းပညာ)က ဖဆပလဝန်ကြီးချုပ်သခင်နု ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်၊ ဦးကျော်ဇံလှ (ညီစေမင်း)က နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသား လက်နက်ကိုင်လှုပ်ရှားမှုများ၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)က နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)၊ ဦးသန်းအုန်း(မောင်ဇေယျာ)က မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိ စာပေ(၁၉၃၇-၁၉၈၇)၊ ဦးရဲနိုင်အောင် (ကိုဝ)က နိုင်ငံရေးဘောဂဗေဒ စာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု၊ ဦးမော်လင်း(မော်လင်း)က မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ၊ ဦးဇော်လင်း(လင်းအေး)က မြန်မာနိုင်ငံ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ(၁၉၀၀-၁၉၄၀)နှင့် ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က ခေတ်ပြိုင်နိုင်ငံတကာနိုင်ငံရေးအတွေးအခေါ်များစသည့် စာတမ်း ၁၈ စောင်တို့ကို သုံးရက်တိုင်တိုင် ဖတ်ကြားဟောပြော ဆွေးနွေးကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့်ဖြန့်ချိသူများအသင်းက ဗဟိုပုံနှိပ်စက်ရုံဝင်းအတွင်း၌ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကိုပါ တစ်ဆက်တည်း ကျင်းပမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၇၀ ခန့်က နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုတရသ၊ နိုင်ငံရေးစာပေများ အပါအဝင် ဘာသာရပ်ဆိုင်ရာ စာအုပ်အဟောင်းများနှင့်အသစ်များကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်သို့ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ကြေးမရှိ လာရောက်လေ့လာနိုင်ပြီး စာအုပ်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဉမ္မာသန့်**
**ဓာတ်ပုံ - ရဲထွန်း**

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံခရီးစဉ်ကွန်ဖရင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**

အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်အတွက် လေးနိုင်ငံ ခရီးစဉ်ဒေသတစ်ခု (Four Countries- One Destination) ကွန်ဖရင့်ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ HAGLComplex ရှိ Melia Hotel, အင်းယားခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်မှ သိရသည်။




ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ပူးပေါင်းပါဝင်မှု၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV)၊ Hoang Anh GiaLia (HAGL) Corporation၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု (Four Countries- One Destination) ကွန်ဖရင့်ကို လေးနိုင်ငံခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းဆောင်ရွက်ခြင်း (Connecting Tourism and Expanding Cooperation in Banking Sector)- ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ရှိ Melia Hotel, HAGL Complex တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာဆီယံဒေသတွင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ခရီးသွားကဏ္ဍ တိုးတက်ရန် အလားအလာကောင်းများရှိနေသည့် လေးနိုင်ငံခရီးသွားကဏ္ဍ ခရီးစဉ်တစ်ခုတည်းဖြစ်ပေါ်လာစေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ ဘဏ်လုပ်ငန်းများတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါကွန်ဖရင့်အား ကျင်းပသွားမည်ဟု သိရသည်။

မြန်မာအပါအဝင် အဆိုပါ လေးနိုင်ငံအပြင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော ထိုင်းနိုင်ငံ ပါဝင်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း CLMVT ငါးနိုင်ငံကုန်သွယ်ရေး၊ ငွေကြေးရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလာမှုကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရန် ပထမအကြိမ် ဖိုရမ်ကိုလည်း ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ အဆိုပါ ဖိုရမ်တွင် ငါးနိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး ငါးနိုင်ငံ တစ်ခုတည်းသောဗီဇာရရှိရေးနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလာမှုများ လွယ်ကူချောမွေ့စေရေးများကိုမူ ကနဦးဆွေးနွေးတင်ပြခဲ့ကြောင်း၊ အဆိုပါဖိုရမ်အပြီးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများအပြင် နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပသွားမည့် ကွန်ဖရင့်တွင် လေးနိုင်ငံခရီးစဉ်ဒေသတစ်ခုနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ တစ်နိုင်ငံ၏ ဗီဇာရရှိသည်နှင့် ကျန်နိုင်ငံများကို သွားရောက်နိုင်မည့်စနစ် ကျင့်သုံးနိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**(၀၀၁)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ထမ်းများ တွေ့ဆုံ

**မန္တလေး ဇူလိုင် ၂၃**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍ သုံးရပ်ရှိသည့်အနက် စာရင်းစစ်ချုပ်ရုံးများအနေဖြင့် အုပ်ချုပ်ရေးကဏ္ဍမှာ စွမ်းရည်ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ကြရာတွင် မိမိတွင်ရှိသည့် ဝန်ထမ်းအင်အားဖြင့် ပီပီပြင်ပြင်နှင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ကြရန်နှင့် ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ ကျန်းမာရေးကောင်းမွန်ရန် အဓိကအရေးကြီးပါကြောင်း၊ ၎င်းအပြင် မိမိပတ်ဝန်းကျင်ကိုလည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်၊ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများရှိအောင် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှုများ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်တွင် ပထမလုပ်ငန်းစဉ်ဖြစ်သည့် စာရင်းနှင့် စာရင်းစစ်ပြပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိကကဏ္ဍ စာရင်းစံများလိုက်နာကျင့်သုံးမှု အခြေအနေစိစစ်မှု၊ နိုင်ငံပိုင်ကဏ္ဍ အစိုးရစာရင်းထားနည်းကို ငွေသားအခြေခံပုံစံမှ စေ့ရောက်မှုအခြေခံပုံစံသို့ ပြောင်းလဲဆောင်ရွက်မည့်အပိုင်းနှင့် ပုံမှန်စစ်ဆေးရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်းမှ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသို့ ဦးတည်ပြောင်းလဲဆောင်ရွက်ရန် ဆောင်ရွက်မှုတို့အား ဆွေးနွေးပြောကြားပြီး လုပ်ငန်းများဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်အေးဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် စာရင်းစစ်အရာရှိများ တက်ရောက် ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ်အတွက် အမှတ်တရပစ္စည်းများ ငှားရမ်းလှူဒါန်းရန်နှင့် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံတော်အတွက် အကျိုးရှိမည့် လူငယ်များ၏ပညာရေး၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး အထောက်အကူဖြစ်စေမည့် ကင်းထောက်ဖွဲ့စည်းဆောင်ရွက်မှုများ ကြိုးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံတွင် ၁၉၁၆ ခုနှစ်မှစ၍ ကင်းထောက်အဖွဲ့များလှုပ်ရှားဆောင်ရွက်ခဲ့သည်ဖြစ်ရာ ယခု ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့သည် နှစ် (၁၀၀) ပြည့်မြောက်ပြီဖြစ်ကာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျရောက်မည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ နှစ် ၁၀၀ ပြည့်ကာလ၌ ရာပြည့်အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အထိမ်းအမှတ်ဆောင်ရွက်မည့် အစီအစဉ်များတွင် ပြပွဲခင်းကျင်းပြသမှုလုပ်ငန်းများ ပါဝင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ကင်းထောက်ဆိုင်ရာ အမှတ်တရပစ္စည်း၊ အသုံးအဆောင်ပစ္စည်း၊ ဓာတ်ပုံ၊ စာအုပ်စာတမ်းအစရှိသည်တို့ကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံး အမှတ် (၂၄၀-စီ) အထက်ပုဇွန်တောင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်၍ ငှားရမ်းပါရန်(သို့မဟုတ်) လှူဒါန်းနိုင်သည်။

အလားတူ မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ကိုလည်း အကြောင်းအရာကဏ္ဍ ပြည့်ပြည့်စုံစုံဖြင့် ပုံနှိပ်ထုတ်ဝေရန်ရှိသဖြင့် ဩဂုတ် ၁၅ ရက် နောက်ဆုံးထားပြီး ကင်းထောက်သမိုင်းဆိုင်ရာ ဓာတ်ပုံ၊ သတင်းမှတ်တမ်း၊ အမျိုးသား၊ အမျိုးသမီးကင်းထောက်လှုပ်ရှားမှု အစရှိသည်များနှင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုစာမူများရေးသားပြုစုလျက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး အမှတ် (၂၄၀-စီ) အထက်ပုဇွန်တောင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ကောင်းသန့်စာပေတိုက် အမှတ် (၂၀၉) ပထမထပ် ၃၈လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၃၄၂၃၊ စာတည်းအဖွဲ့ ပညာတန်ဆောင်မဂ္ဂဇင်း အမှတ် (၃) ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၇၃၈ တို့သို့ ပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ နှိုးဆော်ထားသည်။ **ကိုလတ်(သတင်းစဉ်)**

# တစ်မျိုးသားလုံး "အ" သွားတော့မှာလား

**မိမိအောင်**

မိုးသည်းစွာရွာနေသည့် ဇူလိုင်လအတွင်းက တနင်္ဂနွေနေ့ နံနက်ခင်းတစ်ခု။

လူခေါ်ခေါင်းလောင်းသံ ရုတ်တရက်မြည်လာ၍ အိမ်ရှေ့တံခါးကို အသာဟကြည့်မိသည်။ မိုးရေစက်လက်ကျနေသည့် ထီးတစ်ချောင်းကိုဆောင်းလျက် အိမ်တွင်းသို့ ဝင်ရောက်ဟန်ပြင်နေသည့် တူတော်မောင်ကို တွေ့ရသည်။

"ဟော့ ဇော်ဇော် စောစောစီးစီးပါလား၊ အကြောင်းထူးရှိလို့လား"။

ကျွန်မ၏အမေးကို သူက ရယ်ကျဲကျဲပြုကာ ခေါင်းခါ ဖြေကြားလိုက်သည်။

အိမ်တွင်းရောက်မှ လာရင်းကိစ္စကို ပြော၏။ သူလုပ်ငန်းလေးတစ်ခုထူထောင်ထားကြောင်း၊ ကွန်ပျူတာဂရပ်ဖစ်လုပ်ငန်းဖြစ်ကြောင်းနှင့် ၎င်းလုပ်ငန်းလေးကို နာမည်ပေးလိုကြောင်း၊ မြန်မာဆန်ဆန်နှင့် သမိုင်းကြောင်းရှိသော အထိမ်းအမှတ်ဖြစ်လိုကြောင်း၊ အထူးထင်ရှားသည့် ရတနာပုံ၊ အင်းဝ၊ ဟံသာဝတီတို့လို အမည်များမှာ အခြားလုပ်ငန်းများက သုံးစွဲပြီးဖြစ်၍ ရှာဖွေရခက်ခဲနေကြောင်း၊ ဒေါ်လေးက ကူညီစဉ်းစားပေးစေလိုကြောင်း ပြောပါသည်။

ကျွန်မလည်း ရုတ်တရက် စဉ်းစားမရ။ သို့သော် စိတ်ထဲ၌ ဖျတ်ခနဲပေါ်လာသော အတွေးကြောင့် -

"ဟဲ့- နောင်ရိုးဆိုရင်ကော၊ သိပ်အဓိပ္ပာယ်ရှိတာဟဲ့၊ ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီး ဦးဆောင်ပြီး အသက်စွန့်တိုက်ခိုက်ကာ အောင်ပွဲရခဲ့တဲ့ တိုက်ပွဲတစ်ပွဲပဲ။ ခိုင်မာပြင်းထန်တဲ့ ယုံကြည်ချက်ကို မမှိတ်မသုန်အကောင်အထည်ဖော်အောင်မြင်ခဲ့တာ။ မင်းလုပ်ငန်းနဲ့ အံကိုက်ပဲ။ မင်းလည်းကိုယ့်ယုံကြည်ချက်ကို အောင်မြင်အောင် မဖြစ်မနေကြိုးစားရမှာပေါ့"။

"အို-ဒေါ်လေးကလည်း နောင်ရိုးအမည်ကို တခြားလူတွေ သုံးပြီးပြီဗျ"။

ကျွန်မ စဉ်းစားရ အနည်းငယ်ကျပ်သွားမိသည်။ မြန်မာ့သမိုင်းထဲမှ မြန်မာမှန်းသိစေသည့် အမည်လှလှလေးတွေ ဆက်တိုက်စဉ်းစားနေမိသည်။ ရန်ကြီးအောင်၊ ကုန်းဘောင်၊ ပင်းယ၊ ရတနာသိင်္ခ၊ အမရပူရ၊ ဇေယျပူရ စဉ်းစားမိသမျှ သူ့ကိုပြောတော့ နှစ်သက်ပုံမရ၊ အချို့ကို နှစ်သက်သော်လည်း လူသုံးများပြီးသားလည်းပါသည်ဟု ဆိုသည်။

ကြံရာမရ ဖြစ်သွားပုံရသည့်သူ့ကို နောက်ဆုံးစဉ်းစားမိသည့် အမည်တစ်ခု ထုတ်ပြောဖြစ်သည်။

"ရန္တပို ဆိုရင်ရော"

သူကောင်းသား ခေါင်းဆတ်ခနဲ ဖြစ်သွားသည်။

"ရန္တပိုဆိုတာဘာလဲ၊ ဒေါ်လေး နာမည်လေးက အဆန်းပဲ၊ ကျွန်တော်ကြိုက်တယ်"။

ကျွန်မသဘောကျစွာ ပြုံးမိသည်။

"ရန္တပိုဆိုတာ ရွာလေးတစ်ရွာရဲ့ အမည်ပေါ့ကွယ်။ ဒါပေမယ့် သမိုင်းဝင်အဖြစ်အပျက်ကြီးတစ်ခုရဲ့ အထိမ်းအမှတ် အမည်ပေါ့။ ဒါနဲ့ မင်းဘယ်ဘာသာတွဲနဲ့ ကျောင်းပြီးတာလဲ"။

"ပထဝီဝင်အဓိကနဲ့ပါ"။

"အထက်တန်းကျောင်းသားဘဝတုန်းက သမိုင်းဘာသာမသင်ခဲ့ဖူးဘူးလား"။

"သင်တော့သင်ခဲ့ရပါတယ်။ တချို့တွေမေ့ကုန်ပြီ"။

"မင်းရဲ့သမိုင်းသင်ခန်းစာထဲမှာ ရန္တပိုစာချုပ်ဆိုတာကော မသင်ခဲ့၊ မဖတ်ခဲ့ရဘူးလား"။

"အခုဒေါ်လေးပြောမှ ခပ်ရေးရေး ပြန်ပေါ်လာတယ်။ ကျွန်တော်တို့ စစ်ရှုံးလို့ ချုပ်ခဲ့ရတဲ့ စာချုပ်မဟုတ်လား"။

"ဟုတ်တယ်ကွဲ့၊ ကုန်းဘောင်ခေတ်ဦးမှာဖြစ်ခဲ့တဲ့ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ တို့တွေ စစ်ရှုံးခဲ့လို့ စက်မှုထွန်းကားတဲ့ အနောက်နိုင်ငံကြီးတစ်ခုရဲ့အလိုကျ တစ်ဖက်သတ်အရှုံးပေး လက်မှတ်ရေးထိုးခဲ့ရတဲ့ စစ်ရပ်စဲရေးစာချုပ်ပါ။ နှစ်ဖက်တာဝန်ရှိသူတွေ အဲဒီရန္တပိုဆိုတဲ့ ဧရာဝတီမြစ်ကမ်းတစ်နေရာက ရွာလေးမှာ လက်မှတ်ရေးထိုးခဲ့ကြလို့ ရန္တပိုစာချုပ်လို့ခေါ်တယ်"။

"ဒေါ်လေးက သိပ္ပံဘာသာနဲ့ဘွဲ့ရပြီး ဒါတွေဘာလို့ သိတာလဲ"။

"သမိုင်းဘာသာရပ်ကြောင့်လေ ဇော်ဇော်ရဲ့၊ တက္ကသိုလ်ရောက်မှ သိပ္ပံတွဲယူဖြစ်သွားတာ၊ အဲဒီတုန်းက ပညာရေးစနစ်အရ ဒေါ်လေးတို့ အထက်တန်းအဆင့်မှာ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်တွေ သင်ခဲ့ရတာကိုး၊ ဒါကြောင့် သမိုင်းအချက်အလက်တွေ သိနေတာပေါ့။ သမိုင်းဘာသာရပ်ကို အဓိကဘာသာတွဲအနေနဲ့ သီးသန့်မသင်ကြားခဲ့ရပေမယ့် မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံသမိုင်းကြောင်းကို အတိုင်းအတာတစ်ရပ်အထိ ခြုံငုံသိမှတ်ခွင့်ရခဲ့တယ်"။

"ဘာပဲပြောပြော ရန္တပိုဆိုတဲ့နာမည်လေးကို ကျွန်တော် ကြိုက်တယ်၊ သုံးတဲ့သူလည်း သိပ်မရှိသေးဘူး"။

"အေး မင်းက လုပ်ငန်းနာမည်တပ်ချင်လို့ ဒီနာမည် သုံးပေမယ့် ဒေါ်လေးက သိပ်မကြိုက်ဘူး။ မကြိုက်ပေမယ့်လည်း သမိုင်းမှာ အခိုင်အမာရှိတဲ့၊ လက်ရှိလည်းရှိနေတဲ့ ဒီရွာလေးအမည်နဲ့စာချုပ်က တို့ကို သမိုင်းသင်ခန်းစာ ပေးနေတယ်။ အင်အားနည်းရင်၊ စက်မှုသိပ္ပံမထွန်းကားရင်၊ စုစည်းညီညွတ်မှုမရှိရင် ဗိုလ်ကျအနိုင်ကျင့်တတ်တဲ့ တိုင်းတစ်ပါးအလိုကျ တစ်ဖက်သတ်စာချုပ်တွေ အချုပ်ခံရပြီး အမျိုးသားရေးအကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးကာ အချုပ်အခြာအာဏာပါ ဆုံးရှုံးရတတ်တယ်။ အဲဒီသင်ခန်းစာကို ထုတ်ယူသုံးသပ်နိုင်အောင် ကြိုးစားရမယ်။ ဒီတော့ မင်းဒီနာမည်ကို ကြိုက်ရင်သုံးပါ။ မင်းလုပ်ငန်းမှာ လိုအပ်တဲ့ ခေတ်မီနည်းပညာတွေဖြည့်ဆည်းပါ။ အင်အားကြီးအောင်တည်ဆောက်ပါ။ လုပ်ငန်းမှာ ပါဝင်လာမယ့် လက်တွဲဖော်တွေနဲ့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပါ။ ဒါဆိုရင် မင်းလုပ်ငန်းအောင်မြင်တိုးတက်မှာပါ"။

ကျွန်မပြောစကားကို အပြည့်အဝ နားလည်ပုံမရသော်လည်း လုပ်ငန်းနာမည်အသစ်ရ၍ ကြည်သာရွှင်ပျဖြစ်ကာ "ရန္တပို၊ ရန္တပို"ဟု တဖွဖွရွတ်ဆိုရင်း အိမ်အတွင်းမှ လှမ်းထွက်သွားသည့် တူတော်မောင်ကိုကြည့်ကာ တစ်စုံတစ်ရာကို အမှတ်ရမိသည်။

ကွယ်လွန်သွားသည့် သမိုင်းပါမောက္ခကြီး ဒေါက်တာသန်းထွန်းအား စာရေးဆရာကြီး မောင်သာရ မေးခဲ့သည့် မေးခွန်းတစ်ခုကို ဖြစ်၏။

ဆရာမောင်သာရက သမိုင်းကို ဘာကြောင့်သင်ရတာလဲဆိုတာ အတိုဆုံးဖြေကြားပေးပါတဲ့။

ဆရာကြီး ဒေါက်တာသန်းထွန်းကလည်း အတိုဆုံးနှင့် အရှင်းဆုံးဖြေပါသည်။ "မအအောင်လို့တဲ့"။

ဟိုတလောက သတင်းအချို့တွင် ဖတ်ခဲ့ရသော သတင်းတစ်ပုဒ်အရ ရန်ကုန်တက္ကသိုလ်တွင် သမိုင်းဘာသာရပ်တက်ရောက်သင်ကြားရန် စာရင်းသွင်းသူ ကျောင်းသားမရှိတဲ့။ ဤသတင်းသာ အတိအကျမှန်ကန်ရင်တော့ နောင်လာမည့် နှစ်သုံးဆယ်လောက်တွင် တစ်မျိုးသားလုံး "အ" သွားတော့မှာလား။ ဘုရား. . . ဘုရား။ ။

> "အေး မင်းက လုပ်ငန်းနာမည်တပ်ချင်လို့ ဒီနာမည် သုံးပေမယ့် ဒေါ်လေးက သိပ်မကြိုက်ဘူး။ မကြိုက်ပေမယ့်လည်း သမိုင်းမှာ အခိုင်အမာရှိတဲ့၊ လက်ရှိလည်းရှိနေတဲ့ ဒီရွာလေး အမည်နဲ့စာချုပ်က တို့ကို သမိုင်းသင်ခန်းစာပေးနေတယ်၊ အင်အားနည်းရင်၊ စက်မှုသိပ္ပံ မထွန်းကားရင်၊ စုစည်းညီညွတ်မှုမရှိရင် ဗိုလ်ကျအနိုင်ကျင့်တတ်တဲ့ တိုင်းတစ်ပါးအလိုကျ တစ်ဖက်သတ်စာချုပ်တွေ အချုပ်ခံရပြီး အမျိုးသားရေးအကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးကာ အချုပ်အခြာအာဏာပါ ဆုံးရှုံးရတတ်တယ်။ အဲဒီသင်ခန်းစာကို ထုတ်ယူသုံးသပ်နိုင်အောင် ကြိုးစားရမယ် . . ."

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်) ၄/၂၀၁၆ သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၃**

အိမ်တွင်းမှု ပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး ဘဝရပ်တည်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)၏ ၄/၂၀၁၆ သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အဆိုပါကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က သင်တန်းသား သင်တန်းသူများအား ယနေ့သင်ကြားပေးလိုက်သည့် ပညာရပ်များသည် လက်တွေ့နယ်ပယ်တွင် နေ့စဉ်နှင့် အမြဲအသုံးချနေရသည့် ပညာရပ်များဖြစ်၍ ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ သင်ယူထားသည့် ပညာရပ်များကို မမေ့ပျောက်စေရန် လေ့ကျင့်ရင်း ကုန်ထုတ်၊ ကုန်ထုတ်ရင်း လေ့ကျင့် ဆိုသလို အစဉ်အမြဲ ကြိုးစားကြစေလိုကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံ၊ အဆင့်မြင့်သင်တန်းများ တက်ရောက်ပြီးပါက မိမိစိတ်ကြိုက် ပုံဆန်းများကိုချုပ်နိုင်ပြီး ဆိုင်ဖွင့်လိုသူများ၊ အပ်ထည်ချုပ်လိုသူများ၊ စီးပွားဖြစ်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းများသို့ ဆက်လက်တက်ရောက်ကြစေလိုကြောင်း၊ ခေတ်နှင့်လိုက်လျောညီထွေ နေထိုင်တတ်စေပြီး မိမိတို့ရိုးရာဓလေ့ကို ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုမျိုးကို ထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ရန်ကုန် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက "ဒီသင်တန်းမှာလာတက်တဲ့ သင်တန်းသားစာရင်းကို ကောက်လိုက်ရင် 



မိန်းမဝတ်စက်ချုပ်သင်တာများတယ်။ လက်မနဲ့ သင်တဲ့သင်တန်းရော၊ စင်တီမီတာနဲ့ သင်တဲ့သင်တန်းရော အရင်ကထက် စိတ်ဝင်စားမှုများလာတာ တွေ့ရတယ်။ စနေ၊ တနင်္ဂနွေမှာဆို ရုံးဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ ပါတက်ကြတယ်။ သင်တန်းကြေးကလည်း အပြင်ကထက်တော့ သက်သာတဲ့အတွက် သင်တန်းသားတွေက တစ်နေ့တခြား ပိုများလာပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းကျောင်းမှ သက်မွေးမှုပညာရပ်ဆိုင်ရာ အချက်အပြုတ်၊ အချုပ်အလုပ်၊ ဇာထိုး ပန်းထိုး၊ ပန်း၊ သစ်သီးအလှပြင်စသည်တို့ကို သင်တန်းဆရာမ ၁၇ ဦး၊ အရန်ဆရာမ သုံးဦး စုစုပေါင်း ၂၀ ဖြင့် သင်ကြားပေးလျက်ရှိပြီး သင်တန်းအမျိုးအစားအားဖြင့် ၂၂ မျိုး သင်ကြားပေးနေကြောင်း သိရသည်။

သက်မွေးပညာ သင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့ထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အပတ်စဉ်တစ်ခုအတွက် ၆ ပတ်ကြာမြင့်ကြောင်း၊ ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းအပတ်စဉ် ၄/၂၀၁၆ သို့ သင်တန်းသား၊ သင်တန်းသူ ၉၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ- ဖြိုး**

## ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရေး ပုံပြောပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဇူလိုင် ၂၃**

ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အခြေခံပညာကျောင်းသား ကျောင်းသူကလေးငယ်များ ပြင်ပဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေပြီး စာဖတ်သည့်အလေ့အထများ၊ စူးစမ်းလေ့လာမှတ်သားလိုစိတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁ ဦးက သရဲလေးကောင်၊ ကူညီတတ်သောမိတ်ဆွေ၊ ကျေးညီနောင်၊ စေတနာကောင်းလျှင် ကံကောင်းမည်၊ ကောက်ကျစ်သော ဝံပုလွေ စသည့် ခေါင်းစဉ်များဖြင့်အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## အရေးပေါ်လူနာများအတွက် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ သွေးလှူဒါန်းပေးလျက်ရှိ

**ရမည်းသင်း ဇူလိုင် ၂၃**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့တို့၌ရှိသော ပြည်သူ့ဆေးရုံကြီးများတွင် သွေးလှူဘဏ်နှင့် သွေးသိုလှောင်ရုံများ မရှိသောကြောင့် သွေးလိုအပ်သည့် အရေးပေါ်လူနာများအတွက် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ အချိန်မရွေး သွေးလှူဒါန်းပေးလျက်ရှိရာ ဇူလိုင် ၂၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ-ရဲမှူးကြီး ကြည်စိုး၏ စီမံမှုဖြင့် ညောင်ကုန်းရဲကင်းစခန်းအပိုင် ညောင်ကုန်းဈေးရပ်ကွက်နေ ကိုဌေးဝင်း အသက်(၃၈)နှစ်မှ အရေးပေါ် သွေးလိုအပ်နေသည့်အတွက် ညောင်ကုန်းရဲကင်းစခန်းမှ ရဲတပ်သားရဲသူရက တောင်ညောင်ကုန်းတိုက်နယ်ဆေးရုံတွင် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၃**

အမှတ်(၁) ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲ(နေပြည်တော်)မှ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော ဆောင်ရွက်မှုအား ယမန်နေ့တွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရွာ အလက(ခွဲ) ၌ ပြုလုပ်သည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအမှား၊ အမှန်သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင် ၃၀၀ ဝေငှခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမြင့်ဆုံးလွင်ပြင်ဒေသ တိဘက်သို့ နှင်ခဲ့တဲ့ခရီး (၃)

## ဆွေညီ

ကိုဒင်ရေ. .

ကျွန်တော်တို့ ဇွန်လ ၂၉ ရက်နေ့က တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့မှာရှိတဲ့ Potala Palace နဲ့ Jokhang Temple ကို သွားလေ့လာခဲ့ကြတယ်။ Potala Palace က ၁၉၉၄ ခုနှစ်မှာ ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းပြတိုက်တစ်ခုအဖြစ် မော်ကွန်းတင်ခံထားရတာပါ။ တိဘက်ဒေသရဲ့ အသည်းနှလုံးလို့လည်း တင်စားကြတယ်။ ပိုတာလာနန်းတော်ကို လာဆာတောင်ကြားဒေသရဲ့ အလယ်ဗဟိုမှာရှိတဲ့ တောင်တန်းနီ (Red Mountain)ပေါ်မှာ တည်ဆောက်ထားတယ်။

ကျွန်တော်တို့အဖွဲ့ အဲဒီနေ့က ဟိုတယ်ကနေ နံနက် ၈ နာရီထွက်လာတယ်။ ၁၅ မိနစ်လောက်နေတော့ ပိုတာလာနန်းတော်အောက်ခြေကို ရောက်တယ်။ ဖြစ်ပုံက ထွက်လာတုန်းက မိုးမရွာပေမယ့် ရောက်တော့မှ မိုးစရွာတယ်။ မိုးရွာနေတော့ ဒီနေ့အတွက် ကျွန်တော်တို့ကို Guide လုပ်မယ့်ပုဂ္ဂိုလ်နဲ့ တာဝန်ရှိသူတွေ ထီးသွားငှားရတာပေါ့။ ပြီးတော့မှ ကျွန်တော်တို့ ထီးတစ်ချောင်းစီနဲ့ နန်းတော်ပေါ်ကိုတက်ဖို့ လုပ်ကြတယ်။

ဂိုက်လုပ်တဲ့လူငယ်လေးကလည်း နာရီတကြည့်ကြည့်နဲ့၊ ခပ်သွက်သွက်လေးသွားဖို့ လောဆော်တယ်။ မိုးရွာတဲ့အထဲကပဲ ပိုတာလာနန်းတော်ကို လာကြတဲ့ သူတွေကအများကြီးဆိုတော့ ကျွန်တော်တို့အဖွဲ့က လမ်းမှာ ဓာတ်ပုံရိုက်ကြ၊ ဟိုကြည့်သည်ငေးလုပ်ကြနဲ့ သူဘယ်လောက် လောလော အေးဆေးပဲ။ ကိုယ့်စည်းချက်နဲ့ ကိုယ်ပဲ။ ကားရပ်တဲ့နေရာနဲ့ ဂိတ်ပေါက်အထိ ၅ မိနစ်ကျော်လောက် လျှောက်ရတဲ့လမ်းမှာ သာမန်ပဲသွားနေကြတာပေါ့။ ဒါပေမယ့် ဂိတ်ရောက်တော့လည်း ကျွန်တော်တို့အဖွဲ့ လူစုံပေမယ့် အတူသွားမယ့်ဧည့်သည်အဖွဲ့ နောက်ကျလို့ တော်တော်ကြာ ထပ်စောင့်နေရသေးတယ်။

ဒီကိုလာဖို့ ကျွန်တော်တို့တစ်ဦးချင်းစီရဲ့ ပတ်စ်ပို့တွေ ပေးပြီး ဝင်ခွင့်လက်မှတ်ကြိုဝယ်ထားရတယ်။ ပြီးတော့ အချိန်ကို ကြိုတင်မှတ်ပုံတင်ထားရတယ်။ (နောက်မှသိတာ) လက်မှတ်ပေါ်မှာ ဘယ်နှနာရီကနေ ဘယ်နှနာရီဆိုတာ ရေးထားတာတွေ့တယ်။ အထဲမှာ လူအုပ်ဖွဲ့မှုမဖြစ်စေဖို့ အချိန်ကန့်သတ်ထားတာဖြစ်တယ်။ အဲဒါကြောင့် ဂိုက်လုပ်တဲ့သူက လောနေတာ။ ကျွန်တော်တို့အဖွဲ့က မသိတော့ မိုးအေးအေးနဲ့ သွေးမပူဘူး ဖြစ်နေခဲ့သေးတာ။ ဒါပေမယ့် အထဲမှာတော့ အရှိန်မြှင့်ပြီး ဂိုက်နောက်က မီအောင် တစုတစည်းတည်း မြန်မြန်လေး၊ သွက်သွက်လေး လိုက်ကြပါတယ်။ အဖွဲ့ရဲ့တာဝန်ခံ ဂွန်နဲ့အန်းနီတို့လည်း တရုတ်လိုတွေ၊ အင်္ဂလိပ်လိုတွေမပြောတော့ဘဲ မြန်မြန်လေး၊ သွက်သွက်လေးဆိုတဲ့ မြန်မာစကားလုံးတွေ လျှင်လျှင်မြန်မြန် ပြောတတ်သွားတယ်။

နန်းတော်ကိုလေ့လာဖို့ ဝင်ကြေးက တစ်ယောက်ကို ယွမ် ၂၀၀ ပေးရတယ်။ (မြန်မာငွေ ၃၅၀၀၀ ကျော်ပေါ့။) တစ်နေ့တစ်နေ့ ထောင်နဲ့ချီတဲ့ဧည့်သည်တွေ လာကြတယ်။

အဝင်ဝဂိတ်ပေါက်မှာ တစ်ဦးချင်းစီက ပတ်စ်ပို့နဲ့ လက်မှတ်ကို ပြရတယ်။ လုံခြုံရေးတာဝန်ရှိတဲ့သူ (တပ်/ရဲမဟုတ်)က ပတ်စ်ပို့နံပါတ်နဲ့ လက်မှတ်မှာပါတဲ့နံပါတ်ကို တစ်ဦးချင်းစီ သေချာတိုက်ဆိုင်စစ်ဆေးပြီးမှ ဝင်ခွင့်ပြုတယ်။ အတွင်းပိုင်းရောက်တဲ့အခါ X- Ray စက်နဲ့ ပါလာတဲ့ပစ္စည်းတွေကို သေချာစစ်ဆေးပြန်တယ်။

ဧည့်လမ်းညွှန်လုပ်တဲ့သူက ကျွန်တော်တို့ကို တစ်ဦးချင်းမကျန်နေစေဖို့ ဓာတ်ပုံရိုက်ဖို့အတွက်လည်း သူအချိန်ပေးမယ်၊ နောက်မှာ ဓာတ်ပုံရိုက်ရင်းပဲ ဖြစ်ဖြစ်၊ ဟိုငေးသည်ငေးပဲဖြစ်ဖြစ် မကျန်စေဖို့ဂိတ်ပေါက်မှာ သေချာမှာတယ်။ လူစုကွဲသွားရင် ဒီလောက်လူတွေအများကြီး၊ နေရာအကျယ်ကြီး၊ မရင်းနှီး၊ မကျွမ်းဝင်တဲ့နေရာဆိုတော့ ရှာရခက်မယ်လေ။ ဒါကြောင့်ပါ။

ကျောက်လှေကားတွေအတိုင်း ၁၅ မိနစ်လောက် တက်လာပြီး တစ်နေရာမှာတော့ ဓာတ်ပုံရိုက်ဖို့၊ ရေအိမ်ဝင်ချင်ဝင်ဖို့ အချိန်ပေးတယ်။ ၁၅ မိနစ်လောက်နေပြီး ဆက်တက်ကြတယ်။ နည်းနည်းမတ်စောက်တဲ့လှေကားတွေအတိုင်း တက်လာရတယ်။ နာရီဝက်လောက်ကြာတော့ ခဏစောင့်ဆိုပြီး လက်မှတ်လဲတဲ့ရုံမှာ အပေါ်ကိုတက်ဖို့ လက်မှတ်တစ်ခါ ထပ်လဲရတယ်။

ကျွန်တော်တို့ တက်လာတဲ့အပိုင်းက အပြင်အပိုင်းပဲ ရှိသေးတာ။ အခုမှ အထဲကို ဝင်ရမှာ။ ဒီအပိုင်းထိ တောက်လျှောက်တက်လာရတော့ နည်းနည်းလေးမတ်စောက်လို့ အန်တီဦးတစ်ယောက် မောနေတာသိသာတယ်။ အသက်ရှူသံပြင်းနေတယ်။ Great Wall တုန်းက လေကောင်းလေသန့်ရတာမို့ တက်တက်ကြွကြွ၊ ပေါ့ပေါ့ပါးပါးနဲ့ ရှေ့က နေဦးဆောင်နိုင်ခဲ့သလောက် ဒီမှာ နည်းနည်း ထိတယ်လို့ ဆိုတယ်။ အောက်ဆီဂျင်ကလည်း အပြည့်အဝ မရတဲ့နေရာမို့ အလေ့အကျင့်မရသေးတော့ အသက်အရွယ်အရ နည်းနည်းဟိုက်သွားပုံပေါ်တယ်။ ကျော်မင်းဦး၊ သန်းနိုင်၊ စန်းမြင့်တို့ လူသွက်သုံးယောက်ကတော့ ပေါ့ပေါ့ပါးပါးပဲ။ ဒီမောင်တွေ သက်လုံတော့ကောင်းတယ်။ ရှားမြာ၊ ကေသီ၊ ကြူကြူ မြမြမိုးနဲ့ ဇော်မင်းအောင်တို့လည်း ဒေါင်ဒေါင်မြည်တဲ့ အထဲမှာပါတယ်။ သွက်သွက်လက်လက်ရှိတယ်။

ကိုဒင်ရေ-

ပိုတာလာနန်းတော်ကို ၁၆၄၅ ခုနှစ် ပဥ္စမမြောက် ဒလိုင်းလားမားလက်ထက်မှာ စတင်တည်ဆောက်ခဲ့ပြီး (၁၃)ဆက်မြောက် ဒလိုင်းလားမားက အခုလက်ရှိအရွယ်အစားအထိ ထပ်မံတိုးချဲ့တည်ဆောက်ခဲ့တယ်လို့ သိရတယ်။ နန်းတော်ရဲ့အကျယ်အဝန်းက အရှေ့အနောက် မီတာ ၄၀၀ နဲ့ တောင်မြောက်မီတာ ၃၅၀ ရှိတယ်။ ဆင်ခြေလျှောကျောက်နံရံကြီးတွေနဲ့ တည်ဆောက်ထားတာမှာ ကျောက်နံရံကြီးတွေက ပျမ်းမျှ ၃ မီတာအထူရှိတယ်။ အောက်ခြေဘက်ဆို ၅ မီတာအထိ ထူတယ်ပြောတယ်။ ငလျင်ဒဏ်ခံနိုင်စေဖို့ အုတ်မြစ်အတွင်းမှာ ကြေးနီတွေ သွန်းလောင်းထားတယ်လို့လည်း သိရတယ်။



ပိုတာလာနန်းတော်တွင် အထပ်ပေါင်း ၁၃ ထပ်ရှိပြီး အခန်းပေါင်း ၁၀၀၀ ကျော် ရှိသည်။

အဆောက်အအုံကြီးက အထပ်ပေါင်း ၁၃ ထပ်အထိ ရှိတယ်။ အခန်းပေါင်း ၁၀၀၀ ကျော်၊ မွေတော်ဓာတ်တော် ဌာပနာတိုက်တွေ၊ ဝတ်ပြုတဲ့ ဘုရားခန်းတွေရှိတယ်။ ရုပ်တုပေါင်း နှစ်သိန်းလောက်ရှိတယ်လို့ သိရတယ်။


အထဲကိုရောက်ပြန်တော့ လဲထားတဲ့ လက်မှတ်တွေ တစ်ဦးချင်း ထပ်ပြရတယ်။ စစ်ဆေးပြန်တယ်။ လုံခြုံရေးက စစ်ဆေးတယ်။ လားမားဘုန်းတော်ကြီး တစ်ပါး၊ နှစ်ပါးက ကြီးကြပ်နေတယ်။

ပိုတာလာနန်းတော်ထဲဝင်ဖို့နဲ့ အထဲမှာကို သုံးလေးကြိမ်လောက် လက်မှတ်ပြ၊ ပတ်စ်ပို့ပြ စစ်ဆေးခံရတယ်။ လုံခြုံရေးကတော့ အထူးတင်းကြပ်တယ်။ အထဲရောက်တော့ နန်းတော်နဲ့ပတ်သက်လို့ ဧည့်လမ်းညွှန်ကလည်း တရစပ်ရှင်းပြပါတယ်။ အထဲမှာ ဓာတ်ပုံရိုက်လို့ မရတော့ဘူး။ နန်းတော်ထဲမှာ တိဘက်ဒေသမှာ အုပ်စိုးခဲ့တဲ့ ပထမမြောက် ဒလိုင်းလားမားကနေ (၁၃) ဆက်မြောက် ဒလိုင်းလားမားအထိရဲ့ ရုပ်ကလာပ်တွေ မြှုပ်နှံထားတယ်လို့ မှတ်သားရတယ်။

နန်းတော်ထဲမှာ ရွှေချထားတဲ့ ထူပါရုံစေတီငါးဆူ ရှိတယ်။ အဓိကထူပါရုံစေတီက ၁၄ ဒသမ ၈၅ မီတာမြင့်ပြီး ပဥ္စမမြောက် ဒလိုင်းလားမားရဲ့ ဆေးရည်စိမ်ရုပ်ကလာပ်ကို ဌာပနာထားတယ်လို့ ဆိုတယ်။ (၁၃)ဆက်မြောက် ဒလိုင်းလားမားရဲ့ အုတ်ဂူကလည်း မဟာအနောက်ဘက် ခန်းမဆောင်ကြီးထဲမှာ ရှိတယ်။

ကိုဒင်တို့၊ ကျွန်တော်တို့သိတဲ့ အိန္ဒိယနိုင်ငံကို ရောက်နေတဲ့ ဒလိုင်းလားမားက (၁၄)ဆက်မြောက် ဒလိုင်းလားမားဘုန်းတော်ကြီး ဖြစ်ပါတယ်။

နန်းတော်ထဲမှာ ဒလိုင်းလားမားဘုန်းတော်ကြီး တစ်ဆက်၊ တစ်ဆက်ရဲ့ သူနဲ့ဆက်စပ်တဲ့ ပစ္စည်းတွေ၊



Jokhang Temple ပေါ်မှ Potala Palace နှင့် ပတ်ဝန်းကျင်သို့ ထိုနေ့က မြင်ရသည့်မြင်ကွင်း။

အသုံးအဆောင်တွေလည်း အများအပြား ပြသထားတယ်။ တချို့ ဒလိုင်းလားမားဘုန်းတော်ကြီးတွေက သက်တော်ရှည်ပေမယ့် တချို့ကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ကွယ်လွန်ကြတာကိုလည်း ရေးထိုးထားတဲ့ ခုနှစ်သက္ကရာဇ်တွေအရ သတိပြုမိတယ်။

နန်းတော်ထဲ တစ်နေရာ တစ်နေရာမှာ လားမားဘုန်းတော်ကြီးသုံးလေးပါး ထိန်းသိမ်းစောင့်ရှောက်၊ စောင့်ကြပ်နေတာ တွေ့ရတယ်။ ဘုရားရှင်ကို ဝတ်ပြုတဲ့အခန်း၊ ခန်းမ၊ စာကြည့်ခန်း၊ ရုံးခန်း၊ ကျမ်းစာပို့ချတဲ့အခန်း စတဲ့ အခန်းပေါင်း ၁၀၀၀ ကျော်မှာ ကျွန်တော်တို့ကတော့ များတော့များပေမယ့် အခန်းအားလုံးတော့ မဟုတ်ဘူးပေါ့။ လှည့်လည်ကြည့်ခဲ့တယ်။ အဲဒီနန်းတော်ထဲမှာ လားမားဘုန်းတော်ကြီးတွေ အများကြီးတွေ့ခဲ့ရတယ်။

အထဲမှာ နိုင်ငံခြားသားတွေကို ဂိုက်တွေက အဖွဲ့လိုက်ကော၊ တစ်ဦးချင်း၊ နှစ်ဦးချင်းကိုကော လိုက်လံရှင်းပြနေတယ်။ လူတွေမှ အများကြီး။ ကြိတ်ကြိတ်တိုးပဲ။

တိဘက်လူမျိုးတွေလည်း ဘာသာရေးကို လိုက်စားကြတယ်လို့ ဆိုနိုင်တယ်ဗျ။ လမ်းသွားရင်းနဲ့ အသက် ၄၀၊ ၅၀ အရွယ်လောက်ကစပြီး အမျိုးသား၊ အမျိုးသမီးတွေက စိပ်ပုတီးတွေကို လက်ကကိုင်ပြီး ဆုတောင်းရွတ်ဆိုသွားလာကြတာ တော်တော်များများတွေ့ရတယ်။ ဘုရားကျောင်းတွေမှာ အမျိုးသား၊ အမျိုးသမီး အားလုံး တိဘက်ပုံစံကန်တော့ကြတာ မြင်ရတယ်။ တစ်ကိုယ်လုံးကို ပစ်လှဲချပြီး ဝမ်းလျားမှောက် ကန်တော့တာမျိုးလေ။

တချို့အဝေးဒေသကနေ ဘုရားဖူးလာတဲ့သူတွေကတော့ လမ်းတစ်လျှောက် ကန်တော့လာတာမို့ ဒူးခေါင်းတွေ၊ ခြေသလုံးတွေမှာ သားရေပြားတို့၊ ပိတ်အထူစတို့ ပတ်ထားကြတာပါ။ လမ်းကောင်းကောင်း၊ မကောင်းကောင်း၊ ကျောက်ကြမ်းလမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်းဘာဖြစ်ဖြစ် တစ်ကိုယ်လုံးပစ်လှဲချပြီး ကန်တော့ကြတာဆိုတော့ ဒီလိုမှ မလုပ်ထားရင်လည်း မလွယ်ဘူးလေ။ သူတို့ဘုရားစာရွတ်ဆိုတဲ့ အသံကလည်း သာယာနာပျော်ဖွယ်ရှိတယ်။ ဆွဲဆောင်မှုရှိတယ်။ သူတို့ကို ဒေသခံတွေက ငွေတွေလက်ထဲထည့်ပြီး လှူကြတန်းကြတယ်။ သူတို့က ဟိုး. . အဝေးကြီးကနေ ဒီနန်းတော်နဲ့ ဘုရားကျောင်းအထိ ဘုရားစာတွေရွတ်ဆိုလိုက်၊ ဝမ်းလျားထိုးကန်တော့ပြီး လာလိုက်နဲ့ သူတို့ရဲ့ယုံကြည်မှုနဲ့ သူတို့ကိုးကွယ်ဆည်းကပ်မှုကို ပြကြတာ။

ကိုဒင်လည်း ကြည့်ဖူးမလားတော့ မသိဘူး။ Little Buddha ဆိုတဲ့ရုပ်ရှင်။ နာမည်ကျော် မင်းသား ကီနူးရိဗ်ပါဝင်သရုပ်ဆောင်ထားတာလေ။ အဲဒါက ဒီတိဘက်ဒေသက ဒလိုင်းလားမားဘုန်းတော်ကြီး ကွယ်လွန်ပြီး အမေရိကန်နိုင်ငံ ဆီယက်တဲလ်မြို့မှာ ပြန်ဝင်စားတဲ့ကလေးကို ရှာဖွေတွေ့ရှိခဲ့တဲ့ အကြောင်းလေးကနေစပြီး ရုပ်ရှင်ရိုက်ထားတာ။ ရုပ်ရှင်ကစိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။ အင်တာနက်မှာအလွယ်တကူရှာပြီး Download လုပ်ပြီး ကြည့်နိုင်တယ်။

ဧည့်လမ်းညွှန်က ဒလိုင်းလားမားဘုန်းတော်ကြီးတွေအကြောင်း ရှင်းပြတော့လည်း အဲဒီလို သူတို့ကွယ်လွန်ခါနီးမှာ ပြန်ဝင်စားရင် ဘယ်လိုအမှတ်အသားတွေနဲ့ လိုက်လံရှာဖွေဖို့ ဘယ်အချိန်မှာ ရှာဖွေဖို့ ဘယ်လိုတိုက်ဆိုင် စစ်ဆေးဖို့ စတာတွေကို ကြိုတင်မှာကြားခဲ့တယ်လို့ ပြောပြတယ်။

ပိုတာလာနန်းတော်ပေါ်က ပြန်ဆင်းလာရင်း အောက်ကိုငုံ့ကြည့်တော့ လာဆာတစ်မြို့လုံးကို လွှမ်းခြုံပြီးမြင်ရတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၇၀၀ ကျော်မှာရှိတဲ့ လာဆာမြို့မှာ နန်းတော်က မီတာ ၃၀၀ ကျော် (ပေ ၁၀၀၀ လောက်) ထပ်မြင့်တာဆိုတော့ တိမ်တွေကလည်း ကိုယ်နဲ့သိပ်နီးတယ်လို့ ထင်ရတယ်။ အောက်ကတိုက်တာတွေကိုလည်း ပျပျလေးပဲမြင်ရတာ။

အဲဒီနေ့က ရာသီဥတုကလည်း အုံ့မှိုင်းနေပြီး ဒီနန်တော်ကြီးကို မြင်ရတာ တစ်မျိုးပဲလို့ ခံစားမိတယ်။ လွမ်းသလိုလို၊ ဆွေးသလိုလို၊ တစ်ခုခုလိုနေသလိုလို၊ ဘာမှန်းတော့ အမည်မတပ်တတ်ပါဘူး။

ဒီလိုနဲ့အပေါ်က ပြန်ဆင်းလာကြပြီး အောက်ရောက်တော့ နေ့လယ် ၁၂ နာရီခွဲပြီ။ ပိုတာလာနန်းတော်နဲ့ တစ်ဆက်တစ်စပ်တည်း လေ့လာလေ့ရှိကြတဲ့၊ ကားနဲ့ ငါးမိနစ်လောက်သာ မောင်းရတဲ့ Jokhang Temple ကို ခရီးဆက်ခဲ့ကြတယ်။

Jokhang Temple ကလည်း ၇ ရာစုနှစ်က တည်ဆောက်ထားတာ။ ၂၀၀၀ ပြည့်နှစ်မှာ ယူနီဆက်ရဲ့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဖြစ်လာတယ်။ Jokhang Monastery လို့လည်း ခေါ်တယ်။ ပိုတာလာနန်းတော်နဲ့လည်း နီးသလို လာဆာမြို့တွင်း စည်ကားတဲ့နေရာမှာ တည်ရှိတယ်။ တိဘက်လူမျိုးတွေ အထွတ်အမြတ်ထားတဲ့ နေရာတစ်ခုပါပဲ။

ဒီတစ်ပတ်မှာတော့ လာဆာကိုရောက်ပြီးမှ Potala Palace နဲ့ Jokhang Temple ကို မရောက်ရင် တိဘက်ရောက်တယ်လို့ ခေါ်လို့မရနိုင်ဘူးလေ။ ဒါကြောင့် လေ့လာဖြစ်ခဲ့တဲ့အကြောင်း နောက်များမှာရောက်သွားမယ့် လူတွေအတွက် အကြိုခံစားနိုင်အောင်၊ စိတ်ဝင်စားတဲ့သူတွေ ကိုယ်တိုင်ရောက်သွားသလို ခံစားရအောင် ဗဟုသုတလေး ထပ်ဝေမျှလိုက်ပါတယ်။

ဒီလောက်ပဲ ကိုဒင်။ နောက်တစ်ပတ်မှာ တိဘက်ခရီးစဉ်နဲ့ ပတ်သက်လို့ လက်စသတ်ပါပြီ။ အပိုင်း (၄) နိဂုံးပိုင်းလေးကိုတော့ ကျေးဇူးပြုပြီး စောင့်ဖတ်ပေးပါဦး။ ။



တစ်ကိုယ်လုံးကို ပစ်လှဲချပြီး တိဘက်ပုံစံဖြင့် ကန်တော့နေသူ နှစ်ဦး။(လက်ထဲတွင် ဒေသခံများ၏ လှူဒါန်းငွေများ)

# မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးရေးနှင့် ကူညီစောင့်ရှောက်ရေးဆိုင်ရာ အရည်အသွေးမြှင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးရေးနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ ကူညီစောင့်ရှောက်ရေးဆိုင်ရာ အရည်အသွေးမြှင့်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA ခန်းမ၌ ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ဆယ်ပြုစုစောင့်ရှောက်ရေးအတွက် ပိုမိုပံ့ပိုးပေးမည့်အစီအစဉ်များ၊ နိုင်ငံတကာတွင် မိုင်းအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ သဘောတူညီချက်များအနက်မှ အချက်အလက်တချို့ကို အသိပေးခြင်းဆိုင်ရာများအပါအဝင် မိုင်းဒဏ်ခံစားခဲ့ရသည့်ကလေးငယ်များအား ထောက်ပံ့ပေးသွားမည့်အစီအစဉ်များကို နိုင်ငံတစ်ဝန်းရှိ မိုင်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်သည့် အဖွဲ့အစည်း ၃၀ ကျော်ကို ဖိတ်ကြားကာ ပြည်ပနိုင်ငံများမှပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ဇူလိုင် ၂၃ ရက်နှင့်၂၄ ရက်အထိ နှစ်ရက်တာ ပို့ချမည်ဖြစ်သည်။



ငြိမ်းချမ်းမြန်မာကူညီထောက်ပံ့ရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသန့်ဇင်က "မိုင်းလုပ်ရှားမှုဆောင်ရွက်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေကို ဖိတ်ကြားခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေဖြစ်တဲ့ ယူဂန္ဒာ၊ ဗီယက်နမ်နဲ့ ထိုင်ဝမ်တို့က ပညာရှင် ရှစ်ဦး လာရောက်ဆွေးနွေးပို့ချပါမယ်။ ပြည်တွင်းကလည်း ကျွမ်းကျင်သူပညာရှင်တွေလည်းပို့ချသွားမှာပါ။ တက်ရောက်သူတွေအနေနဲ့ မိုင်းနဲ့ပတ်သက်ပြီး ပိုမိုသိရှိလာပြီး အရည်အသွေးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့က ဒီကမိုင်းနဲ့ပတ်သက်တဲ့ လက်ရှိအနေအထားနဲ့အခြေအနေတွေကို တာဝန်ယူဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထိုင်ဝမ်အခြေစိုက် Eden Social Welfare Foundation မှ Senior Specialist ဖြစ်သူ Mr. Kuo Jeng,Yang က "မြန်မာပြည်ကို ပထမအကြိမ်လာရောက်ပို့ချတာဖြစ်ပါတယ်။ မိုင်းဒဏ်ခံစားရတဲ့ပြည်သူတွေကို ဘယ်လိုကူညီထောက်ပံ့ပေးမယ်ဆိုတာကိုပို့ချမှာပါ။ မိုင်းဒဏ်ကြောင့် ကိုယ်အင်္ဂါချို့ယွင်းနေတဲ့ ကလေးတွေကို ဒီနှစ်ကနေစပြီး ထောက်ပံ့ပေးသွားဖို့အစီအစဉ်ကိုလည်း ပြောကြားသွားဖို့ရှိပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ဧဒင်မသန်စွမ်းသက်ငယ်များပြုစုစောင့်ရှောက်ရေးရိပ်မြုံမှ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က "ဒီအလုပ်ရုံဆွေးနွေးပွဲမှာ မသန်စွမ်းသူတွေရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး ပြောမှာဖြစ်ပါတယ်။ မသန်စွမ်းသူတွေအဖြစ်ကို ဘယ်အကြောင်းကြောင့်ပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘဝဆုံးသွားတာ၊ မျှော်လင့်ချက်မဲ့သွားတာ မဟုတ်ဘူးဆိုတာမဟုတ်ဘဲ သူတို့အတွက် အခွင့်အရေးအပြည့်အဝရှိနေတယ်။ လူသားဖြစ်ခြင်းတန်ဖိုးဆိုတာရှိနေတယ်။ သိက္ခာနဲ့အခွင့်အရေးဆိုတာ အမြဲတမ်းအပြည့်အဝရှိနေတယ်။ နိုင်ငံတော်အတွက်လည်း မှန်ကန်တဲ့၊ အရည်အချင်းရှိရှိကြိုးစားနေတဲ့နိုင်ငံသားတစ်ဦးဖြစ်ရမယ်ဆိုတဲ့အကြောင်းတွေ ပြောကြားသွားမှာပါ"ဟု ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်ကာ မိုင်းနှင့်ပတ်သက်သော အသိပညာပေးရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် UNFCEF, INGO နှင့် NGO တို့ဖြင့် မိုင်းအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှတာဝန်ရှိသူက ပြောကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူ ခွန်ထိုင်းက "ကျွန်တော်တို့ဒေသမှာ မိုင်းအန္တရာယ်က လုံးဝကင်းစင်တဲ့အနေအထားတော့ မရှိသေးဘူး။ အဖွဲ့အစည်းအနေနဲ့ ခြေတုတပ်ဆင်ရေးလုပ်ငန်းကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ နိုင်ငံတကာပံ့ပိုးမှုတွေနဲ့ပူးပေါင်းပြီး ခြေတုတပ်ဆင်ရေးလုပ်နေတယ်။ နဂိုမူလအတိုင်းမဖြစ်ရင်တောင် သူတို့အတွက် အဆင်ပြေစေဖို့ပေါ့။ ဒီမှာသိရှိထားတဲ့အချက်တွေကိုလည်း သိရှိထားတာတွေနဲ့ပေါင်းစပ်ပြီး ကိုယ့်ဒေသမှာ ပြန်ပြီးပို့ချသွားမှာပါ" ဟုပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တအာင်း(ပလောင်) လူငယ်အဖွဲ့အစည်း(TSYU)မှ မိုင်သန်းအောင်ကလည်း "တောင်ပေါ်သားတွေအနေနဲ့ အသိပညာနည်းပါးတယ်။ နောက်ပြီး တစ်နေရာကတစ်နေရာသွားလာတဲ့အခါ လမ်းတွေကလည်း ချောင်းတွေ၊ ချောက်တွေ၊ တောင်တွေနဲ့မို့လို့ ပိုအန္တရာယ်ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ သိရှိသမျှကိုပြန်လည်ဖြန့်ဝေသွားပါမယ်။ ကျေးလက်/မြို့နယ်အသီးသီးက ယဉ်ကျေးမှုအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ပြောသည်။

လက်ရှိတွင် မိုင်းအန္တရာယ်သည် ယခင်ကထက် လျော့ကျမှုများရှိသည်ကိုတွေ့ရသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုင်းအန္တရာယ်ကြောင့် ထိခိုက်မှုများ ပိုမိုကြုံတွေ့ရသည်ကို တွေ့ရကြောင်း၊ မြန်မာပြည်တွင် မိုင်းကြောင့်ထိခိုက်သည့်အရေအတွက်မှာ ၅၀၀၀၀ နှင့် ၆၀၀၀၀ ဝန်းကျင်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ထိခိုက်သည့်အမျိုးအစားများကိုကြည့်ပါက တပ်မတော်သားများ၊ တိုင်းရင်းသားအဖွဲ့အစည်းမှလူများအပြင် ဒေသခံအရပ်သားများဖြစ်ကြောင်း၊ နိုင်ငံတကာမြေမြှုပ်မိုင်းအစီရင်ခံစာအရ မြန်မာနိုင်ငံသည် မိုင်းအန္တရာယ်အရှိဆုံးနိုင်ငံများစာရင်းတွင် တတိယအဆင့်၌ရှိနေကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

**သတင်း -မြတ်စန္ဒီ၊ ဓာတ်ပုံ-ရဲထွဋ်**




# ပြင်သစ်နိုင်ငံရှိ စက်မှုသိပ္ပံကျောင်းများ၌ မဟာသိပ္ပံဘွဲ့(အင်ဂျင်နီယာ)ပညာရပ်ကို ပူးတွဲသင်ကြားနိုင်မည်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို လေ့လာသင်ကြားနိုင်စေရန်အတွက် MCC အဖွဲ့အစည်းက ပြင်သစ်နိုင်ငံ၏ စက်မှုသိပ္ပံကျောင်းများဖြစ်သော HEI ISA ISEN အဖွဲ့အစည်းနှင့်ပူးပေါင်းပြီး မဟာသိပ္ပံ(အင်ဂျင်နီယာ) သင်တန်းပို့ချနိုင်ရေး သဘောတူနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

"ပြင်သစ်၊ ဂျာမနီ အစရှိတဲ့ ဥရောပနိုင်ငံတွေက ကမ္ဘာပေါ်မှာ အဆင်မြင့်အင်ဂျင်နီယာတွေ အထွန်းကားဆုံးနိုင်ငံတွေဖြစ်တယ်။ တိုးတက်လာနေပြီဖြစ်တဲ့ အစ်မတို့နိုင်ငံအတွက်လည်း အဆင်မြင့်အင်ဂျင်နီယာ နည်းပညာတတ်မြောက်သူတွေအများအပြား လိုအပ်လာပြီ။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အခုလိုပူးတွဲသင်ကြားနိုင်ဖို့ စီစဉ်ဖြစ်ခဲ့တာပါ"ဟု MCC အဖွဲ့အစည်းမှ CEO ဒေါ်ချောခင်ခင်က ပြောသည်။

ယင်းသင်တန်းကို မြန်မာနိုင်ငံရှိ MCC Institute များတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်နှစ်တက်ရောက်သင်ကြားပြီးနောက် တတိယ၊ စတုတ္ထနှင့် နောက်ဆုံးနှစ်များကို ပြင်သစ်နိုင်ငံ Lille မြို့ရှိ HEI ISA ISEN တို့တွင် ဆက်လက်တက်ရောက်ရမည်ဖြစ်သည်။ ယင်းသင်တန်းကာလ ငါးနှစ်ပြီးဆုံးပါက ဥရောပနိုင်ငံများနှင့် ကမ္ဘာ့အသိအမှတ်ပြု မဟာသိပ္ပံ(အင်ဂျင်နီယာ)ဘွဲ့ကို တိုက်ရိုက်ရရှိမည်ဟု သိရသည်။

အဆိုပါအခမ်းအနားသို့ ပြင်သစ်နိုင်ငံသံရုံးမှ ယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သံမှူး၊ ပြင်သစ်ဘာသာသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ပြင်သစ်နိုင်ငံ HEI ISA ISEN အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ MCC အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် နိုင်ငံတကာကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချီကိုဟန်**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၆ ပဏာမဆန်းစစ်မှုစာမေးပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၆ အတွက် အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူများအနက် အဆိုပြုလွှာတင်သွင်းလာသူများအား ပဏာမဆန်းစစ်မှုစာမေးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(YUFL)၌ကျင်းပရာ မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌဦးစီးသည့် အသင်း၏ထူးချွန်ကျောင်းသားရွေးချယ်ရေးကော်မတီဝင်များက ကြီးကြပ်ပေးခဲ့သည်။

ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့် သတ်မှတ်ချက်ပြည့်မီသူ ၁၂၉ ဦးအနက် ၁၁၈ ဦးက အဆိုပြုလွှာများ ထုတ်ယူခဲ့ပြီး သတ်မှတ်ရက်အတွင်း အဆိုပြုလွှာများ ပြန်လည်ပေးပို့ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၁၀ သည် အထွေထွေအင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ နှစ်နာရီမေးခွန်းကို ဖြေဆိုခဲ့ကြသည်။

YUFL ဂျပန်ဘာသာအဓိက (ဒုတိယ)နှစ်နှင့် (တတိယ)နှစ်အတန်းမှ တက္ကသိုလ်တွင် ပဏာမအဆင့်အောင်မြင်သူ ၅၄ ဦး၊ ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၆ ဦး၊ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ဝိပ္ပံ/ဝိဇ္ဇာ ဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၉ ဦးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ (နေပြည်တော်ကောင်စီနယ်မြေအပါအဝင်)အလိုက် အမှတ်အများဆုံးရရှိသူ ၁၁ ဦးတို့ ဖြေဆိုကြသည်။

အသင်း၏ ထူးချွန်ကျောင်းသားရွေးချယ်ရေးကော်မတီသည် ပဏာမဆန်းစစ်မှု စာမေးပွဲရလဒ်များနှင့် တစ်ဦးချင်းအဆိုပြုလွှာများကို စိစစ်၍ သတ်မှတ်အဆင့် အရည်အချင်းမီသူများကို ၂၀၁၆ ခုနှစ် ဩဂုတ်လ (ပထမပတ်)တွင် ဆက်သွယ်အကြောင်းကြား၍ လူတွေ့စစ်ဆေးမှုများကို ပြုလုပ်မည်ဖြစ်ပြီး နောက်ဆုံးအတည်ပြုရွေးချယ်သည့် ထူးချွန်ဆုရစာရင်းကို ဩဂုတ်လလယ်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းတွင် ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်ပြင်ဆင်ဖွဲ့စည်း၍ ဂျပန်နိုင်ငံသို့ အောက်တိုဘာ ၈ ရက်မှ ၁၆ ရက်အအထိ လေ့လာရေးခရီးစေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားရေးမိသားစု၏ (၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရေးဌာန ခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

နိုင်ငံတစ်ဝန်း သစ်တောစွမ်းအားဖြင့် စိမ်းလန်းစေရမည်

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၃**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)၏ ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရာဇသင်္ဂဟလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်၌ ကျင်းပသည်။

ဖွင့်ဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရေပင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများက စုပေါင်း၍ သစ်ပင်စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)၏ ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မဲဇလီပင်၊ ယင်းမာပင်နှင့် ဆီး၊ သပြေပင် စုစုပေါင်း အပင် ၆၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

**❋ တိုင်းဒေသကြီးမှ**
ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိကြသော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**(မောင်မောင်ဇော်)**

**○ မကွေးမှ**
ချင်းယူနိုက်တက်အသင်းက Horizon အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ၁၉ မိနစ်တွင် အောင်ကျော်ထွေးက Horizon အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ချင်းယူနိုက်တက်အတွက် ချေပဂိုးကို ၂၂မိနစ်တွင် ဆောင်လမန်က ပယ်နယ်တီမှ သွင်းယူခဲ့ကာ အနိုင်ဂိုးကို မိနစ် ၃၀ တွင် ညီညီမင်းက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

(ဗထူးကွင်း)

ရတနာပုံ - ရှမ်းယူနိုက်တက်

(မုံရွာကွင်း)

ဇေယျာရွှေမြေ - ဟံသာဝတီ

(YUSC ကွင်း)

ရန်ကုန် - Southern

**(ရှိုင်းထက်ဇော်)**

# ရခိုင်ပြည်နယ်တွင် ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရမည့်အစီအမံများကို ပြည်ထောင်စုအစိုးရထံ တင်ပြထား

**စစ်တွေ ဇူလိုင် ၂၃**
ရခိုင်ပြည်နယ်တွင် ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည့်အတွက် ယင်းဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရမည့် အစီအမံများကို ပြည်ထောင်စုအစိုးရထံ တင်ပြထားကြောင်း သိရသည်။

ကမ်းရိုးတန်းဒေသတွင်တည်ရှိသည့် ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပါက မြစ်များ၊ ချောင်းများအတွင်းသို့ ရေစီးဝင်မည့်လမ်းကြောင်းများတွင် ပိတ်ဆို့မှုများရှိနေသည့်အတွက် ပြန်လည်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုအစိုးရထံသို့ တင်ပြထားခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြောသည်။

"ရေကြီးရေလျှံမှုဖြစ်ပွားရတဲ့အကြောင်းအရင်းဖြစ်တဲ့ ရေစီးရေလာမကောင်းတာတွေ၊ ပိတ်ဆို့နေတာတွေကို ပညာရှင်တွေနဲ့ လေ့လာဖို့လိုပါတယ်။ ရေစီးမယ့်လမ်းကြောင်းမှာ ကားလမ်းတွေ ပိတ်နေသလား၊ ရထားလမ်းတွေ ပိတ်နေသလား၊ ဒါမှမဟုတ်ရင် တည်ဆောက်ထားတဲ့ ဆည်မြောင်းတွေက ရေကြီးရေလျှံမှုကို ဖြစ်စေသလား ဆိုတာတွေအားလုံးကို လေ့လာပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်နယ်အဆင့်နဲ့လည်း ဆောင်ရွက်လို့မရတဲ့အတွက် ပြည်ထောင်စုအစိုးရကို တင်ပြထားပါတယ်" ဟု ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ယခုနှစ်များအတွင်း ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ရေကြီးရေလျှံမှုများ ဆိုးရွားစွာဖြစ်ပွားခဲ့ကာ မြောက်ဦး၊ ကျောက်တော်နှင့် မင်းပြားမြို့တို့တွင် ရက်သတ္တတစ်ပတ်နီးပါးကြာအောင် မြို့လုံးကျွတ် ရေနစ်မြုပ်ခဲ့သည်။

အလားတူ ရေကြီးရေလျှံမှုများသည် ယခုနှစ် မိုးရာသီအစပိုင်းတွင်လည်း ထပ်မံဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများ၊ နေအိမ်ပျက်စီးဆုံးရှုံးမှုများ ရှိလာသဖြင့် ရေကြီးရေလျှံမှုသည် ရခိုင်ပြည်နယ်အတွက် အရေးပေါ်ဖြေရှင်းရမည့် ပြဿနာတစ်ခုဖြစ်လာကြောင်း ဒေသခံများက သုံးသပ်ကြသည်။ ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းရန်အတွက် အစိုးရ သို့မဟုတ် ဒေသခံများသည် သီးခြားစီဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ဘဲ အစိုးရ၊ ဒေသခံများနှင့် ကျွမ်းကျင်ပညာရှင်များ စုပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပိတ်ဆို့နေသော ချောင်းများ၊ မြောင်းများကို ပြန်လည်တူးဖော်ပေးရန် ရေဘေးသင့်ဒေသများသို့ လာရောက်အားပေးခဲ့သည့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များအား ဒေသခံများက တောင်းဆိုခဲ့ပြီး မြောက်ဦးမြို့နယ်တွင် ရေကြီးရေလျှံမှုကာကွယ်ရေးကော်မတီတစ်ခုကို ဒေသခံ ၈၀ ကျော် စုပေါင်းဖွဲ့စည်းခဲ့သည်။

**(သုတ)**

# မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်

**ကျောက်တန်း ဇူလိုင် ၂၃**။ ။ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၃၀ အား တစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ပထမပတ်က ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တောင်ပိုင်းခရိုင်အတွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သန်လျင်မြို့နယ်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက ကျေးလက်ဦးစီးဌာန လုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းအကြောင်း သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းတင်ပြခဲ့သည်။

**(ကြေးမုံ)**

# မြေတူးစက်တင်ဆောင်လာသော တွဲကားတစ်စီး တိမ်းမှောက် မန္တလေး-လားရှိုး-မူဆယ်လမ်းရှိ ဂုတ်တွင်းလမ်းပိုင်း ခေတ္တပိတ်ဆို့

**ကျောက်မဲ ဇူလိုင် ၂၃**
မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းလမ်း၌ တွဲကားကြီးတစ်စီး မြေတူးစက်တင်ဆောင်မောင်းနှင်လာရာမှ ကြိုးပြတ်ပြီး မြေတူးစက်ပြုတ်ကျ၍ အတက်/အဆင်း လမ်းပိတ်သွားခဲ့သည်။

အဆိုပါဖြစ်ပွားရာသို့ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်မဲမှ ဒုတိယရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ရောက်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂုတ်တွင်းလမ်း အမြန်ပြန်ပွင့်ရေးအတွက် ဆောင်ရွက်ကြသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က "ဒီဂုတ်တွင်းလမ်းမှာ ရာသီဥတုနဲ့ လမ်းအခြေအနေတွေကြောင့် ယာဉ်မောင်းတွေကို သတိထားပြီး ထိန်းမောင်းနှင်ကြဖို့ အမြဲနှိုးဆော်ပြောကြားခဲ့ပါတယ်။ အသိပညာပေးဟောပြောတာတွေလည်း ခဏခဏလုပ်ပါတယ်။ ယာဉ်မောင်းအများစုက သိရှိသဘောပေါက်ပြီး လိုက်နာခဲ့ကြသလို အချို့က လိုက်နာမှုအားနည်းခဲ့ကြတယ်။ ခုလိုဖြစ်သွားတော့ နစ်နာထိခိုက်ရတာ အများစုဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ဂုတ်တွင်းလမ်းမှာ မောင်းနှင်သွားလာနေကြတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်အားလုံးကို မိုးရာသီဖြစ်သည့်အပြင် လမ်းအခြေအနေကလည်း မကောင်းတာမို့ သတိထားပြီး ထိန်းထိန်းသိမ်းသိမ်းမောင်းနှင်ကြဖို့ ထပ်မံသတိပေးပြောကြားလိုပါတယ်"ဟု မီဒီယာအား ပြောကြားသည်။



အဆိုပါဂုတ်တွင်းလမ်း၌ တွဲကားကြီးပေါ်မှ မြေတူးစက်ပြုတ်ကျသဖြင့် အတက်/အဆင်း လမ်းပိတ်ဆို့သွားမှုကို ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ကြိုးစားဆောင်ရွက်ပေးမှုကြောင့် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လမ်းပြန်ပွင့်သွားပြီး အတက်/အဆင်းယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

❖

# ရောဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**
ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်နှင့် ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# ငှက်ဖျားသတင်းအချက်အလက်ထောက်လှမ်းခြင်းနှင့် ဓာတ်ခွဲခန်းလုပ်ငန်းအရည်အသွေးထိန်းသိမ်းခြင်းအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**
အာရှဖွံ့ဖြိုးရေးဘဏ်မှ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အမျိုးသားဓာတ်ခွဲဌာနများတွင် အရည်အသွေးထိန်းသိမ်းခြင်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော URC သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ထောက်ပံ့ပေးခဲ့ပြီး အဆိုပါရန်ပုံငွေဖြင့် သတ်မှတ်ထားသော မြို့နယ် ၁၀ မြို့နယ်တွင် လုပ်ငန်းကာလတစ်နှစ်ခွဲသတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် မြန်မာနိုင်ငံနှင့် သင့်တော်မည့် နည်းစနစ်တစ်ခုကို ဖော်ဆောင်ရန် ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မင်္ဂလာသီရိဟိုတယ် ပုဂံခန်းမ၌ ကျင်းပသော ငှက်ဖျားသတင်းအချက်အလက်ထောက်လှမ်းခြင်းနှင့် ဓာတ်ခွဲခန်းလုပ်ငန်းအရည်အသွေး ထိန်းသိမ်းခြင်းစနစ်များအတွက် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲ (Stakeholders Workshop on Malaria Surveillance and Laboratory Quality Assurance Project) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ငှက်ဖျားပပျောက်ရေးကို ဦးတည်ဆောင်ရွက်နေသော ဆေးရုံများသည် RDT ခေါ် ငှက်ဖျားပိုးအမြန်သွေးစစ်ကိရိယာကိုသာ အားထားအသုံးပြုသည်ကိုတွေ့ရပြီး သွေးအဖြေကို အမြန်သိရသော်လည်း ငှက်ဖျားပိုးအရေအတွက်(Density) မသိရခြင်း၊ ပိုးအဆင့် (Stage) မသိနိုင်ခြင်း၊ ဆေးယဉ်ပါးမှုအခြေအနေကိုမသိနိုင်ခြင်း စသည့်အားနည်းချက်များရှိသည့်အတွက် အဏုကြည့်မှန်ဘီလူးကို အသုံးပြုပြီး ငှက်ဖျားပိုးအခြေအနေစစ်ဆေးခြင်းကို စနစ်တကျလုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် ငှက်ဖျားဖြစ်ပွားလာသည့်အခါ ငှက်ဖျားပိုးအရေအတွက်ကိုပါ သိရှိနိုင်သော မှန်ဘီလူးကိုအသုံးချပြီး ငှက်ဖျားပိုးကို ကျွမ်းကျွမ်းကျင်ကျင် မှန်မှန်ကန်ကန်ကြည့်နိုင်သူများဖြစ်ရန် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများရှိ ဓာတ်ခွဲဝန်ထမ်းများအထိ သင်တန်းပေးပြီး အရည်အသွေး ထိန်းသိမ်းမှုများ၊ ကြီးကြပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၀ ခုနှစ်တွင် ငှက်ဖျားပပျောက်ရေးကို စတင်လုပ်ဆောင်ရန် သတ်မှတ်ထားသောကြောင့် မိမိတို့၏ လက်ရှိကျန်းမာရေးစနစ်များနည်းလမ်းကျပြီး ပိုမိုကောင်းမွန်စေရန် သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင်လည်း လုပ်ဆောင်နိုင်ရန်လိုအပ်ပြီး စီမံချက်ဝင် သက်ဆိုင်ရာခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးများ၊ ခရိုင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများကလည်း ယခုဆောင်ရွက်မည့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် ၎င်းက ဆက်လက်ပြောကြားသည်။ **(သတင်းစဉ်)**



# လုပ်ငန်းနေရာအသီးသီးတွင် CCTV တပ်ဆင်ခြင်းက မှုခင်းများဖော်ထုတ်ရာတွင် များစွာအထောက်အကူပြု

**မကွေး ဇူလိုင် ၂၃**
တန်ဖိုးကြီးပစ္စည်းများ ရောင်းချသည့် စိန်ရွှေရတနာဆိုင်များ၊ ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းနှင့် ဟိုတယ်များတွင် CCTV ကင်မရာများတပ်ဆင်ခြင်းသည် ပြည်သူ့အကျိုးစီးပွားဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအတွက် အကျိုးဖြစ်ထွန်းစေရုံသာမက ရဲတပ်ဖွဲ့အတွက် မှုခင်းများဖော်ထုတ်ရာတွင်လည်း များစွာအထောက်အကူဖြစ်ကြောင်း မကွေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

"CCTV က ပြစ်မှုကျူးလွန်သူတွေကို မှတ်တမ်းတစ်ရပ်အနေနဲ့ သက်သေပြနိုင်တာကြောင့် ရဲတပ်ဖွဲ့အတွက် အများကြီးအထောက်အကူပြုပါတယ်။ တရားခံရဲ့ ပြစ်မှုကျူးလွန်ပုံကို Document တစ်ခုအနေနဲ့ မှတ်တမ်းပြုထားတဲ့အတွက် တရားခံငြင်းလို့မရဘူး။ နောက်ထွက်လာတဲ့ သက်သေခံဥပဒေအရလည်း တိုက်ရိုက်သက်သေခံဝင်တာဖြစ်တဲ့အတွက် တရားခံကို ရုန်းထွက်လို့မရအောင် ချည်နှောင်ထားနိုင်တဲ့အတွက် ရဲတပ်ဖွဲ့အတွက် အလွန်အသုံးဝင်ပါတယ်။ ရှော့ပင်းမောလ်ကြီးတွေ၊ ဈေးဆိုင်တွေအပြင် ရန်ပုံငွေတတ်နိုင်ရင် မြို့ပေါ်လမ်းတွေမှာလည်း တပ်ဆင်နိုင်ရင် ကောင်းပါတယ်။ ရဲတပ်ဖွဲ့တစ်ခုတည်းအတွက်သာမက ပြည်သူတွေအတွက် ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အရေးပါတဲ့ အရာတစ်ခုပါ"ဟု မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းဟန်က ဆိုသည်။

မကွေးမြို့မရဲစခန်း မှတ်တမ်းများအရ တည်းခိုခန်းနှင့် ဘီယာဆိုင်တို့တွင် တပ်ဆင်ထားသော CCTV မှတ်တမ်းများအရ ဖုန်းဆိုင် ခုနစ်ဆိုင်မှ ဖုန်းခုနစ်လုံး ခိုးယူခဲ့သူတစ်ဦးကိုလည်းကောင်း၊ မကွေးရှော့ပင်းမောလ်ရှေ့တွင် တပ်ဆင်ထားသော CCTV မှတ်တမ်းအရ ဆိုင်ကယ်ခိုးသူတစ်ဦးကို နာရီပိုင်းအတွင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့ပြီး ဆိုင်ကယ် ၁၉ စီးခိုးမှုကို လည်းကောင်း၊ မကွေးရှော့ပင်းမောလ်အတွင်း တပ်ဆင်ထားသော CCTV မှတ်တမ်းများအရ အဝတ်အထည်ခိုးယူသူတစ်ဦးကို မြို့မရဲစခန်းမှ ဇူလိုင်လအတွင်းက အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"CCTV တပ်ဆင်တာက မှုခင်းဖော်ထုတ်ရာမှာ ၉၀ ရာခိုင်နှုန်းလောက် အထောက်အကူပြုတယ်။ နိုင်ငံတကာမှာလည်း လမ်းဆုံတွေရော၊ ဆိုင်တွေရော တပ်ထားတယ်။ Public Area တွေအပြင် ရုံးဌာနတွေ၊ လမ်းဆုံလမ်းခွတွေ၊ မြစ်ကူးတံတားတွေ၊ မြို့ဝင်မြို့ထွက် နေရာတွေ၊ ဂိုဒေါင်တွေ၊ ကားဝင်းတွေမှာ၊ ကားတွေအပေါ်မှာ၊ တတ်နိုင်ရင် အိမ်တွေမှာလည်း တပ်ဆင်သင့်ပါတယ်" ဟု မကွေးမြို့မစခန်းမှူး ဒုရဲမှူး စိန်အောင်က ပြောသည်။

၂၀၀၅ ခုနှစ်ခန့်က ရမည်းသင်း၌ ရွှေဆိုင်လုယက်မှုဖြစ်စဉ်နောက်ပိုင်း ရဲတပ်ဖွဲ့အကြီးအကဲများ၏ ညွှန်ကြားချက်အရ ရွှေလုပ်ငန်းရှင်များအသင်းနှင့်တွေ့ဆုံပြီး မဖြစ်မနေ CCTV များတပ်ဆင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

CCTV တပ်ဆင်မည်ဆိုလျှင် အထိုင်စက်တစ်လုံး ကျပ် ၆၀၀၀၀၊ ကင်မရာတစ်လုံး ကျပ် ၃၀၀၀၀ ဖြင့် ငွေကျပ် ၉၀၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ အထိုင်စက်အမျိုးအစားအလိုက် တပ်ဆင်အသုံးပြုနိုင်သည့် ကင်မရာ အရေအတွက်နှင့် ဈေးနှုန်းမှာ အစားစားရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေတက်၍ ခန္တီးမြို့၌ ဒုတိယအကြိမ် ရေများဝင်ရောက်

**ခန္တီး ဇူလိုင် ၂၃**
ခန္တီးမြို့တွင် ဇူလိုင်လ၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၄၀၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ခန္တီးမြို့၏ စိုးရိမ်ရေအမှတ် ၁၃၆၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိနေသောကြောင့် ခန္တီးမြို့ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် မြို့မရပ်ကွက်၊ မြို့မနှင့် ပေါ်မိုင်းရပ်ကွက်တို့တွင် ရေများ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(စန်းလွင်ဦး)**



# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဆင်း

**ရန်ကုန် ဇူလိုင် ၂၃**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသားဝန်ထမ်း ၆၄ ဦးတက်ရောက်သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆၄)၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်း ၂၀ တက်ရောက်သည့် အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၂၉)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသားဝန်ထမ်း ၅၆ ဦး တက်ရောက်သည့် စာရေးဝန်ထမ်းသင်တန်းအမှတ်(၉၄) သင်တန်းများဆင်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းကာလမှာ မေ ၂ ရက်မှ ဇူလိုင် ၂၂ ရက်ထိ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကညနတွင် 1M အပူးနံပါတ်များ ကြိုတင်ဝယ်ယူ

**ရန်ကုန် ဇူလိုင် ၂၃**
ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်ကညနရုံးရှိ ကနဦးမှတ်ပုံတင်ဌာနမှ 1M လေးလုံးသုံးလုံး၊ နှစ်လုံးအပူးနံပါတ်များနှင့် နံပါတ်အလှများကို ယာဉ်ပိုင်ရှင်များအား ပွင့်လင်းမြင်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဇူလိုင် တတိယပတ်အတွင်း 1M/9999 နံပါတ်ကို ငွေကျပ် ၃၄ သိန်းဖြင့်လည်းကောင်း၊ 1M/3366 နံပါတ်ကို ငွေကျပ် ၁၂ သိန်းဖြင့်လည်းကောင်း၊ 1M/1188 နံပါတ်ကို ငွေကျပ် ၁၁ သိန်းဖြင့်လည်းကောင်း ကြိုတင်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

ရန်ကုန်ကားပွဲစားတန်းမှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက "ကားနံပါတ်အလှတွေကို ဈေးကြီးကြီးပေးဝယ်တာ ငွေကြေးပြည့်စုံတဲ့သူတွေက Model အမြင့်ကားတွေကို နိုင်ငံခြားက ကိုယ်တိုင်မှာယူပြီး မရောင်း/မပြောင်းဘဲသီးသန့်စီးကြတာပါ။ ကားဝယ်ရောင်း အများစုကတော့ ဒါမျိုးတွေ စိတ်မဝင်စားဘူး။ ပေါ့ပေါ့ပါးပါးရောင်းရ လွယ်တာပဲ စိတ်ဝင်စားတယ်" ဟု ပြောသည်။

ကားဈေးကွက်နှင့် စပ်လျဉ်း၍ " နိုင်ငံတော်အစိုးရ၏ မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒပြောင်းလဲမှုအပေါ်မူတည်ပြီး ကားဈေးကွက်ကလည်း ပြောင်းလဲသွားနိုင်တယ်" ဟု ကားအရောင်းစင်တာမှ တာဝန်ရှိသူတစ်ဦးကလည်း ဖြည့်စွက်ပြောကြားသည်။ **မောင်အေး(သတင်းစဉ်)**

# နှမ်းစိုက်တောင်သူများ နှမ်းဈေးကောင်းရန်မျှော်လင့်

**နတ်တလင်း ဇူလိုင် ၂၃**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ ကျေးရွာများမှ တောင်သူများအားလုံးလိုလိုပင် နွေရာသီအကုန် မိုးရာသီအစမှာ စားဝတ်နေရေးအဆင်ပြေစေရန် မိုးကြိုနှမ်းစိုက်ပျိုးကြသည်။



တာပွန်မြို့မှ ရေမွှေးရွာသွားသော ချောင်းနံဘေးဝဲ၊ ယာတစ်လျှောက်၌ မိုးကြိုနှမ်းခင်းများကို မြင်တွေ့နေရသဖြင့် လက်ပံကုန်းရွာ နှမ်းစိုက်တောင်သူ ဦးအောင်ဆန်းလင်းအား မေးကြည့်ရာ"မိုးကြိုနှမ်းကို ဧပြီလ ပထမပတ်လောက်မှာ ထွန်ယက်ပြီး နှမ်းကြဲထားတယ်။ နှမ်းမျိုးတွေကတော့ ရှစ်မြောင့်ပတ်လည်၊ စမုံနက်မျိုးတွေပဲ အစိုက်များကြတယ်။ တစ်ကြိုးကို နို့ဆီဘူးသုံးလုံး၊ တချို့လည်း လေးလုံးကြဲကြတယ်။ အပင် အနေအထားကြည့်ပြီး ပေါင်းလိုက်တာ၊ မြေဩဇာကျွေးတာတွေ လုပ်ပေးရတယ်။ ဇွန်လကုန်နဲ့ ဇူလိုင်လဆိုရင် နှမ်းသိမ်းပြီ။ နှမ်းကတော့ တစ်ဧကကို ၁၀ တင်းနဲ့ ၁၅ တင်းကြားမှာ ထွက်တယ်။ တချို့လည်း ပိုချင်ပိုမှာပါ။ ပြီးခဲ့တဲ့နှစ်က နှမ်းပေါ်ပေါ်ချင်း ပေါက်ဈေး ငါးသောင်းဝန်းကျင်မှာ ရှိတယ်။ ကျွန်တော်တို့ဒေသဘက်မှာ နှစ်စဉ်လိုလို မိုးများလို့ပဲဖြစ်ဖြစ်၊ ဧရာဝတီမြစ်ရေထောက်လို့ပဲဖြစ်ဖြစ် နှမ်းပေါ်ရာသီချိန်မှာ တောင်သူတွေ ဒုက္ခရောက်ရတယ်။ ရေလွတ်မြေ၊ ကုန်းမြေပေါ်ယူပြီး နှမ်းစည်းတွေ လှမ်းရတယ်။ ဒီကြားထဲ မိုးအဆက်မပြတ်ရွာနေရင် နှမ်းစည်းတွေ အစည်းကပ်ပြီး ခါမရပြန်ဘူး။ စပြီး စိုက်ပျိုးကတည်းက အပင်အသီး ဘယ်လောက်ကောင်းကောင်း နှမ်းစေ့ရပြီဆိုမှ စိတ်ချရတယ်။ ဒီနှစ် ပေါ်တော့မယ့် နှမ်းကို ဈေးကောင်းရောင်းရဖို့ နှမ်းစိုက်တောင်သူတွေ မျှော်လင့်နေကြတယ်"ဟု ပြောသည်။

**(ဝ၇၁)**

# မူဝါဒသစ်အရ သယ်ယူပို့ဆောင်ရေးပင်မစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ပါက လာမည့် ၁၅ နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေးစရိတ် ၃၀ ရာခိုင်နှုန်းကို လျှော့ချနိုင်မည်ဖြစ်

**နေပြည်တော် ဇူလိုင် ၂၃**

ပို့ဆောင်ရေးမူဝါဒ ကြေညာချက်စာတမ်း အပြီးသတ်မူကြမ်းနှင့် လုပ်ငန်းအစီရင်ခံစာများ လွှဲပြောင်းပေးအပ်ခြင်း (Official Launch for Myanmar Transport Sector Policy Note) အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် Vice -President Mr. Bambang Susantono တို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ပို့ဆောင်ရေးမူဝါဒ ကြေညာချက်စာတမ်းသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိသော ပို့ဆောင်ရေးကဏ္ဍ တစ်ရပ်လုံး လွှမ်းခြုံမှုရှိသည့် မူဝါဒတစ်ရပ်ချမှတ်နိုင်ရန် ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြံပေးပညာရှင်များက ရေးဆွဲဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ပို့ဆောင်ရေးမူဝါဒ ကြေညာချက်စာတမ်းတွင် ကျေးလက်နေပြည်သူဦးရေ၏ ထက်ဝက်ခန့်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိရာ ၎င်းတို့၏ လူနေမှုဘဝကို ဦးစားပေးမြှင့်တင်နိုင်ရေး၊ ထိရောက်မှုရှိပြီး စရိတ်နည်းသော သယ်ယူပို့ဆောင်ရေးစနစ်ဖော်ဆောင်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော ဘေးကင်းလုံခြုံမှုရှိသည့် ပို့ဆောင်ရေးစနစ် ပေါ်ထွန်းလာရေး၊ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးလာစေရေး၊ ပုဂ္ဂလိကကဏ္ဍ ပိုမိုပါဝင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုရှိစေရေး၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများအား Corporation အသွင်ပြောင်းလဲနိုင်ရေးနှင့် လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်ဖြစ်ထွန်းလာစေရေးတို့အတွက် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးတို့ ပါဝင်သည်။

မူဝါဒသစ်အရ သယ်ယူပို့ဆောင်ရေးပင်မစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက လာမည့် ၁၅ နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေးစရိတ် ၃၀ ရာခိုင်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP ကို အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံအထိ တိုးတက်စုဆောင်းနိုင်မည်ဖြစ်ပြီး ကျေးလက်ပြည်သူ ၁၀ သန်းမှာ ရာသီမရွေး လမ်းအသုံးပြုခွင့်ရရှိမည်ဖြစ်သည်။ ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းများကို လျှော့ချနိုင်ပြီး ပြည်သူများ၏ အသက်ဆုံးရှုံးမှုများကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

မူဝါဒကြေညာချက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ Park Royal Hotel ၌ အာရှဖွံ့ဖြိုးရေးဘဏ်မှ သတင်းစာရှင်းလင်းပွဲ အခမ်းအနား ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မြို့တွင်းသာယာလှပရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**မင်းတပ် ဇူလိုင် ၂၃**

ချင်းပြည်နယ် မင်းတပ်ခရိုင် မင်းတပ်မြို့အတွင်း သာယာလှပရေးနှင့်ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဘေးဝဲ/ယာပေါင်းမြက်သန့်ရှင်းခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၀ ရက်က ဆောင်ရွက်ကြသည်။

ယခုကဲ့သို့ မြို့တွင်းသာယာလှပရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ပထမအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ရက်များတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဟုန်းဖွေက ပြောသည်။

ဆက်လက်၍ ရပ်မိရပ်ဖ ဦးမနားဖေက မြို့သာယာလှပရေး၊ လူထုကျန်းမာရေးအတွက် ဆောင်ရွက်ပေးခြင်းကြောင့် မြို့နေလူထုက အထူးလှိုက်လှဲဝမ်းသာပါကြောင်းနှင့် အထူးလဲကျေးဇူးတင်ကြောင်းပြောသည်။

**ခရိုင်(ပြန်/ဆက်)**



## မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်း ကနီမြို့နယ်အတွင်းရှိ တွင်းမတောင်သို့ တက်ရောက်လေ့လာ

**မုံရွာ ဇူလိုင် ၂၃**

မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်း ခရီးတိုတောင်တက်ခရီးစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ တွင်းမတောင်သို့ ယနေ့နံနက် ၈ နာရီက တက်ရောက်လေ့လာခဲ့ကြောင်း တက္ကသိုလ် ခြေလျင်တောင်တက်အသင်း ဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်နီ (ဘူမိဗေဒ၊ ပါမောက္ခဌာနမှူး)က ပြောသည်။

မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ်ဝက် ဇန်နဝါရီလ ၃၀ ရက်တွင် ဘုတလင်မြို့နယ် တွင်းတောင်သို့ ခရီးတိုခရီးစဉ်အဖြစ် ကျောင်းသား ကျောင်းသူ ၁၈၀၊ အုပ်ချုပ်သူ ဆရာ ဆရာမ ၁၅ ဦးဖြင့် ပထမအကြိမ် တက်ရောက်လေ့လာခဲ့ပြီး ဒုတိယစာသင်နှစ်ဝက်တွင် ဘုတလင်မြို့နယ်အတွင်းရှိ တွင်းမတောင်သို့ ခရီးတိုခရီးစဉ်အဖြစ် တက်ရောက်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

“အခုအကြိမ် တွင်းမတောင်ကို တက်ရောက်လေ့လာတဲ့ အခါမှာ ခြေလျင် တောင်တက်အသင်းသူ အသင်းသားတွေသာမကဘဲ ဘာသာရပ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေပါလာတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ တွင်းမတောင်မှာရှိတဲ့ သစ်ပင်၊ ပန်းမန်တွေ၊ အဏုဇီဝ၊ သတ္တဗေဒဘာသာရပ်တွေနဲ့ ပထဝီမြေအနေအထားတွေ၊ သက်ဆိုင်တဲ့ လေ့လာမှုတွေလုပ်နိုင်ခဲ့တယ်။ စိုက်ပျိုးရေး၊ စီးပွားရေးနဲ့ လူနေမှုစရိုက်တွေ၊ ဒေသရဲ့ရိုးရာယဉ်ကျေးမှုတွေကို လေ့လာခွင့်ရတယ်”ဟု တက္ကသိုလ်ခြေလျင်တောင်တက် အသင်းဥက္ကဋ္ဌက ပြောသည်။

ကနီမြို့နယ် တွင်းမတောင်သို့ ခရီးတိုခရီးစဉ်အဖြစ် တက်ရောက်လေ့လာခဲ့သော မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းကို အုပ်ချုပ်သူများအဖြစ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သက်နိုင်ဦး၊ တက္ကသိုလ် ခြေလျင်တောင်တက် အသင်းဥက္ကဋ္ဌနှင့် ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမ ၄၀ နှင့်အတူ အသင်းသား အသင်းသူ ၆၀၀ ပါဝင်တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များအတွက် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစတင်

**ရန်ကုန် ဇူလိုင် ၂၃**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ခန့်အပ်ထားသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် ပြုလုပ်သည့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း စတင်ခြင်း အခမ်းအနားမှ သိရသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သည့် ကလေးတစ်ဦးတည်း၏ အကြောင်းမဟုတ်ဘဲ မိသားစုများ၏ အကြောင်းအရာ၊ ရပ်ရွာ၏ အကြောင်းအရာနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကြောင်းအရာဖြစ်သည့်အတွက် အားလုံးတာဝန်ဖြစ်သည်ဟု ခံယူပြီး ဝိုင်းဝန်းကူညီရန်လိုအပ်ကြောင်း မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်ကိုက ပြောသည်။

ကနဦးပိုင်းတွင် အဆိုပါစနစ်သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် အခြားသောထိခိုက်လွယ်သည့် လူအုပ်စုများ၏ လိုအပ်ချက်များ (အမျိုးသမီး သက်ကြီးရွယ်အို၊ မသန်စွမ်း၊ မူးယစ်ဆေးဝါးအလွဲသုံးသူများ) အား တုံ့ပြန်ဖြေရှင်းပေးနိုင်သည့် ပြီးပြည့်စုံသော ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အဖြစ် တိုးချဲ့ဆောင်ရွက်သွားရန်ရည်ရွယ်ပြီး အဆိုပါစနစ်သည် မြို့နယ်များနှင့် ခရိုင်အဆင့်များရှိ လူမှုရေးဝန်ဆောင်မှုများအား အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးမျိုးဆက်အောင်က လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကြောင်းအရာများနှင့် လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနကဲ့သို့သောဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် အထောက်အကူပြုမှုနှင့် ပေါင်းစပ်ညှိနှိုင်းပေးမှုများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို ရေးဆွဲအတည်ပြုခဲ့ပြီး အဆိုပါ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုထားသည့် လုပ်ငန်း ရှစ်ခု ပါဝင်ပြီး ယနေ့ မိတ်ဆက်မည့် လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းသည် “ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်” ဆိုသည့် လုပ်ငန်းအောက်က အကြောင်းအရာတစ်ခုဖြစ်ကြောင်း၊ အဆိုပါ လူမှုရေးရာ ဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှာ မြို့နယ် ၂၇ မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်မှာ မြို့နယ် ၁၀ မြို့နယ်တွင် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

## အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး ဒုတိယအကြိမ် ဆေးထိုးနှံပေး

**ကန်ကြီးထောင့် ဇူလိုင် ၂၃**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင်တတိယပတ်က ဒုတိယအကြိမ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အသည်းရောင်အသားဝါရောဂါလျော့နည်းပပျောက်စေရေးအတွက် ပထမအကြိမ် ဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန်လတွင် သာသနာ့ဝန်ထမ်းများ၊ ဌာနပေါင်းစုံမှဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ NGO များနှင့်ပြည်သူများ စုစုပေါင်း ၆၄၂ ဦးကို ထိုးနှံပေးပြီးဖြစ်ရာ ဇူလိုင်တတိယအပတ်တွင်ဒုတိယအကြိမ်ဖြစ်လည်းကောင်း၊တတိယအကြိမ်အဖြစ် လာမည့်ဩဂုတ်တွင်လည်းကောင်း သုံးကြိမ်တိတိ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် သစ်ပင်များပေးအပ်

**ပုဗ္ဗသီရိ ဇူလိုင် ၂၃**

“ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏” ဆိုသည့်အတိုင်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ အမှတ်(၂၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မြေနေရာကွက်လပ်တွင် ယနေ့နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်ပင်ပေးအပ်ပွဲ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးတင်ထွန်း၊ ဦးတင်ထွဋ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းတို့နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျွန်းပင် ၂၁၆ ပင်နှင့်အခြားအရိပ်ရသစ်ပင် ၁၅၀ စုစုပေါင်းအပင် ၃၆၆ ပင်အား ပေးအပ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

*အနုပညာခရီးလမ်းမှာ ဆယ်စုနှစ်တစ်ခုကြာ ရပ်တည်လှုပ်ရှားခဲ့ပြီး ရုပ်ရှင်ကားကြီးများနှင့် ဗီဒီယိုကားများစွာတွင် ပါဝင်သရုပ်ဆောင်ရင်း ပရိသတ်အခိုင်အမာရရှိထားတဲ့ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ကေကေမိုးမြင့်နှင့် တွေ့ဆုံမေးမြန်းထားမှုများကို စာဖတ်ပရိသတ်များသိရှိနိုင်စေရန် ဖော်ပြလိုက်ရပါသည်-*

# ဆယ်စုနှစ်တစ်ခုကြာ အနုပညာခရီးလမ်း လျှောက်လှမ်းနေတဲ့ ကေကေမိုးမြင့်



**ကေကေမိုးမြင့်ရဲ့ လတ်တလောအနုပညာလှုပ်ရှားမှု-**

ဒီလထဲမှာ အနုပညာအလုပ်တွေခဏနားပြီး မှော်ဘီဂျပန်ဘုရား၊ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာမှာ (၁၁)ရက် တရားစခန်းဝင်ခဲ့ပါတယ်။ ကေကေရိုက်ထားတဲ့ ရုပ်ရှင်ကားကြီး သုံးကားထွက်ဖို့ရှိတယ်။ တစ်ကားက ဂျပန်ကလာရိုက်တဲ့ကား၊ ဒီကားက နိုင်ငံခြားမှာပြမယ့်ကားပေါ့။ အဲဒီမှာ ကေက စကားပြန်မိန်းကလေးနေရာက မြန်မာဝတ်စုံပုံစံလေးနဲ့။ ကိုမင်းဦးတို့ အန်တီမို့တို့ပါတဲ့ကား။ ဒါလည်းမထွက်သေးဘူး။ ခေါက်ထီးလေးမလှဲ့တလို ရုပ်ရှင်ကားကြီးမှာလည်း အေးမြတ်သူနဲ့ တွဲပြီးတော့ ဇာတ်ပို့နေရာက အကောင်းဆုံး သရုပ်ဆောင်ထားတယ်။ ကိုဇေရဲထက်နဲ့ ရိုက်တဲ့ကားရှိသေးတယ်။ နှင်းဆီဆိုတဲ့ဇာတ်ကောင်အဖြစ် သရုပ်ဆောင်တာ။ အဲဒါလည်း ရုပ်ရှင်ကားကြီးပဲ။ ဦးညီညီထွန်းလွင်ရိုက်တာ။ နောက်တစ်ကားက ကိုဇေရဲထက်ရဲ့ ချစ်သူကောင်မလေး၊ အိမ်က သဘောတူထားတဲ့ကောင်မလေး တစ်ယောက်အနေနဲ့ မွေးကြူဆိုတဲ့ ကာရိုက်တာ၊ အဲဒီရုပ်ရှင်ကားကြီးရှိတယ်။ စုစုပေါင်း ရုပ်ရှင်ကားကြီးသုံးကား ရုံတင်ဖို့ရှိပါတယ်။ ဝတ္ထုဇာတ်လမ်း အတိုလေးတွေ သုံးကားလောက် ရိုက်ဖြစ်တယ်။ ဗဟန်း အထက-၂ ကျောင်းမှာ ပညာရေးဂုဏ်ပြုဇာတ်လမ်း ရိုက်ခဲ့တယ်။

**သရုပ်ဆောင်ဖြစ်တဲ့ ကာရိုက်တာတွေကရော-**

ရုပ်ရှင်ကားကြီးကိုပဲ ဦးတည်လိုက်တဲ့အခါကျတော့ ကိုယ့်အနေနဲ့က ကိုယ့်ကိုပေးလာတဲ့ ကာရိုက်တာပေါ် မူတည်ပြီးတော့ ကိုယ်နဲ့လိုက်တဲ့ကာရိုက်တာကို အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်တာမျိုးပဲ လုပ်ချင်ပါတယ်။ ကားတွေများတာထက် ကိုယ်နဲ့လိုက်တာလေးတွေ သရုပ်ဆောင်ရတော့ ပရိသတ်တွေရင်ထဲ ပိုထိတယ်လို့ ထင်ပါတယ်။ တစ်ခါတလေကျတော့လည်း ကိုယ်နဲ့လိုက်မယ့်ကာရိုက်တာကို ကိုယ့်ဆရာသမားတွေ၊ ဒါရိုက်တာတွေက ချတဲ့နေရာပေါ်မှာ အကောင်းဆုံးဖြစ်အောင်၊ အတူဆုံးဖြစ်အောင် သရုပ်ဆောင်ရတာပေါ့နော်။ လုပ်ချင်တဲ့ကာရိုက်တာလေးတွေကတော့ရှိတာပေါ့။ မလုပ်ရသေးတာတွေ အများကြီးရှိပါသေးတယ်။ ကေ စိတ္တဇဆိုလည်း လုပ်ဖူးတယ်။ မိသားစုကားမျိုးတွေလည်း ကေရိုက်ဖူးတယ်။ ကေတို့က ဇာတ်လမ်းတိုတွေလည်း ရိုက်နေရတော့ ကံ ကံ၏အကျိုး ဇာတ်ပုံစံမျိုးတွေရိုက်ရတယ်။ ပညာပေးကားတွေချည်းရိုက်ခဲ့ရတယ်ဆိုတော့ ဇာတ်လမ်းကတိုပေမယ့် ထိထိရောက်ရောက်လေးတွေနဲ့ မိသားစုပညာပေး လေးတွေပါတာရှိတယ်။ ကုသိုလ်တရား ပညာပေးလေးတွေလည်းရိုက်ဖူးတယ်။ မျိုးစုံပါပဲ။ ဒါပေမယ့် မလုပ်ဖူးသေးတဲ့ကာရိုက်တာတွေ အများကြီးရှိတယ်။ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် ကျင့်နေ၊ သင်နေရတုန်းပါပဲ။ ဘယ်နေရာသွားသွား အနုပညာအနေနဲ့ မြင်တတ်မယ်ဆိုရင် လေ့လာစရာတွေ အများကြီးပါပဲ။

**အနုပညာသက်တမ်းတစ်လျှောက် အမှတ်တရဖြစ်စေမယ့် အကြောင်းအရာတွေ-**

ကေကေက ရွှေပုပ္ပါး ဘဘဦးအုန်းခိုင်ရဲ့ အနုပညာသင်တန်းမှာ သင်တန်းမှူးအနေနဲ့ ပါဝင်ကူညီပေးခဲ့တယ်။ အဲဒီကနေ ဦးမောင်တို့က ကေကေကို ရွေးချယ်သွားပြီး ကြိုးကြာတောင်ပံခတ်သံ ဇာတ်ကားမှာပါဝင်ဖြစ်ခဲ့တယ်။ ပင်လယ်ထက်ကနေဝန်းနီ ရုပ်ရှင်ကားက အရင်ရိုက်တယ်၊ ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ကားက နောက်မှရိုက်ပြီး အရင်ရုံတင် ဖြစ်သွားတယ်။ အဲဒီကားက အကယ်ဒမီနှစ်ဆုရတယ်။ ချင်းတောင်တန်းမှာ သွားရိုက်တာ။ ကေကေက အဲဒီကားမှာ ချင်းသူနာပြုဆရာမလေးအဖြစ်နဲ့ သရုပ်ဆောင်တာ၊ ချင်းသံဝဲဝဲလေးနဲ့ သရုပ်ဆောင်တယ်။ ကေကေအနေနဲ့ ဘာသာစကားကို အကောင်းဆုံးဖြစ်အောင်၊ တိုင်းရင်းသားသံဖြစ်အောင် သရုပ်ဆောင်ရတယ်၊ အဖြူနဲ့အနီဝတ်တဲ့ သူနာပြုဆရာမလေးပေါ့။ ခရီးကြမ်းတွေ၊ တောင်ပေါ်တောင်အောက် ဆင်းရ၊ တက်ရတဲ့ အတွေ့အကြုံတွေက အများကြီးပါပဲ။ ခရီးတစ်နေရာနဲ့ တစ်နေရာကဝေးတော့ ထမင်းလာပို့တဲ့အချိန် နောက်ကျရင် တစ်ဖွဲ့လုံးကစိုက်ထားတဲ့အပင်လေးတွေ၊ ကန်စွန်းဥတို့၊ စိမ်းစားဥတို့ ခူးစားကြတယ်။ ခက်ခက်ခဲခဲ ကြိုးစားကြတော့ အမှတ်တရနဲ့ပျော်ရွှင်စရာလည်း ဖြစ်ခဲ့တယ်။ ပင်ပင်ပန်းပန်းနဲ့ ရိုက်ခဲ့တဲ့ ချင်းတောင်တန်းရဲ့ ပြကွက်တွေမှာ ကိုယ့်ရုပ်ပုံတွေပြန်တွေ့ရတော့ အရမ်းပျော်ဖို့ကောင်းတယ်၊ ဂုဏ်ယူစရာလည်း ဖြစ်ခဲ့တယ်။

**ဂီတဘက်မှာ သီချင်းဆိုဖို့အစီအစဉ်-**

ကေကေက အဆိုဘက်ကိုလည်း ကြိုးစားပြီးတော့ ဆိုဖြစ်တယ်။ အိမ်မှာဆိုလည်း ဆရာတွေ ခေါ်သင်တာမျိုးတွေ ကြိုးစားကြည့်တယ်။ မြန်မာသံစဉ်ဆိုလည်း ရအောင်ကြိုးစားကြည့်တယ်။ အများကြီး မဟုတ်ပေမယ့် ကေဆိုနိုင်နေပြီ၊ စတူဒီယို (studio) ရော ရအောင် ကြိုးစားကြည့်တယ်။ ကေကေက ဖျော်ဖြေရေးနဲ့သရုပ်ဆောင်တာကို ဝါသနာပါတယ်။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်နေတဲ့အတွက် ပျော်ပါတယ်။

**ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံ-**

ကေကေဆိုရင် အနုပညာစလုပ်ခဲ့တာက ၂၀၀၆၊ အခုဆိုရင် ၂၀၁၆ ဆိုတော့ ၁၀ နှစ်တာ ကာလကို ဖြတ်သန်းလာပြီပေါ့။ အနုပညာက ဖွဲ့ရှိရတယ်။ ကေကေ ကြိုးစားတယ်။ တစ်နေရာရလို့ ကိုယ်မရလည်း ဝါသနာပါတဲ့ညီငယ်၊ ညီမငယ်တွေကို အမြဲလမ်းညွှန်ပေးတယ်။ သင်တန်းတွေပို့ချပေးတယ်။ အခမဲ့သင်တန်းတွေမှာလည်း အခမဲ့သင်တန်းမှူးတွေလုပ်ပေးဖူးပါတယ်။

**ကေကေမိုးမြင့်ပြောတဲ့ ပညာရေးအကြောင်း-**

လူတိုင်းအတွက် ပညာရေးက အဓိကလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာကိုပဲ ဝါသနာပါပါ ပညာရေးကို မပြီးဆုံးသေးဘဲ ဘာကိုမှမလုပ်စေချင်ဘူး။ ပညာရေးကိုလည်း ကြိုးစားရင်း ကိုယ်ဝါသနာပါတာကိုလည်း လုပ်စေချင်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချတဲ့အခါမှာ ပညာမရှိတဲ့သူက မှားတတ်ပါတယ်။ ပညာရေးကို ဆုံးခန်းတိုင်အောင်လုပ်ဖို့တော့ ညီငယ်၊ ညီမငယ်တွေကို ကြုံရင်ကြုံရင်သလို ပြောပြဖြစ်ပါတယ်။

**အနုပညာမျှဝေစကား-**

ကာရိုက်တာကို သရုပ်ဆောင်တဲ့အခါမှာ ကိုယ့်စိတ်ထားလေးကောင်းနေမှ သရုပ်ဆောင်ရမယ့်ကာရိုက်တာပေါ်မှာ အကောင်းဆုံးနစ်ဝင်နိုင်တယ်။ ပရိသတ်ရဲ့ အားပေးမှု ရေရှည်ရှိစေချင်ရင် အကောင်းဆုံး သရုပ်ဆောင်ပြရမယ်။ အနုပညာအသိုင်းအဝိုင်းကို လေးစားရမယ်။ အနုပညာကိုလေးစားမှ ပရိသတ်က လေးစားတာ။ အနုပညာအရည်အသွေး ပြည့်ဝစေချင်တာပေါ့။

**ပြောစရာမရှိသေးတဲ့ အချစ်ရေး-**

အချစ်ရေးက ပြောစရာမရှိသေးပါဘူး (ရယ်လျက်)။ အပျိုကြီးလုပ်ဖို့များနေပါပြီ။ တွေ့လာခဲ့ရင်လည်း ပရိသတ်ကြီးကိုပြောမှာပါ။

မင်းလုသား

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ" (အပိုင်း-၂) တရားတော် [ပါမောက္ခ ချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၁၁) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Taste of Thai Food Festival) |
| ၈း၅၅ | Weekly Sports Diary |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅၈) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃+၄) |
| ၃း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (အောင်စေပိုင် ကုမ္ပဏီ၏ စက်ပစ္စည်းအသစ်များမိတ်ဆက်ပွဲအခမ်းအနား) |
| ၅း၃၀ | Food& Decor |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၁၂) |
| ၇း၁၀ | Fashion Week |
| ၇း၄၀ | Myanmar's Got Talent (Semi Final)(LIVE) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅၉) |
| ၁၀း၁၅ | MUSIC LIVE Tonight |
| ၁၀း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၅+၆) |
| ၀၀း၂၀ | MRTV-4 Stage |
| ၀၀း၅၀ | World of Knowledge (Doomsday Prepper: Friends Can Become Enemies) |

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | -အဖွင့် -မိုးလေဝသအစီအစဉ် -ကာတွန်းအစီအစဉ် "Minuscule Valley of the Lost Ants"(အပိုင်း-၂) |
| ၆း၅၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၇း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မဟာတရား" |
| ၈း၅၀ | MRTV Entertainment Music |
| ၉း၀၀ | စာရေးဆရာ ချစ်ဦးညို (အပိုင်း-၂) |
| ၉း၄၀ | မြန်မာရုပ်ရှင်"ပွဲကိုင်ရှင်" |
| ၁၂း၀၀ | -အစီအစဉ်ပြီး၏ |

တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။

### မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၄၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၅ | စာပေအလင်းစာပေသတင်း |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၂၀ | Guide For You |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၅ | Lucky Door |
| ၁၁း၅၀ | တစ်ပတ်အတွင်း ပြည်တွင်းသတင်း |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဆုံးသတ်တစ်နေ့ အပိုင်း(၂) |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၈၁) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၅၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၄၁) |
| ၅း၄၅ | ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၅၁) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ ပဟေဠိနန်းတော် ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အနားမညီတြိဂံ အပိုင်း(၁၈) |

# ဆမ်အလာဒိုက်စ်အား အင်္ဂလန်နည်းပြအဖြစ်ခန့်အပ် နည်းပြသစ်အား အသင်းခေါင်းဆောင်ရွန်းနီကြိုဆို



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် အသက်(၆၁)နှစ်အရွယ်ရှိ ဆန်းဒါးလန်းအသင်းနည်းပြ ဆမ်အလာဒိုက်စ်အား ကနဦးအနေဖြင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ အင်္ဂလန်အသင်းနည်းပြသစ်အဖြစ် ခေါ်ယူခန့်အပ်လိုက်ပြီဖြစ်သည်။

ဆမ်အလာဒိုက်စ်အား နည်းပြဟောင်း ရွိုင်းဟော့ဂ်ဆန်၏နေရာတွင် အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ပြီး နည်းပြရွိုင်းဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တွင် အိုက်စလန်အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သူဖြစ်သည်။

နည်းပြသစ် ဆမ်အလာဒိုက်စ်သည် လက်ရှိတွင် အင်္ဂလန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရပြီဖြစ်သောကြောင့် အင်္ဂလန်နည်းပြဘဝ ပထမဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၄ ရက်တွင် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည့် ပွဲစဉ်တွင် စတင်ကိုင်တွယ်ခွင့်ရရှိမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် စက်တင်ဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးပါက အောက်တိုဘာတွင် မော်လ်တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားဝင်ခွင့်ခြေစစ်ပွဲအုပ်စုအဆင့်တွင် ဆလိုဗက်ကီးယားအသင်း၊ စကော့တလန်အသင်းနှင့် လစ်သူရေးနီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မည်ဟုလည်း အင်္ဂလန်အသင်းက ယုံကြည်ထားသည်။

ဆမ်အလာဒိုက်စ်သည် ဆန်းဒါးလန်းအသင်းအား ကိုးလကြာတာဝန်ယူကိုင်တွယ်ကာ အသင်းနည်းပြအဖြစ်မှ ထွက်ခွာခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းသည် ရှစ်နှစ်တာကာလအတွင်း ကိုးဦးမြောက်နည်းပြခန့်အပ်ရန် ရှာပုံတော်ဖွင့်နေရပြီဖြစ်သည်။ လက်ရှိတွင် ဆမ်အလာဒိုက်စ်သည် ဆန်းဒါးလန်းအသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သောကြောင့် ဆန်းဒါးလန်းအသင်းနည်းပြသစ်မှာ ဒေးဗစ်မိုယက်စ်ဖြစ်လာဖွယ်ရှိကြောင်းလည်း သိရသည်။

ဆမ်အလာဒိုက်စ်သည် ဘော်လ်တန်အသင်း၊ နယူးကာဆယ်အသင်း၊ ဆန်းဒါးလန်းအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့တွင်လည်း နည်းပြအဖြစ်တာဝန်ယူခဲ့ဖူးသည့် နည်းပြဖြစ်သည်။ လက်ရှိတွင် အင်္ဂလန်နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းကြောင့် ဆမ်အလာဒိုက်စ်သည် ၁၄ ဦးမြောက်အင်္ဂလန်အသင်းနည်းပြဖြစ်လာခဲ့သည်။

ဆမ်အလာဒိုက်စ်သည် အဓိကဆုဖလားတစ်ကြိမ်မှ မရရှိခဲ့သော်လည်း ဘော်လ်တန်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကို ပရီမီယာလိဂ်သို့ တန်းတက်လာနိုင်အောင် စွမ်းဆောင်ပေးခဲ့သည့်မှတ်တမ်းရှိခဲ့သူဖြစ်သည်။ အင်္ဂလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရပြီးနောက် အင်္ဂလန်အသင်းအတွက် မည်သည့်အရာမဆိုအကူအညီပေးနိုင်ကြောင်းနှင့် အင်္ဂလန်အသင်းပရိသတ်များအတွက်လည်း အောင်မြင်မှုပေးစွမ်းနိုင်မည်ဟု ယုံကြည်ထားကြောင်း ဆမ်အလာဒိုက်စ်က ဆိုသည်။

ဆမ်အလာဒိုက်စ်၏ နည်းပြဘဝဖြတ်သန်းမှုကို ကြည့်မည်ဆိုပါက ၁၉၉၄-၉၆ တွင် ဘလက်ပူးလ်၊ ၁၉၉၇-၉၉ တွင် နော့ကောင်တီ၊ ၁၉၉၉-၂၀၀၇ တွင် ဘော်လ်တန်၊ ၂၀၀၇-၂၀၀၈ တွင် နယူးကာဆယ်၊ ၂၀၀၈-၂၀၁၀ တွင် ဘလက်ဘန်း၊ ၂၀၁၁-၂၀၁၅ တွင် ဝက်စ်ဟမ်းနှင့် ၂၀၁၅-၂၀၁၆ တွင် ဆန်းဒါးလန်းအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ဆမ်အလာဒိုက်စ်အား အင်္ဂလန်အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကောင်းမွန်သောခန့်အပ်မှုဖြစ်ကြောင်းနှင့် ဆမ်အလာဒိုက်စ်ကိုလည်း ကြိုဆိုပါကြောင်း အင်္ဂလန်အသင်း ခေါင်းဆောင်ရွန်းနီက ပြောကြားခဲ့သည်။အသက်(၃၀)အရွယ်ရှိ ရွန်းနီသည် အင်္ဂလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၁၅ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၃ ဂိုးအထိသွင်းယူထားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

(ငွေကြယ်)

# စပါးနည်းပြ ပိုချက်တီနိုအား အာဂျင်တီးနားအသင်းချဉ်းကပ်



အာဂျင်တီးနားအသင်းသည် လစ်လပ်လျက်ရှိသည့် နည်းပြနေရာအတွက် စပါးနည်းပြ ပိုချက်တီနိုကို ခေါ်ယူနိုင်ရန် ချိတ်ဆက်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်အေ) ဥက္ကဋ္ဌ ဖြစ်သူ အာမန်ဒို ပီရက်ဇ်သည် အက်သလက်တီကိုနည်းပြ ဒီယေဂို ဆီမြွန်နီ၊ ဆီဗီလာနည်းပြ ဆမ်ပါအိုလီတို့နှင့် ဆွေးနွေးရန် စပိန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီးနောက် ဥရောပတွင်ရှိနေစဉ်အတွင်း ပိုချက်တီနိုနှင့်ပါ ဆက်လက်တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် ပိုချက်တီနိုမှာ စပါးအသင်းနှင့် ၂၀၂၁ခုနှစ်အထိ သက်တမ်းရှိစာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ ထို့အပြင် ဥက္ကဋ္ဌပီရက်ဇ်က လက်ရွေးစင်အသင်းမှ အနားယူပြီဟု ကြေညာခဲ့သော ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီနှင့်လည်း တွေ့ဆုံဦးမည်ဖြစ်သည်။ မက်ဆီသည် ပြီးခဲ့သည့်လ ကိုပါအမေရိကဖလားဗိုလ်လုပွဲတွင် အာဂျင်တီးနားက ချီလီအား ပင်နယ်တီဖြင့် အရေးနိမ့်ခဲ့ပြီးနောက် အာဂျင်တီးနားလက်ရွေးစင်အဖြစ်မှ အနားယူပြီဟု ကြေညာခဲ့ရာ ပီရက်ဇ်က မက်ဆီ၏ ဆုံးဖြတ်ချက် ပြန်လည်ပြင်ဆင်ရန် လိုလားနေခြင်းဖြစ်သည်။ မက်ဆီကြေညာခဲ့ပြီး တစ်ပတ်အကြာတွင် နည်းပြမာတီနိုလည်း ရာထူးမှ နုတ်ထွက်သွားခဲ့ရာ လာမည့် ဩဂုတ်တွင် ကျင်းပမည့် ရီယိုအိုလံပစ်ပြိုင်ပွဲဝင် အာဂျင်တီးနားအသင်းအတွက် နည်းပြအမည်စာရင်းပေးနိုင်ရန်ပင် အခက်တွေ့နေခြင်းဖြစ်သည်။

# မန်ယူရဲ့ ဂိုးပြတ်ရှုံးပွဲအတွက် မော်ရင်ဟို မစိုးရိမ်

ရှန်ဟိုင်းမြို့မှာ ကစားခဲ့တဲ့ ရာသီကြိုချစ်ကြည်ရေး ခြေစမ်းပွဲမှာ မန်ယူအသင်းဟာ ဒေါ့မွန်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ဒီရလဒ်အတွက် နည်းပြသစ်မော်ရင်ဟိုက စိုးရိမ်စိတ်မရှိဘူးလို့ တုန့်ပြန်ခဲ့ပါတယ်။ ဒေါ့မွန်အတွက် သွင်းဂိုးတွေကို ကက်စ်ထရိုက နှစ်ဂိုး၊ ဒမ်ဘီလီနဲ့ အော့ဘာမီယန်တို့က တစ်ဂိုးစီ အသီးသီး သွင်းယူပေးခဲ့ပြီး မန်ယူရဲ့ တစ်လုံးတည်းသော သွင်းဂိုးကိုတော့ အသစ်ခေါ်ယူထားတဲ့ အမ်ခီတာရမ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုကတော့ "သူတို့( ဒေါ့မွန်)က အတော့်ကို ကောင်းကောင်းကစားနိုင်ပါတယ်။ ပြီးတော့ လွန်ခဲ့တဲ့ တစ်လကတည်းက ရာသီကြိုပြင်ဆင်မှုတွေလုပ်ပြီး ခြေစမ်းပွဲလေးပွဲကစားထားတဲ့အသင်းပါ။ ဒါကြောင့် ဘယ်အသင်းက ပိုကောင်းတယ်ဆိုတာတော့ ပြောဖို့ခက်ပါတယ်" လို့ ဆိုပါတယ်။

မန်ယူအသင်းဟာ လာမယ့် ဇူလိုင် ၂၅ရက်မှာ ဘေဂျင်းမြို့ရှိ အမျိုးသားအားကစားကွင်းထဲမှာ မြို့ခံပြိုင်ဘက် မန်စီးတီးနဲ့ ခြေစမ်းပွဲ ဆက်လက်ယှဉ်ပြိုင်ကစားဖို့ရှိနေပါသေးတယ်။ အဲဒီနောက် ဥရောပကို ပြန်လာပြီး ဇူလိုင် ၃၀ ရက် ဂိုသန်ဘာ့ဂ်မြို့မှာ ဂါလာတာစာရေးအသင်းနဲ့ ခြေစမ်းဦးမှာပါ။



မေလှသင်း-ရေးသားသည်

# ဟားလ်စီးတီးအသင်းနည်းပြ စတိဗ်ဘရုစ် ရာထူးမှ နုတ်ထွက်



ယခုနှစ်ရာသီ ပရီမီယာလိဂ်သို့ တန်းတက်လာသည့် ဟားလ်စီးတီးအသင်းနည်းပြ စတိဗ်ဘရုစ်မှာ ရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။ အသက်(၅၅)နှစ်ရှိ ဘရုစ်သည် ဇူလိုင်၂၂ရက်တွင် ပြုလုပ်သည့် အသင်းလေ့ကျင့်ရေး အစီအစဉ်သို့ လာရောက်ခဲ့ခြင်းမရှိသည့်နောက် ရာထူးမှ နုတ်ထွက်သည်မှာ သေချာသွားခဲ့ခြင်းဖြစ်သည်။

စတိဗ်ဘရုစ်အနေဖြင့် ဟားလ်စီးတီးနှင့် လမ်းခွဲလိုသည့် အဓိကအကြောင်းရင်းတစ်ချက်မှာ ဟားလ်စီးတီးအသင်းဒုတိယဥက္ကဋ္ဌ အီဟက်အလန်မ်နှင့် ဆက်ဆံရေးမပြေလည်ခြင်းကြောင့် ဖြစ်သည်။ ၎င်းမှာ အင်္ဂလန်နည်းပြအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)နှင့် ဆက်သွယ်ခဲ့သော်လည်း အက်ဖ်အေက ဆန်းဒါးလန်းနည်းပြ ဆမ်အလာဒိုက်စ်ကိုသာ နည်းပြသစ်အဖြစ် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် စတိဗ်ဘရုစ်မှာ ဆန်းဒါးလန်းနည်းပြ ဖြစ်လာမည်ဟု ထင်ကြေးပေးမှုများလည်း မြင့်တက်လာသည်။

စတိဗ်ဘရုစ်သည် ၂၀၁၂ ခုနှစ်တွင် ဟားလ်စီးတီးကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပရီမီယာလိဂ်သို့နှစ်ကြိမ် တန်းတက်နိုင်စေရန်ဦးဆောင်နိုင်ခဲ့သလို အက်ဖ်အေဖလားဗိုလ်လုပွဲ တစ်ကြိမ်နှင့် ယူရိုပါလိဂ်ဝင်ခွင့်တစ်ကြိမ် ဝင်ခွင့်ရရှိစေရန်ပါ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့် မေလတွင် ဟားလ်စီးတီးအသင်းသည် ရှက်ဖီးဝင့်စ်ဒေးအသင်းနှင့် Play-Off ပွဲစဉ် ကစားပြီးနောက် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့သည်။

## တိုက်စစ်မှူးဘရာဟီနိုအတွက် ခရစ္စတယ်ပဲလေ့စ်နှင့် စတုတ်စီးတီးအသင်းတို့မှ ကမ်းလှမ်းမှုကို ဝက်စ်ဘရွန်းပယ်ချ

ဝက်စ်ဘရွန်းအသင်းသည် တိုက်စစ်မှူး ဘရာဟီနိုအတွက် ခရစ္စတယ်ပဲလေ့စ်နှင့် စတုတ်စီးတီးအသင်းတို့၏ ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀ ဖြင့် ကမ်းလှမ်းလာမှုများကို ပယ်ချလိုက်သည်။ ပဲလေ့စ်သည် ပေါင်သန်း၂၀အပြင် အပိုဆုကြေးငွေ ပေါင် ၃ သန်းဖြင့် ကမ်းလှမ်းခဲ့သလို စတုတ်ဘက်ကလည်း ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းနှင့် အပိုဆုကြေးပေါင် ၃ သန်းတို့ဖြင့် အသီးသီး ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဘရာဟီနိုသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီ၌ ခြေစွမ်းပိုင်း သိသိသာသာကျဆင်းကာ သွင်းဂိုး လေးဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ပဲလေ့စ်သည် တိုက်စစ်မှူး ဒွက်စ်ဂေးလ်အား နယူးကာဆယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့်ရောင်းချခဲ့ပြီးဖြစ်ရာ တိုက်စစ်နေရာအတွက် ဘရာဟီနိုအား အသည်းအသန် ခေါ်ယူလိုခြင်းဖြစ်သည်။

## ပြည်တွင်းရေးရာ

### အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ မော်လိုက်မြို့၌ကျင်းပ

**မော်လိုက် ဇူလိုင် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် ပြည်သူများအနေဖြင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အထူးကုန်စည်ခွန် ဥပဒေများကို သိရှိနားလည်စေရန်အတွက် အခွန်ပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂နာရီက မော်လိုက်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် မော်လိုက်မြို့နယ် အခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်နွယ်မြင့်က ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အခွန် ဦးစီးမှူး ဦးမောင်မောင်သန့်က ၂၀၁၆ ခုနှစ် အထူးကုန်စည်ခွန် ဥပဒေနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်းပြည်သူများ သိရှိနားလည်စေရန် အခွန်ပညာပေးဆွေးနွေးခဲ့သည်။ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား မြို့နယ်အခွန်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မော်လိုက်သားလေး**

### ကျန်းမာရေးနှင့်မညီညွတ်သော ရက်လွန်မုန့်များ ဖျော်ရည်များစစ်ဆေး

**ပင်လည်ဘူး နှန် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်ကျန်းမာရေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များပူးပေါင်း၍ ဇူလိုင်၂၂ ရက်က မြို့ပေါ်ရပ်ကွက်အတွင်းရှိ စားသောက်ကုန်မုန့်ဆိုင်များနှင့် ကျောင်းဈေးဆိုင်များတွင်ရောင်းလျက်ရှိသာ ကျန်းမာရေးနှင်မညီညွတ်သော ရက်လွန်မုန့်များ၊ ဖျော်ရည်များကို စစ်ဆေးခဲ့ပြီး စားသောက်ရန် မသင့်သော မုန့်နှင့်ဖျော်ရည်များကို မရောင်းချကြရန် မှာကြားစစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။

အဆိုပါစစ်ဆေးမှုများကို မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ မုန့်ဆိုင်များကိုလည်း စစ်ဆေးမှုများ ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

# ချင်းတွင်းမြစ်အတွင်း မောင်းနှင်နေကြသည့်ကုန်တင်အမြန်ရေယာဉ်များ မြစ်ကမ်းပါးနှင့်ခွာ၍မောင်းနှင်စေလို



**မော်လိုက် ဇူလိုင် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် ပြန်လည်မြင့်တက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ ၁၂၇၄ သို့ ရောက်ရှိနေသဖြင့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ချင်းတွင်းမြစ်အတွင်း စုန်၊ ဆန် သွားလာမောင်းနှင်နေကြသည့် ကုန်တင်အမြန်ရေယာဉ်များ၊ ခရီးသည်တင်အမြန်ရေယာဉ်များ မောင်းနှင်ကြရာတွင် ရေစီးမသန်လှသည့် မြစ်ကမ်းပါးနှင့်ကပ်၍ မောင်းနှင်နေကြသည့်အတွက် ရေလှိုင်းပုတ်ခတ်မှုဒဏ်ကြောင့် ကမ်းပါးများပိုမို ပြိုကျမည်ကို ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်နေကြောင်း ဒေသခံများကပြောသည်။

"ကျွန်တော်တို့ စွယ်တော်ရပ်ကွက်လေးက မြစ်ကမ်းဘေးမှာရှိသည့် ရပ်ကွက်လေး တစ်ခုဖြစ်ပြီး မြေသားများမှာ မြေနုမြေရွှံ့များဖြစ်သည်။ယခုလို ချင်းတွင်းမြစ်ရေ ပြန်လည်မြင့်တက်လာသည်နှင့် အမျှ မော်တော်ရေယာဉ်များကလည်း ရေသာခိုပြီး ကျွန်တော်တို့ ရပ်ကွက်ကမ်းပါးကိုကပ်ပြီး မောင်းနှင်နေကြတယ်ဗျ။ တချို့ကုန်အမြန်ရေယာဉ်တွေဆိုရင် ကုန်းပေါ်တက်မောင်းတော့မလား ထင်ရတယ်ဗျ။ ကျွန်တော်တို့ ရပ်ကွက်လေးက ဒီလအစပိုင်းက ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ပြိုကျခဲ့တဲ့ ကမ်းပါးနေရာတွေဆိုရင် အခုချိန်ထိ ကောင်းကောင်းမပြုပြင်ရသေးဘူးဗျ။ ဒီလိုမပြုပြင်ရသေးတဲ့အချိန်မှာ ပိုမိုမဆိုးရွားသွားအောင် ရေယာဉ်များအားလုံး အနေနဲ့ စက်ရှိန်လျှော့ချ ကမ်းပါးနဲ့ခွာပြီး မောင်းနှင်ကြစေလိုပါတယ်။ အဆန်ကုန်တင်အမြန်ရေယာဉ်တွေကပိုဆိုးတယ်ဗျ။ ဒီကုန်တင်အမြန်ရေယာဉ်တွေက ကမ်းနဲ့လည်းကပ်ပြီး မောင်းသေးတယ်၊ စက်ရှိန်ကိုလည်း မလျှော့ပေးဘူး၊ တော်တော်ဆိုးတယ်ဗျ။ သူတို့ မော်တော်ရေယာဉ်ကလာတဲ့ ရေလှိုင်းတွေကြောင့် ကျွန်တော်တို့ရပ်ကွက် မြစ်ကမ်းပါးပြိုကျမှုကို ပိုမိုဆိုးရွားနိုင်တယ်။ သက်ဆိုင်ရာအာဏာပိုင်များက အမြန်ဆုံး ကြပ်မတ်ပေးပြီး မြို့ဝင်၊ မြို့ထွက်များတွင် ရေယာဉ်များအားလုံး စက်ရှိန်လျှော့၍ မြစ်ကမ်းပါးနှင့်ခွာ၍ မောင်းနှင်ကြစေလိုပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**ထက်မြင့်မိုရ်(မော်လိုက်)**

### မကွေး ဆီထွက်သီးနှံ ဗဟိုသုတေသန စိုက်ပျိုးရေးခြံတွင် ကွင်းသရုပ်ပြပွဲ ပြုလုပ်

**မကွေး ဇူလိုင် ၂၃**
မကွေးတိုင်းဒေသကြီး မကွေး ဆီထွက်သီးနှံ ဗဟိုသုတေသန စိုက်ပျိုးရေးခြံတွင် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးသည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (WSAT) စိုက်ပျိုးရေး သုတေသနဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့် Field Day စိုက်ကွင်း သရုပ်ပြပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စိုက်ပျိုးရေးခြံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးခြံတာဝန်ခံ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဦးသိန်းဌေးဦးက ကွင်းသရုပ်ပြပွဲ ပြုလုပ်ရသော အကြောင်းရင်းနှင့် စီမံကိန်းဆိုင်ရာ အကျဉ်းချုပ်အား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးခိုင်မင်းမှ တောင်သူပညာပေး သင်တန်းဆိုင်ရာ နည်းပညာ အချက်အလက်များကို ပြောကြားခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသော တောင်သူများသည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဆီထွက်သီးနှံ ဗဟိုသုတေသနခြံအတွင်း စိုက်ပျိုးထားသော မျိုးပွားစံပြကွက်များ၊ သုတေသန စမ်းသပ်ကွက်များ၊ သီးနှံပုံစံ ရာသီဥတုဒဏ်ခံနိုင်သော မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ မျိုးသစ်များအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မကွေးမြို့နယ် အလယ်ဘို၊ ဖိုလေးလုံး၊ ကံသာ၊ နတ်ကန်၊ ချောင်းဖြူ ကံသာကြီး၊ ကံသာလေး ကျေးရွာများမှ တောင်သူ ၁၀၁ ဦးနှင့် ဌာနတာဝန်ရှိ ဝန်ထမ်း ၄၅ ဦးတို့တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော တောင်သူများ၏ စိတ်ဝင်တစား သိရှိလိုသည့် မေးမြန်းမှုများအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

ကွင်းသရုပ်ပြပွဲအတွင်း တက်ရောက်ခဲ့သည့် တောင်သူ ဦးလှကျော်က ယခုကဲ့သို့ ကွင်းသရုပ်ပြပွဲ နှစ်စဉ်ပြုလုပ်ပေးခဲ့သည့်အတွက် စိုက်ပျိုးခြံတာဝန်ရှိသူများအား အထူးကျေးဇူးတင်ကြောင်း၊ နှစ်စဉ်လည်း တက်ရောက်နိုင်ခဲ့လို့ စိုက်ပျိုးရေးအသိပညာ ဗဟုသုတများစွာရရှိပြီး လက်တွေ့ စိုက်ပျိုးရေးနယ်ပယ်မှာ ကောင်းစွာအသုံးချနိုင်ခဲ့ကြောင်း၊ ခေတ်စနစ်ပြောင်းလဲလာတာနှင့်အမျှ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဒေသ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်း၊ အရည်အသွေးကောင်းပြီး ရာသီဒဏ်ခံနိုင်တဲ့ မျိုးကောင်း မျိုးသန့်များရရှိ ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့၍ စိုက်ပျိုးအောင်မြင်မှုရရှိခဲ့ကြောင်း၊ နောင်တွင်ပြုလုပ်ပေးမည့် စိုက်ပျိုးရေးကွင်းသရုပ်ပြပွဲများကို မိမိကဲ့သို့ အခြားသောတောင်သူကြီးများကိုလည်း စိုက်ပျိုးရေး နည်းပညာများ လေ့လာကြည့်ရှုရယူလိုစေကြောင်း၊ ယခုတက်ရောက်ခဲ့ကြသည့် တောင်သူများကလည်း မိမိတို့ကျေးရွာတွင် သရုပ်ပြပွဲသို့ မလာရောက်နိုင်သည့် တောင်သူများကို လေ့လာသိရှိခွင့်ရခဲ့သော စိုက်ပျိုးရေးနည်းပညာများကို ဖလှယ်ပေးစေလိုကြောင်း စသည်ဖြင့် တက်ရောက်လာတောင်သူများအား ပြောကြားခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ကျွန်းစုမြို့နယ်၌ ပင်လယ်ရေပြင် ကယ်ဆယ်ရေးလုပ်ငန်းအား ဇာတ်တိုက်လေ့ကျင့်

**ကျွန်းစု ဇူလိုင် ၂၃**
ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ပင်လယ်ရေပြင်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ကျွန်းစုမြို့နယ် မီးသတ်ဦးစီးဌာနက ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲခန့်က ကျွန်းစုမြို့ဆိပ်ကမ်း အရှေ့ရေပြင်တွင် ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် ကျွန်းစုမြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များနှင့် မရွှေဦးကျေးရွာ၊ (အောက်ပိုကြပ်)နေ ပြည်သူများ ပူးပေါင်းကာ ပင်လယ်ရေပြင်တွင် သဘာဝဘေးကျရောက်ချိန်တွင်အများပြည်သူများ၏ အသက်ဘေးအန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးထိရောက်အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**



### ရေးဒေသထွက်ဒူးရင်းသီးများ ဈေးကောင်းရရှိ

**ရေး ဇူလိုင် ၂၃**
မွန်ပြည်နယ် ရေးမြို့နယ် ရာသီပေါ်သီးနှံ ကုန်စည်ဈေးကွက်တွင် ရေးဒူးရင်းသီးများမှာ ယခင်နှစ်များထက် စိုက်ပျိုးတောင်သူများမှာ ဈေးကောင်းရရှိကြောင်း သိရသည်။ "ဒီနှစ်ကတော့ အရင်နှစ်ထက် ရာသီဥတုကပိုပူပြင်းတယ်။ ဒူးရင်းသီးပထမအသုတ်က တပေါင်း၊ တန်ခူးလမှာ စတင်ထွက်ရှိပါတယ်။ ဒုတိယအသုတ် ဒူးရင်းသီးအထွက်များဆုံး ဝါဆိုလအတွင်းမှာ ပိုမိုထွက်ရှိပြီး ဝါခေါင်လအထိ ဒူးရင်းသီးများထွက်ရှိပါတယ်။ အထွက်ကောင်းတဲ့အပင်တစ်ပင်လျှင် တစ်ရာသီပတ်လုံးတွင် အလုံးရေ ၁၀၀ ဝန်းကျင်အထိရရှိကြောင်း" စိုက်ပျိုးတောင်သူ ဦးမောင်ငြိမ်း ကပြောသည်။

ရေးမြို့နယ် ဒူးရင်းသီး လက်ရှိအဝယ်ဒိုင်ပေါက်ဈေးမှာ အလုံးအရွယ်စားပေါ်မူတည်ပြီး အနိမ့်ဆုံး ၁၇၀၀ ကျပ်ကနေ အမြင့်ဆုံး ကျပ်၂၆၀၀အထိရရှိပြီး အဆိုပါ ရေးဒူးရင်းသီးများကို မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်ဈေးကွက်အထိ တင်ပို့ရောင်းချရသည်။

**ထွန်းထွန်း(ရေး)**

လူငယ်ဆောင်းပါး

# ကမ္ဘာကြီးအား အိမ်တွင်လုံး၍ ကျောင်းတွင် မပြားစေချင်ပါ

**မောင်ရင်ခတ(ဒေးဒရဲ)**



လက်ရှိအချိန်၌ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများစွာ ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံသည် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဟု ကြွေးကြော်ထားသည် နှင့်အညီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များတွင် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးသည်လည်း အင်မတန် အရေးကြီးပါတယ်။

ခေတ်အဆက်ဆက်၌ ကုစားခဲ့သော လျော့လျော့ရဲရဲ စီမံကိန်းများကြောင့် ပညာရေးကဏ္ဍသည် အင်မတန်ချည့်နဲ့နေပေပြီ။ ဆရာ၊ ဆရာမအင်အား လိုအပ်ချက်အား ဖြေရှင်းနည်းသည် ယခုထက်ပို၍ စနစ်ကျသင့်သည်ဟု စာရေးသူယူဆပါတယ်။ ဆရာ၊ ဆရာမများ၏ အရည်အချင်းမြှင့်တင်ရေးကဏ္ဍကလည်း ယခုထက်ပို၍ ထိရောက်သင့်ပါပြီ။

စာရေးသူရဲ့ ညီလေးသည် ယခုအခါ နဝမတန်းကို တက်ရောက်နေပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်ခန့်က အခန်းဆုံးစစ်ဆေးခြင်းအား ဖြေဆိုရပါတယ်။ ဓာတုဘာသာရပ်ဖြေဆိုအပြီးမှာ စာရေးသူကို ညီလေးက ဖုန်းဆက်ပါတယ်။ "အချို့သော ဒြပ်စင်များကိုဓာတ်ခွဲခန်းတွင် လူတွေ မပြုလုပ်ပါ"ဆိုသော မှား၊မှန် ရွေးချယ်ရသည့် မေးခွန်းအား ဘယ်လိုဖြေရမလဲလို့ မေးပါတယ်။ စာရေးသူသည် ထိုမေးခွန်းအား ကောင်းစွာ သတိထားမိပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာ "အချို့သော ဒြပ်စင်များကို ဓာတ်ခွဲခန်းတွင် လူတို့ ပြုလုပ်ထားခြင်းဖြစ်သည်" ဟူ၍ ပါရှိပါတယ်။ အချို့ကို လူတွေပြုလုပ်ဖန်တီးထားပေမယ့် အချို့ကို သဘာဝအလျောက်တွေ့ရှိရပါတယ်လို့ ညီလေးအား ရှင်းပြဖူးပါတယ်။ ထိုကြောင့် ညီလေးသည် အချို့ဒြပ်စင်များအား ဓာတ်ခွဲခန်းတွင် လူတွေလုပ်ထားခြင်း မဟုတ်ပါ ဟူသော မေးခွန်းအားမှန်ဟု ဖြေခဲ့ပါတယ်။ စာရေးသူ ညီလေးကမှန် လို့ ဖြေလာတာကို စာစစ်ဆရာမ က မှားလို့ ဖြေမှ မှန်တယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက် စာရေးသူဟာ အမှတ်ရတာ မရတာထား။

ကလေး၏အတွေးကို အားပေးတဲ့အနေနဲ့ စာစစ်ဆရာမအား ဆက်သွယ်မေးမြန်းခဲ့ပါတယ် (ယခုအခါ အဆင့် A၊ အဆင့် Bom သတ်မှတ်၍ ထုတ်ပြန်မည်ဟူ၍ စာရေးသူ ကြားသိရပြီး ဖြစ်ပါသည်)။ အဲ့လိုမေးတဲ့အခါ ဆရာမ၏ အဖြေကြောင့် စာရေးသူ အင်မတန်အံ့အားသင့်ခဲ့ရပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာကြောင်းဟာ အမှန်ဖြစ်တယ်။ အဲ့ဒီစာကြောင်းကို မ(not)ထည့် လိုက်တဲ့အခါ အမှားဖြစ်သွားတယ်ဆိုတဲ့ ဆရာမရဲ့ ဖြေရှင်းချက်ဟာ မြန်မာနိုင်ငံ ပညာရေးအတွက် အင်မတန် ရင်လေးစရာကောင်းကြောင်း တွေးဆမိပါတယ်။ စာရေးသူသည် ညီလေးအားကမ္ဘာကြီးသည် အိမ်တွင်လုံး၍ ကျောင်းတွင်ပြားရမည်ဟူ၍ မသတ်မှတ်စေချင်ပါ။

စာရေးသူတို့ ပညာရေးတက္ကသိုလ်စာသင်ခန်းများမှာ ဆွေးနွေးငြင်းခုံခဲ့ကြတဲ့ ၂၁ရာစု စွမ်းရည်များ၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ကျိုးကြောင်းတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ကျိုးကြောင်းပြစွမ်းရည်များဟာ ပညာရေးတက္ကသိုလ်ဆင်း ဘီအက်ဒ်(B.Ed)ဘွဲ့ရ ဆရာ ဆရာမများ ထံမှာတောင် ပါရှိပါရဲ့လားလို့ တွေးဆစရာဖြစ်လာပါတယ်။ ယခုပြဿနာတွေရဲ့ အရင်းအမြစ်ဟာ ရက်တိုအဝေးသင်ပညာရေးစနစ်ကြောင့်သာဖြစ်ပါတယ်လို့ စာရေး သူက ယိုးမယ်ဖွဲ့လိုက်ချင်ပါတယ်။ မူလတန်းပြလုပ်သက်၊ အလယ်တန်းပြလုပ်သက်များနဲ့ ပညာရေးဘွဲ့ဝင်ခွင့်များ ဖြေဆိုကြတဲ့အခါ အကြောင်းကြောင်းသော နည်းလမ်းများနဲ့ ဝင်ခွင့်အောင်ခဲ့ကြပါတယ်။ ပြီးတော့ ပညာရေးတက္ကသိုလ်မှာရက်တိုလေးဖြင့် နှစ်နှစ်တာ ကြာမြင့်သွားတဲ့အခါ ပညာရေးဘွဲ့အား ပေးအပ်လိုက်ရပါတော့တယ်။ ယင်းဆရာ ဆရာမ အချို့သည် ဘာသာရပ်အား မကျွမ်းကျင်သော်လည်း တာဝန်ခန့်အပ်ခြင်းခံရသည့်အခါ ကျရာဘာသာရပ်အား သင်ကြားရပါတော့တယ်။ ဒါကြောင့်ပညာရေးပြုပြင်ပြောင်းလဲရေးကဏ္ဍ၌ ဘီအက်ဒ် စာပေးစာယူစနစ်ပြောင်းလဲရေးဟာလည်း အလွန်အရေးကြီးပါတယ်။

မူလတန်းပြခန့်အပ်ပြီးနောက် လုပ်သက်အနည်းငယ်ရလာတဲ့အခါ အလယ်တန်းပြလျှောက်ကြပါတယ်။ ထိုဆရာ ဆရာမတို့သည် မူလတန်းများ၌ ကျွမ်းကျင်နေပြီဖြစ်ရာ မူလတန်း၌ ကျွမ်းကျင်သူများဆုံးရှုံးသွားလေတော့တယ်။ ထို့အတူ အလယ်တန်းပညာမှာလည်းအသစ်မှ ပြန်စလေ့လာရတဲ့အတွက် အနည်းငယ်နစ်နာပါတယ်။ အလားတူ အလယ်တန်းပညာမှာ ကျွမ်းကျင်လာတဲ့အခါ အထက်တန်းသို့ ပြောင်းရွှေ့သွားပြန်တယ်။ ထိုအခါ ကျွမ်းကျင်သူ အလယ်တန်းပညာရှင်ဆရာ ဆရာမများအား ထပ်မံဆုံးရှုံးသွားရပြန်တယ်။ ဒါကြောင့်ရာထူးတိုးစနစ်ကိုလည်း အဆင့်သတ်မှတ်ကာ ပုံစံပြောင်းသင့်ပါပြီ။ ဒါမှသာ ကျွန်တော်တို့ဟာ ပညာရေးမှာ ကျွမ်းကျင်တဲ့ ဆရာ ဆရာမတွေ ထပ်မံမဆုံးရှုံးတော့မှာ ဖြစ်ပါတယ်။

အခြေခံပညာကဏ္ဍနဲ့ အဆင့်မြင့်ပညာကဏ္ဍ မတူသည်မှာ ပညာသင်ယူသူတွေရဲ့ အသက်အရွယ်အပိုင်းအခြားပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ဆရာ ဆရာမများ ကလေးစိတ်ပညာ သင်ကြားခြင်းမခံခဲ့ရပါက လက်ခံလို့ရနိုင်သေးသော်လည်း အခြေခံဆရာ ဆရာမများ ကလေးစိတ်ပညာသင်ကြားခြင်း မခံရတဲ့အခါ အန္တရာယ်များစွာရှိပါတယ်။ မှတ်မှတ်ရရဆိုရရင် စာရေးသူပတ်ဝန်းကျင်မှာ "ကလေးတွေကထူလိုက်တာ"လို့ ဆရာ ဆရာမငယ်လေးများ ညည်းညူတာ အမြဲတစေကြားရပါတယ်။ ကလေးငယ်တွေအပေါ် ဆရာ ဆရာမတွေ အဲ့လိုမြင်တာအတော်ရင်လေးစရာကောင်းပါတယ်။ တစ်ခါကလည်း မူလတန်းပြဆရာမလေးတစ်ယောက်ကို သူ့မောင်က "ဗန္ဓုလရဲ့ ငယ်နာမည်ဘာလဲ" လို့မေးတာကို စာရေးသူကြားမိဖူးပါတယ်။ ဆရာမက "မသိဘူးလေ"လို့ ဖြေတဲ့အခါကလေးက "မမက ဆရာမဖြစ်ပြီး ဒါလေးတောင်မသိဘူးလား" လို့ပြောရာ ဆရာမက "ငါသင်တာ မြန်မာစာလေ သမိုင်းမှ မဟုတ်တာ" လို့ ဖြေရှင်းတာ ကြားလိုက်ရပါတယ်။ ဒါကြောင့် နေ့စားလပေးဆရာ ဆရာများအား သင်တန်းသေသေချာချာ ပြန်ပေးသင့်တယ်လို့ စာရေးသူ ယူဆမိပါတယ်။ ဆရာ ဆရာမ အင်အားလိုအပ်ချက်ကြောင့် ဆွဲခန့်များပြုလုပ်ရတာကို စာရေးသူတို့ ကောင်းကောင်း နားလည်ပေးနိုင်ပါတယ်။ ဒါပေမယ့် ပညာရေးကဏ္ဍဟာအလုပ်အကိုင်ရရှိဖို့အတွက် ဖြေရှင်းစရာ အဖြေတစ်ခု မဟုတ်သင့်ပါ။ စနစ် တကျ ကောင်းမွန်ထိရောက်သော စံချိန်စံညွှန်းများနှင့် စစ်ဆေးပြီးတော့ ထိရောက်တဲ့ဖြည့်စွက်မှုများ တပ်ဆင်ပြင်ဆင်ပေးပြီးမှ သင်ကြားရေးဌာနများကို စေလွှတ်သင့်ပါတယ်။

ဒါမှလည်း ကလေးငယ်တွေကို နိုင်ငံရဲ့ရတနာ လူ့စွမ်းအားအရင်းအမြစ်လေးတွေအနေနဲ့ မှတ်ယူပြီး ကလေးငယ်တွေရဲ့အရည်အသွေးတွေကို ပိုမိုတောက်ပြောင်လာအောင် လမ်းညွှန်ပြသပေးမယ့် ဆရာ ဆရာမများ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါမှသာ "ကမ္ဘာကြီးအားကျောင်းတွင် ပြား၍ အိမ်တွင်လုံးရမည်" ဟူသော အယူအဆများ ပပျောက်ကာ ၂၁ရာစုစွမ်းရည်တွေ ပြည့်မီနေတဲ့ ကလေးငယ်များအားမွေးထုတ်ပေးနိုင်မှာ ဖြစ်ပါကြောင်း။ ။

လူငယ်ဆောင်းပါး

# ပန်းလေးတွေကို ကြင်နာပေးပါ

**ခိုင်ဟေမာန်ဦး**

ရူပဗေဒ (စတုတ္ထနှစ်)

ဥယျာဉ်တစ်ခုလှပမွှေးကြိုင်ရန် ပန်းလေးတွေကိုပျိုးပေးရတဲ့ ဥယျာဉ်မှူးလေးက သိပ်ကိုအရေးပါတယ်။ ဥယျာဉ်မှူးလေးသာ ဂရုမစိုက်လျစ်လျူရှုမိခဲ့ရင် ပန်းလေးတွေခမျာ ညှိုးနွမ်း၍ ဥယျာဉ်လေးလည်းမွှေးရနံ့ပျောက်ကာ ဆိတ်သုဉ်းသွားပေမည်။ ဒီလိုပဲ နိုင်ငံတစ်ခုတိုးတက်ဖွံ့ဖြိုးရန် ပန်းလေးနဲ့တူတဲ့ လူငယ်တွေကို ပညာသင်ပျိုးထောင်ပေးရတဲ့ ဆရာဆရာမတွေရဲ့ တာဝန်က သိပ်ကိုအရေးပါတယ်။ ဆရာဆရာမတွေသာ မကြင်နာတတ်ခဲ့ရင် စေတနာမပါခဲ့ရင် ပညာမဲ့သောသူများ ပေါလာ၍ နိုင်ငံကြီးလည်း စုတ်ပြတ်သွားမည်မှာမလွဲဧကန်ပင်ဖြစ်ပေသည်။

အခုခေတ်တွင် ကျူရှင်တည်းဟူသော ပကာသနဌာနေတစ်ခု ပေါ်လာပြီးနောက်မှာ ငွေကြေးတတ်နိုင်သော သူကြွယ်တွေရဲ့သားသမီးတွေက ပညာတတ်ကာ လူရာဝင်၍ သူဆင်းရဲ သားသမီးတွေက ကျူရှင်မထားနိုင်၍ ပညာမတတ်ဖြစ်ကာ ဆင်းရဲညွန့်မှာ နစ်သထက်နစ်လာကြသည်။ ယနေ့ခေတ်တွင် ပညာတတ်အောင်သင်ပေးသော စေတနာဆရာကားနည်းလှ၏။ ငွေကြေးကိုဦးစားပေးသော အသပြာဆရာများပေါများလာချေပြီ။ ဆရာ ဆရာမအများစုက ကျောင်းတွင်တတ်အောင်မသင် ကျူရှင်တွင်သာသင်သည်။ စာနားမလည်လျှင်သွားမေးမည်မကြံနှင့် ကျူရှင်လာနေဟုပြောမည်မှာမလွဲပေ။ အတန်းပိုင်ကျူရှင်တက်သောကလေးသည် ဆရာမ၏မျက်နှာပေး ချီးမြှောက်ခြင်းကိုခံရ၍ အပြင်ကျူရှင်နေသောကလေး(သို့) ကျူရှင်မတက်နိုင်သောကလေးသည် ထိုဆရာမ၏ နေ့စဉ်အမြင်စောင်းခြင်း၊ ရိုက်နှက်ခြင်း၊ အပြစ်ပေးခြင်းကိုသာခံကြရသည်။

ဤအရာများသည် ကျွန်မတို့မြန်မာနိုင်ငံရှိ ဆရာမအများစု၏ မပြောင်းလဲနိုင်သည့် ဆိုးရွားလှသော ပညာရေးစနစ်ဖြစ်နေသည်။ အစိုးရက မည်သို့ပင် ခြိမ်းခြောက်၍ ပြောင်းလဲပေးနေစေကာမူ ထောပတ်အိုး မလိုင်အိုးထဲ လက်ထည့်ထားရသူများအဖို့ အရသာသိနေ၍ လက်ပြန်ထုတ်ရန် အင်မတန်ခက်ခဲနေသေးသည်။ "ကျွန်မညီမလေး ဒီနှစ်မှ သူငယ်တန်းစတက်သည်။ကျောင်းတွင် အရေးမသင်သေးကဗျာများ သီချင်းများသာသင်နေ၍ လွန်စွာပျော်နေသည်။ ကျောင်းဝတ်စုံများလည်း အလကား ရသေးသည်။ ဒီတော့ မြန်မာနိုင်ငံ၏ပညာရေးစနစ်ပြောင်းလဲလာလေပြီဟု ပီတိဖြာတုန်း ရှိသေးတယ် ကျောင်းဖွင့်ပြီးတစ်လအကြာတွင် ဆရာမဆီ ကျူရှင်နေမယ့်ကလေး လက်ထောင်တဲ့။ အင်မတန် ရယ်ချင်စရာကောင်းလှသည်။အစိုးရကတောင် ဗျည်း(၃၃) လုံးမှာ ရှစ်လုံးချန်သင်ရန် ပြဋ္ဌာန်းချက်ထုတ်ထားသည်။ ဒါကိုဆရာမက ထိုကလေးများကိုအိမ်ခေါ်၍ ဘာကိုသင်ပေးမည်လဲ လွန်စွာသိချင်လှပါသည်။

မိဘများက မိမိတို့သားသမီးများစာသင်ခန်းထဲ ဆရာမအမြင်ကြည်စေရန်၊ အမှတ်ပြည့်ရစေရန် အတန်းပိုင်ကျူရှင်ထားကြသည်။ထိုကလေးများသည် နှစ်စဉ် စာမေးပွဲကို အမှတ်ကောင်းနှင့်အောင်မည်။ နောင်နှစ်အခန်းကောင်းရမည်မှာ သေချာသော်လည်း အစိုးရစစ်သောစာမေးပွဲတွင် ဒုက္ခလှလှတွေ့မည်မှာ မလွဲပေ။ အဘယ်ကြောင့်ဆိုသော် အောက်ခြေတွင် စာမကြေခဲ့သောကြောင့်ပင်။ တချို့အတန်းပိုင်များသည် ကျူရှင်တွင်လည်းတတ်အောင်သင်ပေးသည် မဟုတ်။ ပါမည့်မေးခွန်းများကိုသာ ရွေးကျက်ခိုင်းကြသည်။ ဒါကနည်းနည်းတော်သေးသည်။ ဘယ်လိုမဆို ကလေးခေါင်းထဲ စာအချို့တော့ ဝင်သွားလိမ့်မည်။ သို့သော် တချို့ ဆရာမများက ဥပမာ- (မှား၊ မှန်၊ မှန်၊ မှား၊ မှန်) ဟူ၍ အဖြေများ သာရွေးကျက်ခိုင်းကြသည်။ မည်ကဲ့သို့သော ရည်ရွယ် ချက်မျိုးလဲ မစဉ်းစားတတ်တော့ပေ။

အစိုးရကျောင်းများတွင် ထိုကဲ့သို့ဆရာမအချို့၏ (ဆရာမတိုင်းကိုမဆိုလိုပါ) ဒုက္ခအမျိုးမျိုးပေးနေမှုကြောင့် ငွေကြေးတတ်နိုင်သောမိဘများသည် သူတို့ကလေးများကို International School သို့ ပြောင်းကြလေပြီ။ သို့သော် International School အချို့တွင်လည်း အကျင့်ပျက်မှုများရှိနေသည်ကို သိသူနည်းလှသည်။ ကျောင်းတိုင်းကို မဆိုလိုပါ။ လစဉ်ကျောင်းလခ အများအပြားပေး၍ တက်နေရသော်လည်း အချိန်တန်စာမေးပွဲကြီး ဖြေလျှင် အတန်းပိုင် ဆရာမဆီ ကျူရှင်နေသောကလေးသည် အကြောင်းအမျိုးမျိုးကြောင့် ပထမရသွားတတ်သည်။ အစိုးရကျောင်းမှ တချို့ဆရာမများနည်းတူ ပါမည့်မေးခွန်းပေးတတ်ကြသည့်အပြင် စာမေးပွဲတွင် သူတို့တပည့်လေးများစာမှားနေလျှင်ပင် ဖျက်၍ပြင်ပေးတတ်ကြသည့် အလွန်ချစ်စရာကောင်းသော ဆရာမများပင်ဖြစ်ချေသည်။ တချို့ဆရာမများသည် အင်္ဂလိပ်သဒ္ဒါကိုသေချာမတတ်၍လား တမင်လုပ်နေလား မခွဲခြားတတ်ရလောက်အောင်ကိုအမှားအယွင်းများပါနေတတ်သည်။ သချာ်ကိုလည်း သူသင်တဲ့အတိုင်းတွက် တခြားနည်းဆို အမှတ်မပေးဘူးဆိုပြီး အလွတ်ကျက်မှတ်ခိုင်းသည့်ပုံစံမျိုးနှင့် ကလေးဦးနှောက်ကို ချုံ့ထားတတ်ကြသည်။ ထိုအရာများကို အမှန်ပြန်ထောက်ပြမိလျှင် ထိုကလေးအတွက် ယင်း ပညာသင်နှစ်သည် ငရဲခန်းပင်ဖြစ်ချေတော့မည်။ ဒါကို ကြောက်၍ မှားနေ လွဲနေလျှင်လည်း လျှာမရှည်ရဲဘဲ အမှား အတိုင်းသာ ကျက်မှတ်နေရသည့် ကလေးများ၏ အနာဂတ်မှာလည်း စိုးရိမ်ဖွယ်ဖြစ်သည်။ ကျွန်မက ဆရာမတိုင်းကိုမဆိုလိုပါ။ ကျွန်မလည်း ဆရာကောင်းတွေနဲ့တွေ့ခဲ့မိလို့ ယနေ့လိုအခြေအနေရောက်နေတာပါ။ ဆရာ ဆရာမများကို ကျေးဇူးကန်းကာ စော်ကားနေခြင်းမဟုတ်ပါ။ ဆရာကောင်းတပည့် ပန်းကောင်းပန်မည်တဲ့။ သို့သော်ကျွန်မပြောသောအကြောင်းအရာများနှင့် ကိုက်ညီသည့် သူများရှက်တတ်လျှင် ရှက်နိုင်ပါသည်။

ဒါကတော့ ဆရာဗဟိုပြုကျောင်းတွေပေါ့။ အခုအသစ်ပေါ်လာနေတာက ကလေးဗဟိုပြုကျောင်း၊ ဆရာဗဟိုပြုကျောင်းတွေမှာ ဆရာတွေကအာဏာရှိတယ်။ ကလေးဗဟို ပြုကျောင်းတွေမှာ ကလေးတွေကအာဏာရှိတယ်။ ကလေးတွေကို ဆရာမက ကြောက်ရတယ်။ ကလေးအမှားလုပ်မိလို့ဆူမိလျှင် နောက်နေ့ထိုဆရာမ အလုပ်ပြုတ်တယ်။ လွန်ခဲ့သည့်နှစ်က ထိုကဲ့သို့ ကျောင်းတစ်ကျောင်းမှ မူလတန်းကလေးများ လေ့လာရေးခရီးအတွက်အိမ်နားက ခရီးသွားလုပ်ငန်းမှ ကားများကိုငှားသည်။ ကားပေါ်တွင် ကျွန်မနှင့်အသိ ဝန်ထမ်းအစ်မအချို့တာဝန်အရလိုက်ပါသွားရာမှ ထိုကျောင်း (အမည်မဖော်လိုပါ)အကြောင်း အနည်းငယ်သိရခြင်းဖြစ်သည်။ ထိုကျောင်းမှကလေးများသည် ကားထိုင်ခုံမှထလျှင် ရှေ့ခုံနောက်မှီမှ လက်ကိုင်ကိုဆွဲမထဘဲ ရှေ့ခုံမှ ဆရာမများ ဝန်ထမ်းများ၏ ခုံနောက်မှီပေါ်ကျနေသော ဆံပင်များကို ဆွဲကာထကြသည်။ ဖိနပ်များ၊ ရေဘူးများ၊ အိတ်များကိုလည်း "ငါ့ဟာယူလာပေးစမ်း ဖိနပ်ကောက်ခဲ့စမ်း" စသဖြင့် မိုက်ရိုင်းသော အသုံးအနှုန်းများဖြင့်ပြောကြသည်။ ဒါကို အပြုံးမပြတ် "သားသားရေ မီးမီးရေ" လုပ်နေကြသည့်ဆရာမများကိုလည်းအံ့ဩမိသည်။ ကလေးတွင် အပြစ်မရှိပါ။ ဒီအသုံးအနှုန်းတွေက ရိုင်းတယ်ဆိုတာသူမသိလို့ပါ။သူတို့မဆုံးမပဲ လွှတ်ထားတာက ကလေးက တစ်ချိန်ကျရင် ဒါတွေသင်စရာ ဆုံးမစရာမလိုဘဲ နားလည်လာမယ်တဲ့။ မှတ်သားလောက်သည့် ထိန်းကျောင်းရေးနည်းလမ်းသစ်လေးတွေပဲဖြစ်ပါတယ်။

ဒီတော့ ပညာတတ် လူလိမ္မာတွေပေါမှ ကျွန်မတို့နိုင်ငံကြီးတိုးတက်မှာမဟုတ်ပါလား။ အခုက အဲလိုမဟုတ်ဘဲ အသပြာဆရာအများစုကြောင့်လည်းကောင်း၊ ပညာရေးကိုဈေးကွက်သဖွယ်မြင်လာနေကြတဲ့ လုပ်ငန်းရှင်အများစုကြောင့်လည်းကောင်း ပညာမဲ့သော လူမိုက်များပေါများလာပေတော့မည်။

ဒါကြောင့် အဖြူရောင်ပန်းလေးတွေကို ကိုယ်ကျိုးအတွက် အရောင်မဆိုးပါနဲ့။ ပန်းလေးတွေအပေါ်ကြင်နာပါ။ စေတနာထားပါ။ သနားပါ။ ကိုယ်ချင်းစာပေးပါ။ နိုင်ငံတိုးတက်မှုသည် ပန်းလေးတွေအပေါ် အများကြီးမူတည်သည်။ ဒီတော့ ပန်းလေးတွေရဲ့ ဥယျာဉ်မှူးဖြစ်တဲ့ ဆရာမတို့မှာ တာဝန်အပြည့်ရှိပါသည်။ကိုယ့်ကြောင့် လူတစ်ယောက်ဘဝ တစ်ချိန်မှာတိုးတက်သွားခဲ့လျှင် ထိုသူမသိတတ်ပါစေဦး ကိုယ့်အတွက်တော့ ဒါကပီတိပဲ မဟုတ်လား။ ထိုသို့ တိုးတက်သောလူများပြားလာပါက နိုင်ငံကြီးလည်း တိုးတက်လာမည်မှာ မလွဲဧကန်ပင်။ ဒါကြောင့် ပန်းလေးတွေကို ကြင်နာပေးပါ။ ။

■ ■ ■

လူငယ်ဆောင်းပါး

# ငှက်လေးတစ်ကောင်၏ ရင်ဖွင့်သံ

**မမြသီရိထွန်း**



သာယာလှပသော မနက်ခင်း၏ လှပလန်းဆန်းနေမှုကို သူရိန်နေမင်းကြီးက ထပ်လောင်းဖြည့်စွက်ပေးနေသည်။

"ဟူး မိုးတောင်လင်းနေပါပြီလား"ဟု မရေရွတ်ရင်း ကျွန်မ၏မောင်လေးနှင့် ညီမလေးတို့ကို လှမ်းကြည့်မိသည်။အိပ်ကောင်းဆဲပင်။ ကျွန်မတို့ ဝမ်းစာအတွက် ကျွန်မမြို့ထဲသို့သွားပြီး အစာရှာထွက်ရဦးမည်။

လန်းဆန်းတက်ကြွသော ဟန်ချက်များဖြင့် ပျံသန်းရင်း ကျွန်မမြို့ထဲသို့ခြေဆန့်ခဲ့သည်။

မြို့ထဲသို့ ဝင်ဝင်ချင်းပင် အမှိုက်ပုံတစ်ခုက အမှိုက်ထုပ်လေးများ ကျွန်မကို ပြုံးပြုံးကြီး ကြိုဆိုလျက်။ ကျွန်မတွေးမိသည်။ ဒီအမှိုက်ထုပ်တွေကို ပစ်သူသာရှိပြီး အခုထိ သိမ်းမည့်သူမပေါ်သေး။ ကျွန်မအတွေးနယ်ချဲ့၍ မဆုံးခင်ပင် လူတစ်ယောက်ရောက်လာသည်။

ကျွန်မက အမှိုက်တွေ လာသိမ်းမယ် ထင်နေတာ။ သူလည်း အထုပ်တစ်ထုပ် ဆွဲလာကာ ရေမြောင်းထဲသို့ ပစ်ချလိုက်သည်။

ပြီးတော့ သူကဆိုင်းဘုတ် နီနီကြီးကို မော့ကြည့်ပြီး ပြုံးသွားသေးသည်။

ကျွန်မသာ လူတစ်ယောက်ဆိုလျှင် ထိုဆိုင်းဘုတ်က စာများကို သေချာပေါက် လာဖတ်ဦးမည်။ ကျွန်မအထင်နဲ့သာ ပြောရကြေးဆိုလျှင် ထိုဆိုင်းဘုတ်၌ "ဤနေရာ၌ အမှိုက်ပစ်ရန်"လို့များ ရေးထားလားမသိနိုင်။

တစ်ဖက်ကပြန်တွေးကြည့်တော့လည်း ထိုအတွေးက မှားနိုင်ပြန်သည်။ လူတွေနေတဲ့ နေရာမှာ အမှိုက်ပစ်ကြပါလို့ ဘယ်သူကမှ ရေးမှာမဟုတ်လောက်ဘူး။

တော်ပါပြီလေ။ ကျွန်မကိစ္စမဟုတ်တော့ ဆက်မပြောတော့ပါဘူး။ အစာရှာလိုက်ဦးမယ်။

ကျွန်မ ရေမြောင်းနှုတ်ခမ်းပေါ်၌ ခဏနားကာ အစာကောင်းကောင်းရနိုင်မည့်နေရာကို တွေးတုန်းရှိသေးသည်။ ရေမြောင်းထဲက အမှိုက်တွေအနံ့က တော်တော်ဆိုးတာပဲရှင်။

အနီးနားက လူတွေဘယ်လိုနေကြမလဲ မသိ။

ကျွန်မကတော့ တစ်ခါတလေ လူတွေကို စိတ်ကုန်မိတယ်။ ကိုယ်ချင်းစာတရားလည်း မရှိကြဘူး။ တော်ပါပြီ။ လူတွေအကြောင်း ဆက်ပြောမနေတော့ပါဘူး။

မနက်စာရှာပြီး၍ ကျွန်မနေထိုင်ရာ အသိုက်အဝန်းဆီသို့ ပျံသန်းလာခဲ့သည်။ ကျွန်မလည်း မေ့နေလိုက်တာ။ ကျွန်မနေတဲ့ နေရာလေးကို ပြောပြဖို့ မေ့နေတယ်။ ကျွန်မနေတဲ့ နေရာလေးက မြို့စွန် နည်း နည်းကျတယ်လေ။ တောင်တန်းတွေလည်းရှိတယ်။ တောင်ခြေမှာတော့ ဘုရားဆင်းတုတော်ကြီး တစ်ဆူရှိတယ်။ ကျွန်မတို့က ဘုရားဆင်းတုတော်တော်ကြီးကို တည်ထားတဲ့ အဆောက်အအုံကြီး ဘေးနားက သစ်ပင်လေးမှာ နေတာရှင့်။ ဘုရားရိပ်တရားရိပ်ကို ခိုလှုံပြီးနေရတော့ စိတ်ချမ်းသာတာပေါ့။ ဒါပေမယ့် ကျွန်မတို့ သိပ်တော့ စိတ်မအေးရဘူး။ အရင်က ကျွန်မတို့ အနားမှာ ရှိတဲ့ တောင်တန်းတွေက စိမ်းစိုနေတဲ့ သစ်ပင်တွေကို လူတွေက ခုတ်လှဲပစ်ကြတယ်လေ။ အဲဒီတော့ ကျွန်မလည်း ကျွန်မတို့ အသိုက်ဆောက်ထားတဲ့ သစ်ပင်လေးကို ဘယ်တော့ခုတ်လှဲပစ်မလည်းဆိုပြီး တွေးပူနေရတယ်ရှင်။

"သြော် ကျွန်မမောင်လေးနဲ့ ညီမလေးတို့တောင်နိုးနေပြီ"။ ကျွန်မတို့ မနက်စာ စားလိုက်ဦးမယ် ။ မနက်စာစားရင်း ကျွန်မမောင်လေးက ကျွန်မကို နေ့လယ်ကျရင် တောင်တန်းတွေပေါ်က ဘုရားကိုလိုက်ပို့ပေးတဲ့လေ ။

ဒီလိုနဲ့ကျွန်မတို့ မောင်နှမတွေ တောင်ထိပ်ကို မြန်မြန်ရောက်အောင် စကားလေးတပြောပြောနဲ့ ပျံသန်းသွားခဲ့ကြတာပေါ့ ။ ခဏအကြာတွင် ကျွန်မတို့ စကားသံများ တိတ်ဆိတ်သွားခဲ့သည်။ ချုံတစ်ခုအနားက စကားသံကြောင့်ပင်တည်း။ ကျွန်မလည်း မရည်ရွယ်ဘဲ မြင်ကွင်းလေးတစ်ခုကို တွေ့မြင်ခဲ့ရသည်။ အသက် ခပ်ငယ်ငယ် အရွယ်လူနှစ်ယောက်။ ဘေးတွင် အိတ်လေးတွေပါ ပါသေးသည်။ ကျွန်မလည်း ထုံးစံအတိုင်း အတွေးနယ်ချဲ့မိခဲ့သည်။ သူတို့လေးတွေ ဘဝ တိုးတက်ရေးအတွက် ကြိုးစားနေချိန်ဘာလို့ ဒီကိုလာ ပြီး စကားတွေလာပြောကြတာလဲ။ သူတို့မိဘတွေလည်း စိတ်ပူနေကြမှာပေါ့ ။ ကျွန်မလို ငှက်လေးတစ်ကောင်တောင် ဒီလိုအတွေးမျိုးတွေးမိတာ သူတို့ကဘာလို့မတွေးမိကြတာ လဲပေါ့။ ကျွန်မ အတွေးနယ်ချဲ့ပြီး၍ အဆုံးတွင် တောင်ထိပ်ကိုတောင် ရောက်နေပြီးဖြစ်သည်။

ကျွန်မတို့ မောင်နှမတွေ မြတ်စွာဘုရားကိုစိတ်ထဲမှ အားရပါးရရှိခိုး ဦးညွတ်လိုက်သည်။ခဏအကြာလေးတွင် လူတစ်စု ဘုရားပေါ်သို့တက်လာကြသည် ။ ကျွန်မ မျက်စိတောင်ရှက်မိသည် ။ ဘုရားပေါ်သို့ အတိုအပြတ်တွေ ဝတ်၍လာသည် ။ ထိုမျှနှင့်မပြီးသေး ။ ဘုရားကိုအရင် မဦးညွတ် ။ တုတ်တံရှည်ရှည်ကြီးတစ်ချောင်း (selfie stick)နှင့် အပြားတစ်ပြား handset (touch screen) နှင့် အလုပ်ရှုပ်နေကြသည်။

ဆယ်ဖီ ဆိုလား ဆက်ဖီဆိုလား (selfie) ထိုအရာများကို လုပ်နေကြသည်။ ကျွန်မ၏ ဝါသနာအရ တွေးမိပြန်သည် ။ ထိုတုတ်တံနှင့် အပြားကြီးသည် ဘုရားကိုအရင်မဦးညွတ်နိုင်အောင် လုပ်နိုင်တာဆိုတော့ မှော်စွမ်းအင်များ ရှိနေမလားပေါ့။

နောက်မြင်ကွင်းတစ်ခုကလည်း ကျွန်မကို ထိုအပြားအကြောင်း ဆက်တွေးမိအောင် နှိုးဆွနေသည်။ လူတချို့တစ်စုဘုရားကို ကျောခိုင်းထားကာ ထိုအပြားကြီးကို ပွတ်နေကြသည်။ ကျွန်မအတွေး မှန်ကောင်းမှန်နိုင်သည်။ ထိုအပြားထဲတွင် လူတွေကိုဆွဲဆောင်နိုင်သော မှော်စွမ်းအင်များ ရှိနေလိမ့်မည်။

"သြော် အခုချိန်ထိ ကျွန်မနေ့လယ်စာ မရှာရသေး။" မြို့ထဲသို့ဝင်ကာ နေ့လယ်စာရှာရဦးပေမည်။ မြို့ထဲတွင် အတော်ပင်ရှုပ်ယှက်ခက်လွန်းသည် ။

ယာဉ်မောင်းသမားအချို့သည် လမ်းစည်းကမ်းတွေ အလေးမထား။ ကိုယ်ချင်းစာတရားဆိုသည်မှာ ခေါင်ပါးလွန်းလှသည်။ သူ့ထက်ငါ အပြိုင်အဆိုင်လုယက်မောင်းနှင်ကြသည်။ တစ်ခါတလေ လေပေါ်မှာ ပျံသန်းနေတဲ့ ကျွန်မကိုတောင် ဝင်တိုက်မိမှာ စိုးရသည်။

မြို့ထဲတွင်လူတချို့ အမှိုက်ကောက်နေသော မြင်ကွင်းကိုလည်း တွေ့ရသေးသည်။ ထိုမြင်ကွင်းသည်ကားကြည်နူးစရာပင်။ သို့သော် ကျွန်မတွေးမိပြန်သည်။ လူတွေကပဲ အမှိုက်တွေပစ်ချသည်။ လူတွေကပဲ အမှိုက်တွေ ပြန်ကောက်ကြသည်။ ဒါတင်မကသေး။ လူတွေကပဲ သစ်ပင်တွေ ခုတ်လှဲကြ။ လူတွေကပဲ သစ်ပင်တွေ ပြန်စိုက်ကြသည်။

အမှိုက်ကိုသာ ပစ်မချခဲ့ရင် အမှိုက်ကို အချိန်ပေးပြီး ပြန်ကောက်စရာမလို။ သစ်ပင်တွေကိုသာ မခုတ်လှဲခဲ့ကြရင် အချိန်ပေးပြီး သစ်ပင်တွေ ပြန်စိုက်နေစရာမလို။ ဘာတွေမှန်းကိုမသိတော့။ ပတ်ပတ်လည်ရှုပ်နေကြသည်။ ကျွန်မက ငှက်လေးဆိုတော့ လူတွေရဲ့ အတွေးတွေကို လိုက်မမီဘူးလေ။ ဒါမှမဟုတ် လူချင်းတူပေမယ့် စိတ်ဓာတ်ချင်း မတူလို့ပဲ ဖြစ်ကြမှာပါ။

ကျွန်မလည်း အစာရှာပြီး၍ ကျွန်မနေရာ အသိုက်လေးစီသို့ ဦးတည်ပျံသန်းလာခဲ့သည်။

အိမ်အပြန်လမ်းတွင် ဆူညံနေကျ၊ ရယ်မောသံတွေ ကြားနေကျ၊ စကားသံတွေ ကြားနေကျရစမြဲ ဖြစ်တဲ့ လက်ဖက်ရည်ဆိုင်လေးမှာ တိတ်ဆိတ်နေခဲ့သည်။ ကျွန်မ အဝေးမှ လှမ်းကြည့်လိုက်သောအခါတွင် ကျွန်မပြောပြောနေသော အပြား( Handset ) ဆိုသည့်အရာကို နှိပ်သူကနှိပ်၊ ပွတ်သူကပွတ်နေကြသည်။ ထိုအပြားကို ကြည့်ပြီး ပြုံးသူကပြုံး၊ မဲ့သူကမဲ့နေကြသည်။

ထိုအပြား၏ စွမ်းဆောင်နိုင်မှုက အံ့မခန်းပင်။ ဆူညံနေသောအသံများကို ပင်တိတ်ဆိတ်သွားအောင် လုပ်နိုင်သည်။ လူတွေအချင်းချင်း စကားမပြောနိုင်အောင်ပင် လုပ်နိုင်သည်။ ကျွန်မ အတွေးမှန်လိမ့်ပေမည်။ ထိုအပြားတွင်မှော်စွမ်းအင်တစ်ခုခုရှိနေမည်မှာအမှန်ပင်တည်း ။

ခင်မင်နေသူများကို ထိုအပြားက သူစိမ်းဆန်သွားအောင်လုပ်နိုင်သည်။ သို့သော် လူတွေဘာလို့ ထိုအပြားကို နှစ်သက်စွာ သုံးစွဲနေကြတာလဲ။ ကောင်းကျိုးတစ်ခုခုရှိလို့ နေမှာပေါ့လေဟု ကျွန်မအတွေးကို ကျွန်မဖြေသိမ့်ခဲ့သည်။ ညနေစောင်းတော့မည်ဖြစ်၍ မြို့ပြလေးကို နှုတ်ဆတ်ကာ ကျွန်မ၏ အသိုက်လေးစီသို့ ပြန်ရတော့ပေမည်။

တွေ့မြင်ခဲ့ရသော မြင်ကွင်းတချို့ကို ကျွန်မသူငယ်ချင်းများအား ပြန်လည်ဝေမျှရဦးပေမည်။ ။

လူငယ်ကဗျာ

WHITE HEARTS
Healthcare Charity Group
WHITE HEARTS!
"အဖြူရောင်နှလုံးသားများ"
ပရဟိတဆေးကုသရေးအဖွဲ့.

## ပရဟိတဆောင်ရွက်ကြ

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
နဖူးမှချွေးသက်ဆင်းပေး
မြေသို့ကြွေကျ ခဲ့သည်။

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
လောဘ ဆန္ဒမရှိကြ
စေသနာ မေတ္တာထားကြသည်။

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
အားလပ်ချိန်ကိုတို့ စတေး
စိတ်ရောကိုယ်ရော ပန်းခဲ့သည်။

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
ကြုံလေသမျှများဒုက္ခ
တတ်နိုင်သမျှရှင်းခဲ့သည်။

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
ငွေရေးကြေးရေး တို့မတွေး
တို့သွေးကိုသာ လှူခဲ့သည်။

✍ ပရဟိတအရေး ဆောင်ရွက်ရာတွင်
ရသမျှကုသိုလ် ကိုယ့်ကုသိုလ်
နိဗ္ဗာန်ကိုသာ ရည်စူးသည်။

**နေဆန်းထက်**
ဆေး (၁)

လူငယ်ကဗျာ

## ငယ်ဘဝကိုလွမ်းမိတယ်

ဘဝရဲ့တစ်ဆစ်ချိုးကွေ့
ပြန်မရနိုင်တဲ့အရာတွေထဲမှာ
ငယ်ဘဝတွေလည်းပါတယ်။
"မိအေး ပေသီး ပိစိတို့ရေ
ကစားကြမယ်ဟေ့"
စရိုက်တူသူငယ်ချင်းတွေနဲ့
ဖန်ခုန် ဘောကန် ထုပ်ဆီးတိုးရင်း
ဟန်ဆောင်မှုကင်း သူငယ်ချင်းတွေပေါ့။
ပြည်တွင်းစစ်မီးနဲ့အတူ
မငြိမ်းချမ်းသေးတဲ့တို့
နယ်ချဲ့ကိုတော်လှန်
ပါးစပ်သေနတ်တွေ ပစ်ခဲ့ကြတယ်။
မိဘစကားပယ်ရှား
အတူဝေမျှ စားရအောင်
ရွံ့ဗွက်လုံးလုံး လူရုန်းရုန်းနဲ့
ချောင်းထဲငါးဆင်းဖမ်းတဲ့တို့
ငါးကျည်းစူးလို့ အော်မိတဲ့အသံ
အခုထိကြားယောင်တုန်း။
သူ့ခေတ်သူ့ခါ ကစားစရာများကို
ကိုယ်တိုင်ဖန်တီးသတ်မှတ်
ဟော ဂျင်ခေတ် စွန်ခေတ် သားရေကွင်းခေတ်
ပြီးတော့ အရုပ်ပစ်မယ် ဒိုးလိုမ့်မယ်။
ပြောင်းလဲလာတဲ့ ခေတ်စနစ်ထဲမှာ
တစ်နေ့တစ်မျိုးမရိုးအောင်ဆော့ရင်း
ငါတို့တွေ ကြီးပြင်းလာခဲ့ကြပြီလေ။
ဘဝရဲ့ဒုတိယအရွယ်ရောက်ခါမှ
နောက်ဖက်က စာမျက်နှာတွေ ပြန်လှန်ကြည့်တော့
ပျော်ခဲ့တာတွေ အော်ခဲ့တာတွေ
ငိုခဲ့တာတွေ ဆိုခဲ့တာတွေ
တစ်ခါတစ်ခါတွေးတော
တစ်ခါတစ်ခါ သတိရ
တမ်းတမိတယ် သူငယ်ချင်းရယ်။ ။

**ရောင်နီ(အဖျောက်)**

## တာချီလိတ်မြို့တွင်း လမ်းများ အဆင့်မြှင့်တိုးချဲ့ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၂၃**

တာချီလိတ်မြို့အနေဖြင့် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက လမ်းဘေးဝဲ၊ ယာ ရေမြောင်းများနှင့် မြို့တွင်းဖြတ်သန်းစီးဆင်းနေသည့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး နုန်းဆယ်ခြင်း၊ လမ်းဖြတ်ရေမြောင်းများပြုလုပ်ခြင်း၊ သွားလာမှုလွယ်ကူလျင်မြန်ပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းများအဆင့်မြှင့်ဆောင်ရွက်ခြင်းနှင့် လမ်းဘေးဝဲ၊ ယာတိုးချဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် တာချီလိတ် ရွှေတိဂုံဘုရားလမ်းဘေး ဝဲ၊ ယာ အရှည်ပေ ၁၄၆၀ ရှိသည့်အနက် လမ်းသားတိုးချဲ့ခြင်းနှင့် ပလက်ဖောင်းကပ်တုံးပြုလုပ်ခြင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၈၀၀ အား ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် လမ်းဘေးဝဲ၊ ယာ အရှည်ပေ ၆၆၀ အား ငွေကျပ်သိန်း ၂၀၀ ဖြင့် အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေများနှင့်အတူ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဆင်းကွတ်ကန် ရေသောက်စနစ်ပြန်လည်ပြုပြင်နိုင်ရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ စစ်ဆေး

**ရွှေဘို ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်းကွတ်ကျေးရွာအနီးရှိ ဆင်းကွတ်ကန်သို့ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမောင်ထူးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူတို့နှင့်အတူ ဇူလိုင် ၂၁ ရက် ညနေပိုင်းတွင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆင်းကွတ်ကန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆင်းကွတ်ကန်သည် ရှေးနှစ်ပေါင်းများစွာကပင် တည်ဆောက်ခဲ့သော ကျေးလက် ဆည်/ကန်တစ်ခုဖြစ်ပြီး ရေဆင်းဧရိယာ ကြီးမားကျယ်ပြန့်သောကြောင့် ရေဝင်ကောင်းသည့် ကျေးလက်ဆည်/ကန် တစ်ခုဖြစ်သည်နှင့်အညီ နှစ်ပေါင်းများစွာကြာမြင့်လာသည်နှင့်အမျှ အနည်အနှစ်များပို့ချလာမှုကြောင့် ရေသိုလှောင်မှုစွမ်းအား လျော့နည်းလာသဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆင်းကွတ်ကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ်ဩဂုတ်လကုန်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆင်းကွတ်ကန်၏ရေပိုလွှဲ ကျိုးပေါက်ခဲ့သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပင်မရေပိုလွှဲ၊ အကူရေပိုလွှဲ ပြုပြင်ခြင်းလုပ်ငန်းအပြင် ရေထုတ်ပြွန်နှစ်ခု ပြုပြင်ခြင်းလုပ်ငန်းများပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆင်းကွတ်ကန်သည် အလျား ပေ၂၇၀၀ရှိပြီး တာပေါင်အကျယ် ၁၅ ပေ၊ တာပေါင်အမြင့် ပျမ်းမျှ ၁၀ ပေခန့်ရှိပြီး ကန်အတွင်းရေသိုလှောင်ပမာဏ ဧကပေ ၃၀၀ ခန့်သိုလှောင်နိုင်ပြီး လက်ရှိစိုက်ပျိုးဧက ၄၀၀ ခန့်သာ စိုက်ပျိုးနိုင်ရာမှ ဒေသခံတောင်သူများ၏ တောင်းဆိုချက်၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးညှိနှိုင်းချက်အရ လိုအပ်နေသော ရေသောက်စနစ်ကို ပြန်လည်ပြုပြင်လိုက်လျှင် မင်းကျောင်းအုပ်စုနှင့် ကပြူအုပ်စုများရှိ ရေသောက်ဧက ၂၈၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လိုအပ်နေသော ရေသောက်စနစ်ကို ဆောင်ရွက်နိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးသီဟ(ပြန်/ဆက်)**

## ဗိုလ်မှူးကြီးဗထူး ရာပြည့်မော်ကွန်းဥယျာဉ် ပန္နက်တင်အခမ်းအနား ကျင်းပ



**လောင်းလုံး ဇူလိုင် ၂၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်းခံကျေးရွာ ကော်တောဘုန်းတော်ကြီးကျောင်းအရှေ့ရှိ ကျေးရွာပိုင်မြေတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ခွင့်ပြုချက်ဖြင့် ဗိုလ်မှူးကြီးဗထူး ရာပြည့်မော်ကွန်းဥယျာဉ်ကို မြေဧရိယာ အလျား ပေ ၃၀၀၊ အနံ ၂၀၆ ပေ အသုံးပြုမည်ဖြစ်ပြီး ယင်းအတွင်း၌ ဗိုလ်မှူးကြီးဗထူးကြေးရုပ်တု ဧရိယာအလျား ပေ ၇၀၊ အနံ ပေ ၅၀ကို ထားရှိမည်ဖြစ်ရာ ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီက ဗိုလ်မှူးကြီးဗထူးကြေးရုပ်တုထားရှိရန်နှင့် ရင်ပြင်နေရာများအား ပန္နက်တော်တင်အခမ်းအနား ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားကို ဗိုလ်မှူးကြီးဗထူးရာပြည့်ကော်မတီအဖွဲ့၊ လောင်းလုံးမြို့နယ် လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ F-22SUNNY CONSTRUCTION CO., Ltd တို့နှင့် အဖွဲ့အစည်းအသီးသီးတို့က လှူဒါန်းငွေများဖြင့် ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်မှူးကြီးဗထူး ရာပြည့်ကော်မတီ နာယက ဦးထွန်းကြည်နှင့် တာဝန်ရှိသူများက ဗိုလ်မှူးကြီးဗထူးရာပြည့်မော်ကွန်းဥယျာဉ်နှင့် ကြေးရုပ်တု ၁၅ ပေအမြင့်ရှိ ရုပ်တုထားရှိမည့် ပုံစံများအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနေ့ကပြုလုပ်သည့် ပန္နက်တင်အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်အဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဗိုလ်မှူးကြီးဗထူးရာပြည့်ကော်မတီအဖွဲ့ လောင်းလုံးမြို့နယ် လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ F-22SUNNY CONSTRUCTION CO.,Ltd တို့ တက်ရောက်ခဲ့ကြသည်။

**စိုးထွန်း(ပြန်/ဆက်)**

## ကျေးရွာမြေငှားဂရန်များ ပြည်သူများ လက်ဝယ်သို့ပေးအပ်

**ဟသ်ာတ ဇူလိုင် ၂၃**

ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ဒူးယားကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာနေ ပြည်သူများအား ဒူးယားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အခမ်းအနားဖြင့် မြေငှားဂရန် (မြေငှားစာချုပ်)များ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဥပဒေ၊ နည်းဥပဒေနှင့်အညီ တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာစီကို မြေငှားဂရန်များထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိနေထိုင်သည့်မြေပေါ်တွင် ခိုင်မာစွာနေထိုင်နိုင်ရန်အတွက် မြေငှားဂရန်များကို ချထားပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဒူးယားကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် မြေငှားဂရန်လျှောက်ထားရာ၌ ဥပဒေ၊ နည်းဥပဒေနှင့်ညီညွတ်သည့် မြေငှားဂရန်ရရှိသူ ၆၃ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက မြေငှားဂရန်များ ပေးအပ်ခဲ့ကြသည်။

**ကျော်ကျော်(ဟသ်ာတ၊ပြန်/ဆက်)**

## ယာဉ်/လမ်း စည်းကမ်းချိုးဖောက်သော မော်တော်ဆိုင်ကယ်များ အရေးယူ

**ညောင်လေးပင် ဇူလိုင် ၂၃**

ညောင်လေးပင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိန်းရေးကြီးကြပ်ရေးမှုကော်မတီမှဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သော မော်တော်ဆိုင်ကယ်များကို ညောင်လေးပင်-မဒေါက်ကားလမ်း ကျူချောင်းရဲကင်းဂိတ်၌ ဇူလိုင် ၂၂ နံနက် ၉ နာရီက စစ်ဆေးအရေးယူဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါစစ်ဆေးဆောင်ရွက်မှုတွင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရဲမှူးဦးကိုကိုကြီး၊ မြို့မစခန်းမှူး ဒုရဲမှူးဦးသိန်းဇော်နှင့် ရဲအင်အား ၁၈ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲအောင်၊ မြို့နယ်ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေဝင်း၊ ယာဉ်ကြီးကြပ်ရေးမှူး ဦးပြည့်ဖြိုးကျော် မီးသတ်ဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က စစ်ဆေးအရေးယူခြင်းဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးဦးထုပ်မပါ ၁၀ ဦး၊ ဘက်မှန်မပါ တစ်ဦးအား မော်တော်ယာဉ်ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေ့စဉ် အချိန်ပိုင်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။**မြို့နယ်(ပြန်/ဆက်)**

## တောင်သူများအားစိုက်ပျိုးစရိတ်ချေးငွေ အပြီးသတ်ထုတ်ချေး

**ကျောက်မဲ ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချေးငွေ ထုတ်ပေးခြင်းကို မြို့နယ်အတွင်းရှိတောင်သူများအား မိုးရာသီကာလ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးသီးနှံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မေ ၂၅ ရက်မှစတင်ကာ တောင်သူများလက်ဝယ်အရောက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့သည်။

ယင်းသို့ထုတ်ချေးပေးရာတွင် စပါးတစ်ဧကလျှင်ကျပ် ၁၅၀၀၀၀ နှုန်း၊ ပြောင်းနှင့်မြေပဲတစ်ဧကလျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးတောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာနှင့် ဝန်ထမ်းများက ဘဏ်ချေးငွေလုပ်ငန်း ညွှန်ကြားချက်များနှင့်အညီ ဇူလိုင် ၂၁ ရက်ထိ အပြီးသတ်ထုတ်ချေးပေးခဲ့သည်။

ယင်းသို့ထုတ်ပေးခဲ့ရာကျေးရွာအုပ်စု ၁၇ အုပ်စုမှ တောင်သူ ၁၂၁၈ ဦးအတွက်စပါးစိုက်ဧက ၂၉၁၄ ဧက၊ ပြောင်းစိုက်ဧက ၂၈၉၁ ဧကနှင့် မြေပဲစိုက်ဧကနှစ်ဧကတို့အတွက် စိုက်ပျိုးချေးငွေ စုစုပေါင်းကျပ် ၄၉၄၉၆၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**



လယ်ဝေးမြို့ပေါ်ရှိ လျှပ်စစ်ဓာတ်အားများ လျော့နည်းပျောက်ဆုံးမှုမရှိစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ ထရမ်စဖော်မာများ ဓာတ်အားလျော့နည်းမှုမရှိစေရေး၊ DOF များ ပြုပြင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါစစ်ဆေးခြင်းတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဦး၊ SAE ဦးကျော်စိုးထိုက်နှင့် ဝန်ထမ်းများက အဖွဲ့ခွဲ၍ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မြို့နယ် (ပြန်/ဆက်)

# ဉာဏ်မရှိ ကံရှိတိုင်းမွဲ



ဓာတ်ပုံ - hindustantimes.com

**ခ ကိုရင်ဩ**

ဥယျောဇဥ်စကား ကျူးရင့်ရပါလျှင် ကျွန်ုပ်တို့၏ မြန်မာမှုနယ်ပယ်တွင် "နိုင်တိုင်းလည်း မညဥ်းနှင့်၊ ပိုင်တိုင်းလည်း မတင်းနှင့်" ဟု ပြောစမှတ်ပြုကြ၏။ အောင်နိုင်သူက ရှုံးနိမ့်သူအပေါ် သူ့လက်ခုပ်ထဲက ရေကဲ့သို့ ကြိုက်နှစ်သက်သလို ပြုလုပ်ခွင့်ရှိသော်လည်း အာဃာတ(ရန်ငြိုး) စိတ်ဟူသည် မြင့်မြတ်သူတို့၏ စိတ်နေစိတ်ထားမဟုတ်ပေ။ သာမန်ပုဂ္ဂိုလ်ထက် ထူးကဲမွန်မြတ်သော 'အရိယာ' (သူတော်စင်) ပုဂ္ဂိုလ်မှာမူ အောင်နိုင်သူအပေါ် မြှောက်ပင့်ရာမှ တစ်ဟုန်တည်း တက်ကြွလာတတ်သော မာန်မာန ထောင်လွှားမှုမှ ကင်းဝေးကာ ဇဝနတိက္ခ၊ ဂမ္ဘီရနှင့် ပဋိဘာဏဉာဏ် အမြင်သန်သူဖြစ်သည်ဟု ကျွန်ုပ်တွေးတောနေမိလေသည်။

ပဋိဘာဏဉာဏ်ဟူသည်ကား ပိုင်းခြားဝေဖန်တတ်သော ဉာဏ်ပညာပေတည်း။

နိုင်ငံအုပ်ချုပ် မင်းလုပ်သူများ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်ပညာကြီးမားရင့်သန်ရန် အထူး လိုအပ်ပေလိမ့်မည်။ အကြောင်းမှုကား ဉာဏ်ပညာကြီးမားသူသည်သာလျှင် တိုင်းရေးပြည်ရာများကို ပိုင်းခြား ဆင်ခြင်ကာ ပြည်သူပြည်သားများအား ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်နိုင်သော အမြော်အမြင်တရားနှင့် ပြည့်စုံနိုင်ခြင်းကြောင့်ပေတည်း။

**နိုင်တိုင်းလည်း မညဥ်းနှင့်**

အာရှတိုက် အနောက်ပိုင်းရှိ အာရှမိုင်းနားကျွန်းဆွယ်တစ်ခုလုံးနှင့် ဥရောပတောင်ပိုင်း အရှေ့ဘက်အစွန်းတို့ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် တူရကီနိုင်ငံ၌ ဇူလိုင် ၁၅ ရက်နှောင်းပိုင်းက အစပျိုးလိုက်သော အာဏာသိမ်းပွဲကြီးကို အကြောင်းပြုလျက် ဗလောင်ဆူခဲ့ရသည့် နိုင်ငံရေးအခြေအနေတစ်ရပ်မှာ ဗလုံးဗထွေး ရှုပ်ထွေးကာ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်နေရသည်ဟု ကျွန်ုပ်ကြားသိရလေသောအခါ 'ဓာတ်ခိုက်ကလည်းရှိ နတ်ကိုင်ကလည်းမိ' ဟု နတ်သံနှောကာ 'ဩော်' ဟု ရေရွတ်မိလေသည်။

တူရကီ တပ်မတော်အတွင်းမှ ဂိုဏ်းဂဏကွဲအုပ်စုတစ်ခုက အစ္စတန်ဘူလ်မြို့ရှိ ဂန္ထဝင်မြောက် တံတားကြီးဖြစ်သော ဗော့စပရပ်တံတားကြီးကို ပိတ်ဆို့ထားခဲ့ပြီးလျှင် မြို့တော်ရှိ ထောက်လှမ်းရေးအေဂျင်စီဌာနချုပ်၊ ပါလီမန် အဆောက်အအုံနှင့် သမ္မတနန်းတော်တို့ကို စစ်ရဟတ်ယာဉ်များ အသုံးပြု၍ ဝေဟင်မှ ပစ်ခတ်တိုက်ခိုက်ခဲ့လေသည်။

တူရကီနိုင်ငံကို ၁၄ နှစ်ကြာ အုပ်စိုးလာခဲ့သော သမ္မတရေစစ်တေယစ်အာဒိုဂန်အား ဖြုတ်ချရန် ရည်ရွယ်သည့် စစ်အာဏာသိမ်းပွဲမှာ မအောင်မမြင် ပျက်ပြားခဲ့ရလေသောအခါ ရေများရေနိုင် မီးများမီးနိုင်ဟူသော သဘောတရားကို ကျွန်ုပ်စေ့ငုမိလေသည်။

မအောင်မြင်သော အာဏာသိမ်းပွဲကြီးကို 'ရှာလွန်ရှက်တိုက်' ပြုမူဆောင်ရွက်ချက်အဖြစ် ကမ္ဘာက ရှုမြင်ကြလေသည်။

နွေရာသီကာလ မြက်များခြောက်သွေ့နေခိုက် သစ်ငုတ်တိုက မြက်ပင်များထက် မြင့်နေတတ်သော်လည်း မိုးဥတုကာလ မြက်များရှင်သန်ထွားကျိုင်းလာချိန်တွင် မြက်ပင်များက သစ်ငုတ်ထက် မြင့်သွားပြန်သည်(သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ) ဟူသော သဘောတရားက ကျွန်ုပ်၏ အတွေးအမြင် အလင်းတန်းအဖြစ် လျှပ်တစ်ပြက် လင်းလက်လာလေသည်။

နိုင်ငံရေး အကျပ်အတည်း ရိုက်ဟည်းလာသော ညတစ်ညက တူရကီနိုင်ငံတစ်ဝန်းကို ဖြတ်သန်းခဲ့၏။ အာဏာသိမ်းယူသော ဂိုဏ်းမှ တပ်ဖွဲ့ဝင်များကို မကြောက်မရွံ့ နောက်မတွန့်ဘဲ အန်တုဗလပြု ရင်ဆိုင်ကြသူ တာ့ခ်တို့က လမ်းများပေါ် အုန်းအုန်းကျွက်ကျွက် ထွက်လာခဲ့ကြ၏။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့သလိုပဟု ရေးဖွဲ့သီရမလိုပင်။

အပစ်အခတ် အညစ်အသတ် ပြွမ်းသော 'ဒရာမာ' ရုပ်ရှင်ဇာတ်ကားတစ်ကား ကြည့်ရှုကြရဘိသကဲ့သို့ ကမ္ဘာသူ ကမ္ဘာသားတို့က ရင်တထိတ်ထိတ် သည်းတဖိုဖိုဖြင့် တူရကီမြင်ကွင်းကို စောင့်စားကြည့်ရှုနေခဲ့ကြရလေသည်။

အခြေအနေအရပ်ရပ်ကို လုံးလုံးလျားလျား ထိန်းချုပ်နိုင်ပြီဟူ၍ အာဏာသိမ်းပွဲအပြီး တစ်ရက်အကြာတွင် တူရကီဝန်ကြီးချုပ် ဘီနာလီယီဒီရင်က မီဒီယာမှတစ်ဆင့် နိုင်ငံတော်သို့ ထုတ်ပြန်ကြေညာခဲ့ပြီးလျှင် ထောင်ပေါင်းများစွာသော လူခပင်းတို့ကို သိမ်းကျုံးဖမ်းဆီးလေတော့သည်။

အာဏာသိမ်းပွဲအပြီး ဗွေဆော်ဦးနေ့မှာပင် စစ်သည် ၂၈၃၉ ဦး အပါအဝင် လူ ၆၀၀၀ ထက်မနည်းကို ဖမ်းချုပ်ခဲ့၏။ တရားသူကြီး ၂၇၄၅ ဦးကို ရာထူးမှ ဖယ်ရှားခဲ့၏။

တာ့ခ်ပြည်သူပြည်သားတို့မှာ သစ်နှစ်ပင်ကြား ဝါးပေါက်ရသည့် ပုံပမာအသွင် အစိုးရနှင့် တပ်မတော်အကြား ကျဉ်းကျဉ်းကျပ်ကျပ် ရှိနေခဲ့ရလေသည်။

အာဏာသိမ်းခေါင်းဆောင်များကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် သေဒဏ်ပေးမည်ဟု ခြိမ်းခြောက်သံ ပေါ်ထွက်လာလေရာ ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များက ပေဖြစ်လျှင်ခံ၊ တူဖြစ်လျှင်နှံ့ မလုပ်ကြဖို့ ဟန့်တားခဲ့ကြသည်ဟု ကျွန်ုပ်ကြားသိရလေသည်။

**ပြဿဒါးကြုံလျှင် ပြဿနာတက်**

လောကီမင်္ဂလာအယူနှင့် စဉ်းစားလျှင် ပြဿဒါးကြုံလျှင် ပြဿနာတက်တတ်လေ့ရှိ၏။ ပြဿဒါးဟူသည်ကား 'ဗျသန' ဟူသောပုဒ်နှင့် စပ်ယှဉ်နေ၏။ ဗျသနဟူသည်ကား ပျက်စီးခြင်းတည်း။

ချဲ့ဦးအံ့-

တူရကီနိုင်ငံသည်ကား နဂိုမူလကပင်လျှင် ပြဿဒါးနေ့ရက်များကို ဖြတ်သန်းနေရသည့် နိုင်ငံဖြစ်သည်။ ဆီးရီးယားစစ်ပွဲ အရှုပ်အထွေးတွင် ပါဝင်ပတ်သက်နေပြီးလျှင် ကာ့ဒ်တို့နှင့် ပဋိပက္ခဖြစ်နေခဲ့သည်။ အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုများက ပြည်သူတို့အား အစဉ်အမြဲ အလန့်တကြားဖြစ်စေသည်။

သမ္မတကြီး အာဒိုဂန်က နိုင်ငံရေး တည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် ကြိုးပမ်းခဲ့သည့်တိုင် နိုင်ငံရေးအရ စုစည်းညီညွတ်မှုကို မတည်ဆောက်နိုင်ဟု ရှုမြင်ရသည်။ ပါလီမန် တန်ခိုးရှိအောင် လုပ်ရမည့်အစား သမ္မတကြီးကိုယ်တိုင် အာဏာခိုင်မြဲအောင် လုပ်ဆောင်နေသည်ဟု အတိုက်အခံတို့က ဝေဖန်ခဲ့ကြလေသည်။

ယခုအချိန်တွင်မူ ပြဿဒါးကြုံရသည့် အာဏာသိမ်းပွဲ မအောင်မြင်ရသော အကြောင်းတရားများနှင့် ပတ်သက်၍ နိုင်ငံတကာ နိုင်ငံရေးသုခမိန်တို့က ပိုင်းခြားဝေဖန်လျက်ရှိကြကုန်၏။

၁၉၆၀ ပြည့်လွန်နှစ်များက ပုံစံမျိုးဖြင့် ၂၁ ရာစုခေတ်တွင် အာဏာသိမ်း၍ မရနိုင်ပါဟု ထောက်ပြသူက ထောက်ပြ၏။

အကြင်ခဏ၌ အာဒိုဂန်ကိုယ်တိုင်ကမူ တူရကီတပ်မတော်ကို သန့်စင်ရေး လုပ်နိုင်အောင် ဘုရားသခင်ကပေးသည့် လက်ဆောင်အဖြစ် အာဏာ သိမ်းပွဲကို ရှုမြင်သည်။ ရာဇပလ္လင်ခိုင်မြဲလေသော အာဒိုဂန်မှာ သူ၏ အာဏာ ပိုမိုခိုင်မြဲအောင် ဆက်လက်လုပ်ဆောင်မည့် ပုံအသွင်ကို ညွှန်းဆိုနေပြီး တပ်မတော်တွင်းရှိ သူ့ကိုဆန့်ကျင်သူများနှင့် အတိုက်အခံခပင်းကို ရှင်းလင်းတော့မည်လောဟူ၍လည်း ရင်တမမဖြင့် သုံးသပ်သူက သုံးသပ်၏။

စစ်သည်များကို ဖမ်းချုပ်ခဲ့ပြီး အထက်တန်း စစ်အရာရှိကြီးများကို ရာထူးမှ ဖယ်ရှားခဲ့သည်။ အာဏာသိမ်းပွဲတွင် ပါဝင်သူဟုတ်၊ မဟုတ် အတိအကျ ဖော်ထုတ်နိုင်ခြင်းမရှိမီမှာပင် စစ်အရာရှိကြီးများ အလျော်အစားပေးလိုက်ရခြင်းဟု ဆိုရပေမည်။

စစ်အာဏာသိမ်းသူများ နောင်ကြဉ်အောင် သေဒဏ်ပေးနိုင်ရေးအတွက် ဥပဒေပြင်ဆင်မှု ပြုလုပ်မည်ဟုပင် အစိုးရအဖွဲ့က ဆိုသည်။

တူရကီနိုင်ငံရေး သပ္ပတ်အူတွင် တပ်မတော်က ကြားဝင်ဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းခဲ့သည့် သာဓကများကို ၁၉၆၀၊ ၁၉၇၁၊ ၁၉၈၀ နှင့် ၁၉၉၇ တို့တွင် တွေ့မြင်ခဲ့ရပြီး ယခုတစ်ကြိမ် မအောင်မြင်သော အာဏာသိမ်းပွဲသည် ပြည်သူတို့၏ ဒီမိုကရေစီ ရင့်ကျက်မှုကို ဖော်ညွှန်းနေသည်ဟု ကောက်ချက်ချရပေသည်။

အမေရိကန် အခြေစိုက် တရားဟောဆရာဖာသူလာဂူလန်၏ ကြိုးကိုင်မှုဖြင့် အာဏာသိမ်းပွဲ ဖြစ်ပေါ်လာရသည်ဟု တူရကီအစိုးရအဖွဲ့က စွပ်စွဲခဲ့သည်။

ဂူလန်ဆိုသူကား 'ဟစ္စမက်' အမည်ရှိ လှုပ်ရှားမှုအဖွဲ့၏ ခေါင်းဆောင်ပေတည်း။

တူကီလူဦးရေ၏ ၁၀ ရာခိုင်နှုန်းအထိမှာ ဟစ္စမက်လှုပ်ရှားမှုကို ထောက်ခံကြသည်ဆို၏။

ဂူလန်အား လွှဲပြောင်းပေးရန်အထိပင် တူရကီအစိုးရက တောင်းဆိုခဲ့ရာ အိုဘားမားအစိုးရအဖွဲ့မှာ ခေါင်းနားပန်းကြီးသွားရပြီး အထောက်အထား ခိုင်လုံလျှင် လွှဲပေးမည်ဟု နှစ်သိမ့်ခဲ့လေသည်။

ဂူလန်က -

"အာဏာသိမ်းတာကို ကျပ်အပြင်းထန်ဆုံး ရှုတ်ချတယ်။ အစိုးရလုပ်ချင်ရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ နည်းလမ်းနဲ့အညီ နိုင်ငံရေးမှာ ပါဝင်သင့်တယ်။ အင်အားသုံးပြီး အာဏာရယူတာကို ကျုပ်လက်မခံဘူး" ဟူ၍ နယူးယော့ခ်တိုင်း သတင်းစာသို့ ပြောကြားခဲ့လေသည်။

**တရားသံဝေ ရလောက်ပေသည်**

လူပေါင်း ၂၆၅ ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိစေခဲ့သော အာဏာသိမ်းပွဲကြီးသည်ကား နောက်ဆက်တွဲ ဂယက်လှိုင်းရိုက်ပုတ်မှု လွန်စွာပြင်းထန်စေသော အကြံအစည်ပေတည်း။

အာဏာသိမ်းပွဲကြီးသည် အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရသည့် ဖြစ်စဉ်ဖြစ်ပြီးလျှင် တရားအမြင်ရှိသူတို့အတွက် တရားသံဝေဂ ရစရာနှင့် လောကီအမြင်ကျယ်သူတို့အတွက် ဘဝသင်ခန်းစာ ရလောက်အံ့ပေသည်။

တူရကီအာဏာရပါတီဖြစ်သော တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအတွင်းနှင့် နိုင်ငံရေးလောကအတွင်း ဂိုဏ်းဂဏယှဉ်ပြိုင်မှု မြင့်မားလာနိုင်ပြီး နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားရမည့် အကျိုးသက်ရောက်မှုကို တွေ့မြင်နိုင်သည်။

တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေဘဲ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြဖို့ ဥရောပခေါင်းဆောင်များက တူရကီခေါင်းဆောင်များကို အနီးကပ် တိုက်တွန်းလျက်ရှိကြသည်။

တရားဥပဒေစိုးမိုးခြင်းနှင့်အတူ ပြည်သူလူထု၏ အကျိုးအလို့ငှာ ဦးတည်ဆောင်ရွက်သင့်ပြီး အေးချမ်းလုံခြုံသော နိုင်ငံတော်အဖြစ် ထာဝစဉ် ရပ်တည်နိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန်မှာ တပ်မတော်၏ မြင့်မြတ်သော ရည်မှန်းချက်ဖြစ်သည်ဟု ကျွန်ုပ်တွေးတောမိ၏။

မအောင်မြင်သော အာဏာသိမ်းပွဲကို အခွင့်ကောင်းယူ၍ သမ္မတအာဒိုဂန်ကိုယ်တိုင် ရေမြေသနင်းပြည့်ရှင်မင်းသဖွယ် အာဏာကို ပိုမိုခိုင်မြဲအောင် လုပ်ဆောင်ပြန်လျှင်လည်း နိုင်ငံရေးအရ တည်ငြိမ်မှုမှာ ကမ္ဘတ်နိဂုံး အဆုံးသတ်ရမည်ဟု ယူဆရဖွယ်ပင်။

**ဉာဏ်ဝီရိယ ပယောဂတည့်**

တူရကီ အာဏာသိမ်းပွဲ မအောင်မြင်ရသည့် အကြောင်းတရားနှင့် ပတ်သက်၍ ဗြိတိန်အခြေစိုက် Chathan House သုခမိန်အဖွဲ့က သုံးသပ်ပုံမှာ အာဏာသိမ်းသူများ ပညာသားမပါ၍ ရှုံးနိမ့်ရသည်ဟု ကျွန်ုပ်မှတ်သားရ၏။

တပ်မတော်အတွင်းနှင့် လူထုအတွင်း ထောက်ခံမှုမရဘဲ အာဏာသိမ်းခြင်း၊ အာဏာသိမ်းပွဲ၌ ပါဝင်သော စစ်သည်များကိုယ်တိုင် စစ်ရေးလှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်နေရသည်ဟု အထင်ရှိခဲ့ပြီး အဖမ်းခံရချိန်ရောက်မှ အာဏာသိမ်းခြင်းဟု နားလည်သိရှိခြင်း၊ ပါလီမန်၊ သမ္မတနန်းတော်၊ ဝန်ကြီးချုပ်စံအိမ်တော်၊ စစ်ဌာနချုပ်များကို ဦးတည်ခဲ့ပြီး ဗော့စပရပ်ရေလက်ကြားဖြတ် တံတားနှင့် အတာတာ့ခ်လေဆိပ်တို့ကို ပိတ်ခဲ့သော်လည်း ပုဂ္ဂလိက အသံလွှင့်ဌာနများနှင့် လူမှုကွန်ရက်မီဒီယာများကို ပိတ်ဆို့ရန် ပျက်ကွက်ခဲ့ခြင်း၊ အစိုးရခေါင်းဆောင်များကို ဖမ်းဆီးနိုင်မှုမရှိခြင်း၊ တင့်ကား၊ ရဟတ်ယာဉ်၊ ဂျက်လေယာဉ်စသည်တို့ ဝင်ရောက်နိုင်အောင် လုပ်ဖို့ ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် အာဏာသိမ်းပွဲ ကျရှုံးခဲ့ရသည်ဟု ဆိုလေသည်။

အသုံးချပဋ္ဌာန်း ဩဝါဒအရ စဉ်းစားပါလျှင် ကာလ၊ ဒေသ၊ ပုဂ္ဂလကို နှိုင်းဆကာ လုပ်ဆောင်ရမည်ဟု ဆိုရပေမည်။ မြန်မာမှုနယ်ပယ်တွင် 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' ဟု ဆိုသော်လည်း "ကံ" ဟူသည် အလုပ်ဖြစ်ပြီး ဉာဏ်မပါသည့် အလုပ်ဟူသမျှ မွဲရမည်သာဖြစ်ပေရာ "ဉာဏ်မရှိ ကံရှိတိုင်းမွဲ" ဟု ပဋ္ဌာန်းအမြင်ဖြင့် ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# ရွှေဂူနီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကိုရင်ငယ်၊ သီလရှင်ငယ်များအား ဖိနပ် ၁၁၈ ရန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**မန္တလေး ဇူလိုင် ၂၃**
မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာအုပ်စု သာခိုတောင်ခြေရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကိုရင်ငယ်များနှင့် သီလရှင်ငယ်များအား ဖိနပ် ၁၁၈ ရန်နှင့် လှူဖွယ်ပစ္စည်းများကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက SP Family ပရဟိတအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

SP Family ပရဟိတအဖွဲ့ ဖွဲ့စည်းတာ ရက် ၁၀၀ ပြည့်အထိမ်းအမှတ်အနေနဲ့ ရွှေဂူနီပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ဦးစီးပဓာနနာယက ဆရာတော်ကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကျောင်းအတွက် လိုအပ်သည့် ပန်ကာလေးလုံး၊ ဆေးဝါးများပါဝင်သည့် ဆေးသေတ္တာ၊ စာရေးကိရိယာများနဲ့အတူ ကျောင်းရှိ စာသင်သားကိုရင်ငယ်နဲ့ သီလရှင်ငယ်များအတွက် ဖိနပ် ၁၁၈ ရန်ကို အလှူရှင်များနှင့် SP Family ပရဟိတအဖွဲ့ပူးပေါင်းပြီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း ယင်းပရဟိတ အဖွဲ့မှ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးတာဝန်ခံ မဟန်နွယ်သီရိက ပြောသည်။

ယင်းအလှူဒါနပြုပွဲတွင် SP Family ပရဟိတအဖွဲ့နှင့် အတူလိုက်ပါလာသည့် MMO မြန်မာ့ရိုးရာရုပ်သေးအဖွဲ့မှ ကိုရင်ငယ်နှင့် သီလရှင်ငယ်များကို ရုပ်သေးအကများဖြင့် ဖျော်ဖြေပေးခဲ့သည်။

ယင်း SP Family ပရဟိတအဖွဲ့သည် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ပရဟိတစိတ်ဓာတ်ရှိသူ ဓာတ်ပုံဝါသနာရှင်၊ ပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်ရှိသည့်နေရာများသို့ အလှူရှင်စေတနာရှင်များနှင့်ပူးပေါင်းကာ ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မတ္တရာ ဇူလိုင် ၂၃**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပန်းယျကျေးရွာအုပ်စု တုန်ကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲတွင် အဆိုပါကျေးရွာနေ အလှူရှင် ဦးသိန်းဦး-ဒေါ်ငွေးညိမ်မိသားစုမှ လှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အလှူရှင်ဦးငွေးဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးတင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ဆောက်လုပ်လှူဒါန်းသော စံပယ်ဆောင်ကျောင်းဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့သည်။ ယင်းနောက် ကျောင်းဆောင်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုမှ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဝင်းက လက်ခံရယူခဲ့သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးမှ ကျောင်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို တက်ရောက်လာသော ဧည့်သည်တော်ကြီးများအား ပေးအပ်ခဲ့သည်။ ယင်းနောက် ရွာသူ၊ ရွာသားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။ ယင်းနောက် အလှူရှင်မိသားစုမှ ကြွရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်မှာ (၈၀×၃၀×၁၂)ပေ အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပြီး ငွေကျပ်သိန်း ၃၀၀ အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ပြီး လေးယောက်တွဲ သံထိုင်ခုံ ၆၅ လုံး စုစုပေါင်းတန်ဖိုး ၂၆ သိန်း၊ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ရေတွင်းရေကန်ကိုလည်း လှူဒါန်းခဲ့သည့်အပြင် အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ၁၁၅ သိန်းတန်ဖိုးရှိ ဇေယျာသုခကျောင်းဆောင်ကိုလည်း ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ယနေ့လှူဒါန်းသည့် ကျောင်းဆောင်အပါအဝင် လေးခန်းတွဲ စာသင်ဆောင်လေးဆောင်နှင့် သုံးခန်းတွဲစာသင်ဆောင်တစ်ဆောင် စုစုပေါင်း ငါးဆောင်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၂၇ ဦးနှင့် ဆရာ၊ ဆရာမ ၂၀ ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ကတ္တရာလမ်းခင်းရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရွာသစ် ဇူလိုင် ၂၃**
ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် ညှိနှိုင်းအစည်းအဝေးကို ရွာသစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘောလခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောဒီးဒီက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောကြားကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ်က လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဆက်လက်၍ လမ်းသုံးလမ်းအား ကတ္တရာလမ်းခင်းရန် ကိစ္စများကို ဒေသခံပြည်သူများ၊ ကုမ္ပဏီအဖွဲ့နှင့် ခြံပိုင်ရှင်များက အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး ယင်းလမ်းသုံးလမ်းအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ်၊ ရွာသစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကုမ္ပဏီများ၊ ဒေသခံပြည်သူများနှင့် ခြံပိုင်ရှင်များ တက်ရောက်ကြသည်။ **ကိုစိုင်း(လွိုင်ကော်)**

## ရေစီးရေလာကောင်းမွန်ရေးနှင့် လုံခြုံရေးဆောင်ရွက်မှုအတွက် ဂုဏ်ပြု

**လှိုင်သာယာ ဇူလိုင် ၂၃**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် လုံခြုံရေးဆောင်ရွက်မှုအတွက် ဂုဏ်ပြုပွဲကို ဇူလိုင် ၁၈ ရက်က အမှတ် ၁၈ ရပ်ကွက် ရွှေရင်အေးဈေးလမ်း ရပ်ကွက်ရုံးခန်းမ၌ ကျင်းပသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ရပ်ကွက်နေပြည်သူလူထုပါဝင်မှုကြောင့် ရပ်ကွက်ရေစီးရေလာကောင်းမွန်မှုနှင့် ဥပဒေစိုးမိုးမှု ကောင်းမွန်ရခြင်းဖြစ်ကြောင်း၊ အစဉ်အလာမပျက် ဆက်လက်ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးရန်နှင့် ကိုယ့်ရပ်ကိုယ့်ရွာ ကောင်းမွန်ရေးအတွက် မိမိတို့မှာသာ တာဝန်ရှိကြောင်း ပြောကြားပြီး ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားသို့ ရပ်ကွက်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ လမ်းအကျိုးဆောင်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(၃၂၉)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ ဇူလိုင် ၂၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပထမရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က အ. ထ. က(၄)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းများကို ကျောက်မဲခရိုင် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က သွားရောက်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**



## ဒိုက်ဦးမြို့နယ် ကန်ဦးပညာရေးဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်

**ပဲခူး ဇူလိုင် ၂၃**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကန်ဦးပညာရေးဖောင်ဒေးရှင်းသို့ ဇူလိုင် ၁၆ ရက်က ပဲခူးခရိုင်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေကျပ် ၃၀၀၀၀၀ အား သွားရောက်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းကျော်ထွန်း၊ ကန်ဦးပညာရေးဖောင်ဒေးရှင်းနာယက ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း) နှင့် ကန်ဦးပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးဝင်းတို့က အမှာစကားပြောကြားခဲ့ကြသည်။ ဆက်လက်၍ ပဲခူးခရိုင် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးနိုင်က အလှူငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး ဒိုက်ဦးမြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေလှူဒါန်းရခြင်းဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(၅၈၈)**

## ဟိုပန်တွင် မူခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်

**ဟိုပန် ဇူလိုင် ၂၃**
'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူများစိတ်ချမ်းမြေ့စွာသွားလာလုပ်ကိုင်နိုင်ရေးတို့အတွက် ဇူလိုင် ၂၁ ရက်တွင် ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်မင်းလွင် ဦးစီးသောအဖွဲ့သည် ဟိုပန်မြို့ ပန်လုံလမ်းရပ်ကွက် မိန်းပန်း (ရှမ်း)ရပ်ကွက်၊ ဈေးရပ်ကွက်၊ ရုံးကုန်းရပ်ကွက်များအတွင်း မီးတန်းယာဉ်သုံးစီးဖြင့် လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ဒုရဲအုပ်သီဟနောင် ဦးစီးသောအဖွဲ့သည် အမှတ်(၁၂၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်တစ်ဦး၊ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးလိုက်ပါ၍ ဟိုပန်မြို့ဝင်လမ်းဆုံတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့သည်။**ခရိုင်(ပြန်/ဆက်)**

ကြော်ငြာ

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဝေဇယန္တာဥယျာဉ်ရိပ်သာနေ
ဦးမောင်မောင်နိုင်-ဒေါ်အေးအေးမူ(မေတ္တာမိုးပုံနှိပ်တိုက်)တို့၏သားကြီး
**မောင်ရဲမင်းမောင်**
**Master of Science in Information System, Senior Software Engineer, Collateral Analytics; Hawaii, USA**
နှင့်
ရန်ကုန်မြို့၊ သံလွင်လမ်းနေ
(ဦးကြည်ဝင်း-နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်မာကြည် တို့၏သမီးကြီး
**မဆုမွန်ကြည်ဝင်း**
**Master of Business Administration (Accounting), Staff Accountant, Harold D Sasaki CPA Ltd; Hawaii, USA**

တို့သည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီတွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲမင်းမောင်-မဆုမွန်ကြည်ဝင်း**

### ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဟိန်းထက်ကျော် CDC-87651 ၏ DESIGNATED SECURITY DUTIES (DSD) Certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၇၉၃၃၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်နိုင်ဝင်း၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၁၃၃၄၉၂**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၆-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၁၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၀)ပါ မှားယွင်းနေ၍ (၁၃/ပမန(နိုင်)၀၆၅၉၆၄)အစား(၇/ပမန(နိုင်)၀၆၅၉၆၄)ဟုအမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၃-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၆)ပါ ခမ်းယင်(ခ)အားဖိန်၏ကရှုံ့သစ်တွင် လျှောက်ထားသူအမည်ပါ ခမ်းယင်(ခ)အားဖိန် အစား ဒေါ်အားဖိန်း ဟုအမှန်ဖတ်ရှုပါရန်။

### ဟိုတယ်လုပ်ငန်းဆိုင်ရာအမျိုးသားအဆင့်နည်းပြဆရာဖြစ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Australia နိုင်ငံ William Angliss Institute မှ သင်ရိုးညွှန်းတမ်း Toolboxes များကိုအသုံးချပြီး မြန်မာနိုင်ငံအတွင်း၌ အမျိုးသားအဆင့် နည်းပြဆရာဖြစ် သင်တန်းသားများကို မွေးထုတ်ပေးရန်အတွက် National Master Trainer သင်တန်းကို မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းမှ Asean Tourism Master Trainer များမှ အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါသည်။

အချိန် ။ ။ နေ့စဉ် နံနက် (၉:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
နေ့ရက် ။ ။ ဩဂုတ်လ (၁) ရက်နေ့မှ (၈) ရက်နေ့အထိ
နေရာ ။ ။ ယုဇနဂါးဒင်းဟိုတယ်၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့။

**- အရည်အချင်းသတ်မှတ်ချက် -**

၁။ Supervisor ရာထူးနှင့်အထက် သုံးနှစ်တာဝန်ထမ်းဆောင်ဖူးသူ
၂။ English & Computer skill ကျွမ်းကျင်သူ

လျှောက်လွှာပိတ်ရက် (၃၁. ၇. ၂၀၁၆) ညနေ ၄ နာရီအထိ။
သင်တန်းစုံစမ်းရန် - ဖုန်း - ၀၉-၇၇၃၂၈၈၄၆၁၊ ၀၉-၉၇၁၂၂၅၄၃၈
ယုဇနဂါးဒင်းဟိုတယ်




## ထိုင်ဝမ်အလည်ခရီးစဉ်နှင့် ကျန်းမာရေးစစ်ဆေးကုသရန်

အထူး (10)လ(6)ရက်နေ့မှ(11)ရက်နေ့အထိ အလည်အပတ် ခရီးစဉ်ရှိသည်။
သွားမည့်သူများကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။

လိုက်ပါမည့်သူများ
(31.8.2016)ရက်နေ့တွင် နောက်ဆုံးစာရင်းပိတ်ပါမည်။
ကျန်းမာရေးစစ်ဆေးကုသရန်အတွက် အချိန်မရွေးချက်ချင်း သွားရောက်ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးပါသည်။

စုံစမ်းရန်။ ။ အမှတ်(၇၀)၊ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊မြေညီထပ်။
**Ph: 09 796285752 , 01 226365 ၊ ဦးတင်ဝင်း 09 5159407**

## ACE® PE WATER TANK
KOREA HI-TECH



- ❊ ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- ❊ သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကုန်ကြမ်း)
- ❊ နှစ်(၃၀)အာမခံပါသည်။
- ❊ Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ



**HORIZONTAL TYPE (အလျားလိုက်)**
70, 110, 170, 220, 250 GAL
**VERTICAL TYPE (ဒေါင်လိုက်)**
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

**Ph: 01 684743, 09 73094221, 09 450048469**
တောင်ကြီးနှင့် နေပြည်တော်မှ Dealer အသစ်များ ဆက်သွယ်နိုင်ပါသည်။
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN

3 YEARS MAZDA WARRANTY

မြန်မာနိုင်ငံသားများ ပိုင်ဆိုင်၍ အများနှင့်သက်ဆိုင်သော TRUE TAXI MYANMAR

သင့်အနားမှာ အမြဲရှိတဲ့

TRUE TAXI

FAST EASY TRACK

ANYTIME & ANYWHERE

လုံခြုံမှု၊ မြန်ဆန်မှု၊ အချိန်တိကျမှု တို့အတွက်
ခရီးသည် နှင့် Taxi ယာဉ်မောင်းများ ယခုပဲ
Play Store မှ True Taxi App
ကိုချက်ချင်း Download ဆွဲ၍
စတင်အသုံးပြုလိုက်ပါ။

စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး နှင့် ယာဉ်ကြောပိတ်ဆို့မှု စသည့်သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိနိုင်မည်။

စိတ်ဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ မှ ပေါင်းပါဝင်ဆောင်ရွက်နိုင်ပါသည်။




Taxi ပိုင်ရှင်များနှင့် ယာဉ်မောင်းများ အမြန်ဆုံးဆက်သွယ် အလုပ်လုပ်ကြပါရန်။

Office Address:
အမှတ်-(၁၂/၁၄)၊ တင်ဆန်းလမ်း(ဦးချစ်မောင်လမ်းမှညာချိုး) ရန်ကင်းစင်တာအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
Ph: 09-974141438, 09-777444553, 09-798420538, 09-5230956

E-mail : truetaximyanmar@gmail.com
Facebook : truetaximyanmar
Webside : truetaximyanmar.com

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD (၇ယောက်စီး၊ ၈ ယောက်စီး)၊
HIACE (အံစာတုံး-၁၂ယောက်စီး၊ ၁၅ယောက်စီး)
ကားသစ်ကြီးများဖြင့် ဝန်ဆောင်မှု ပေးပါသည်။
09 253 582510, 09 78 5158803

78 ACADEMY (ဆံပင်သင်တန်းကျောင်း)

၄ နှစ်ပြည့် (အထူး) အစီအစဉ်

50% OFF

JULY (၁)လအတွင်းသာရရှိနိုင်မည့်လက်မလွှတ်သင့်သည့်အခွင့်အရေး

- ဝါသနာပါရင်လှမ်းခဲ့ပါ..... သင်၏ဘဝ သင်၏အနာဂါတ် တောက်ပလာစေမည်.....
- သင်၏ ဆိုင်အမည် အများနှင့်အတူ တမူထူးခြား ကျော်ကြားစေမည်.....
- သင်၏ (Customer) ဧည့်သည် များ၏ စိတ်ကျေနပ်မှုကို အပြည့်အဝ ရရှိစေမည်.....
- ကမ္ဘာ့အဆင့်မီ နောက်ဆုံးပေါ်နည်းပညာ များဖြင့် သင်ကြားပို့ချ ပေးပါသည်.....

Hot Line - 09 73122 999, 09 516 5218

UD GROUP
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
35 Ton
30 Ton
28 Ton
26 Ton
25 Ton
23 Ton
16 Ton
15 Ton
8 Ton
5 Ton

OFFICE :
ရန်ကုန် - 09-965504800,09-6504800
နေပြည်တော် - 09-965504900,09-6504900
မန္တလေး - 09-965504700,09-6504700

Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)

(၁) မ/ဒဂုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09444042912
(၇) မရမ်းကုန်းမြို့နယ်၊ အထက်ပဲခူးလမ်း - 09-5079115,09 73066696
(၈) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ - 09-256223396, 09-47054581

Hot Line : 01-706356

မှတ်ချက် - Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမှုရင်းဈေးအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။

စိန်ငါးလုံး ဆီးကျောက်ကပ်အားဆေး
အမှတ်တံဆိပ်

ဆီးကျိတ်ရောင်ခြင်း၊ ဆီးသွားရှုံ့အားမရှိခြင်း၊ ဆီးရည်၊ ဆီးကျန်ခြင်း၊ ဆီးပူ၊ ဆီးနီ၊ ဆီးကျဉ်ခြင်း၊ ကျော ရင် ခါးအောင့်ခြင်း၊ ခြေ၊ လက် မျက်နှာဖောရောင်ခြင်း၊ နံပ်လိုက်လျှင် ချိုင့်ရာထင်ကျန်ခြင်းတို့ဖြစ်လျှင် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး ဆီး ကျောက်ကပ်အားဆေးကို သောက်ပါ။

အမြို့မြို့ဆေးဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။


TD
သီတာ
အာမခံ စိန်ရွှေရတနာဆိုင် (၁၅ ပဲရည်ပြည့်)
၁၅ ပဲရည်ပြည့် ရွှေထည်များကို ပန်းတိမ်ပင်ရင်း အလျော့တွက်ဖြင့်
လက်လီ / လက်ကား ရောင်းချပေးနေပါသည်။
ငွေ (၃)သောင်းဝန်းကျင်ဖြင့် ရွှေထည်များ၊ ငွေ (၅)သောင်းဝန်းကျင်ဖြင့်
အီတလီ နိုင်ငံထုတ် ပလက်တီနမ်များ ရောင်းချပေးနေပါသည်။
ငွေ (၁ သိန်းခွဲ) ဝန်းကျင်ဖြင့် စိန်ထည်လှလှ လေးများကို
ဝယ်ယူဝတ်ဆင်နိုင်သည်။
စိန်အလွတ်များကို (၁)ပွင့်မှ စ၍ လိုသလောက် ရတီချိန်ဖြင့်
ဝယ်ယူရရှိနိုင်ပါသည်။
ငွေစုလိုသူများအတွက်လည်း ရာနှုန်းပြည့် သန့်စင်ပြီး
အခေါက်တုံးများကို (၁) ရွေးမှစ၍ လိုသလောက်ရရှိနိုင်ပါသည်။
Order ထည်များကို လက်ရာကောင်းမွန်စွာဖြင့် အထူးပြုလုပ်ပေးနေပါသည်။
သီတာရွှေဆိုင်မှ ဝယ်ယူထားသော ပစ္စည်းများအား ဆိုင်ခွဲ (၃) ဆိုင်လုံးတွင်
ဘောင်ချာနှင့် တကွ အချိန်မရွေး ရောင်းချ / လဲလှယ်နိုင်ပါသည်။
ရွှေဈေးများကိုလဲ အချိန်မရွေးဆက်သွယ် စုံစမ်းနိုင်သည့်အပြင်
အသေးစားပြင်ဆင်မှုများကိုလည်း အခမဲ့ အထူးဝန်ဆောင်မှု ပေးနေပါသည်။
သီတာရွှေဆိုင် (၃) ဆိုင်လုံးတွင် နေ့စဉ် ပိတ်ရက်မရှိ ရာသက်ပန် မွင့်လှစ်လျက် ရှိပါသည်။
ရုံးချုပ် - အမှတ် (၁၈၂)၊ အာနန္ဒာဘုရားလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၅၅ ၁၃၇၈၊ ၀၁ - ၈၅၅ ၁၃၇၉
ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင်အနီး) ဖုန်း - ၀၁ - ၂၃၃ ၂၄၆၄
ဆိုင်ခွဲ (၂) - အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး) ဖုန်း - ၀၁ - ၅၇၉ ၃၅၄
ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်ာန်းကျွန်းဈေးကြီးရှေ့ (ဆ/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၅၅ ၀၆၀၁

# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးကျော်ညွှန့် (၉၃)နှစ်**
လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်)
ဓနုဖြူမြို့နယ်အသင်း နာယကကြီး

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြစေတီ (၃) လမ်း၊ အမှတ်(၂၉)၊ မြဂေဟာနေ (ဒေါ်ခင်စိုး)၏ခင်ပွန်း နာယကကြီး ဦးကျော်ညွှန့်သည် ၂၀-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီး ဒေါ်စိန်ရီ(ငြိမ်း)
**အသက် (၉၀)**

တပည့်များအပေါ် သားသမီးများကဲ့သို့ သင်ကြားညွှန်ပြပေးခဲ့သော ကျေးဇူးရှင် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဒေါ်စိန်ရီ(ငြိမ်း)သည် ၂၂-၇-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၈၂ ဆေးတက္ကသိုလ် (၂)**
**ပညာသင်တပည့်သားသမီးများ**

## ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာတင်မြင့်ဦး
**ပါမောက္ခ(ငြိမ်း)၊ မဲန်ဟက်တန်တက္ကသိုလ် (USA)**
**အသက်(၈၄)နှစ်**
**နယူးယောက်မြို့ (USA)**

တတိယမြောက်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်-ဒေါ်သိန်းတင်တို့၏ သားသမက်၊ နယူးယောက်မြို့နေ ဒေါ်အေးအေးသန့်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာဦးတင်မြင့်ဦးသည် ၂၀-၇-၂၀၁၆ရက် မြန်မာစံတော်ချိန် နံနက် ၆နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပန်းတနော် ဦးခန့်၏သမီး ဒေါ်ခင်မာမာ**
**သား ဦးခင်မောင်ချို-ဒေါ်မြမြ**
**မြေး-သက်ထားချို**

## ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းထွဋ်
**အသက် (၅၈)နှစ်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)**

ဦးမင်းထွဋ် (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)သည် ၂၃-၇-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

## ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းထွဋ်
**အသက် (၅၈)နှစ်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)**

ဦးမင်းထွဋ် (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)သည် ၂၃-၇-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် (သစ်တော)**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းမြင့်(ခ)ကျိုဟိုက်ဟိုး
**အသက်(၅၆)နှစ်**
**ဒါရိုက်တာ၊ အောင်ရတနာဆေးရုံ**

ဒေါက်တာအောင်သိန်း-ဒေါ်မြင့်မြင့်စန်းတို့၏ ညီဖြစ်သူ ဦးထွန်းမြင့်(ခ)ကျိုဟိုက်ဟိုး အသက် (၅၆)နှစ်သည် ၂၀-၇-၂၀၁၆ ရက် နံနက် ၅း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသိန်းလှိုင်(နာ၇)-ဒေါ်အုံးအုံး**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ချို (စံချို စက္ကူဆိုင်)**
**အသက်(၉၆)နှစ်**

ပါမောက္ခ ဒေါက်တာဦးကျော်မြင့်-ဒေါ်နီလာသော်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ချိုသည် ၁၅-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဘာဘူလေး-ဒေါ်နှင်းခိုင်ဦး မိသားစု**
**အမှတ်(၁၀၂)၊ ရွှေဘုံသာလမ်း**

## ဦးသိန်းတင့်
**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၅၄)နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးခင်စိုး-ဒေါ်သန်းသန်းချို၊ ဦးကျော်ဇေယျ-ဒေါ်အေးအေးချိုတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးသိန်းတင့်သည် ၂၃-၇-၂၀၁၆ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးသားချင်းများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးစောလွင် (ဖျာပုံ/သန်လျင်)**
**အသက် (၇၇) နှစ်**

သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ အမှတ်(၆)၊ အောင်မြင့်မိုရ်လမ်းနေ (ဦးမောင်ညွှန့်-ဒေါ်စောလှ)တို့၏သား၊ (ဒေါ်စန်းကြည်)၏ခင်ပွန်း၊ ဦးရဝေထွန်း(လက်ထောက်ညွှန်ကြားရေးမှူး-စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကျောက်တန်း)-ဒေါ်မိုးမိုးလွင်(ဦးစီးအရာရှိ၊ ခရိုင်စီမံကိန်းဦးစီးရုံး-သန်လျင်)၊ ဦးမင်းသန်းထိုက်အောင်(ခေတ္တ-စင်ကာပူ)-ဒေါ်ဖြိုးဖြိုးအိ(ခေတ္တ-စင်ကာပူ)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးဦးစောလွင်သည် ၂၃-၇-၂၀၁၆(စနေနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း အသက် (၇၀)
**ဒုတိယညွှန်ကြားရေးမှူး/စက်မှု (၁) ငြိမ်း**
**ကျောက်တန်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၅/က)နေ (ဦးလင်း-ဒေါ်သန်း)တို့၏သားကြီး၊ ဦးမောင်ကြွယ်-ဒေါ်မြရင်တို့၏ သားသမက်၊ ဒေါ်စန်းမြင့် (အလက၊မြို့မ-ငြိမ်း)၏ခင်ပွန်း၊ ဦးကိုကိုဝင်း-ဒေါ်တင်ရွှန်းလဲ့လွင်၊ ဦးဝဏ္ဏဝင်း-ဒေါ်မေပွင့်ဖြူတို့၏ မွေးသဖခင်၊ မောင်ဇေခန့်အောင်၊ မဂျူးဂျူးတို့၏အဘိုး ဦးသိန်းဝင်း သည် ၂၃-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပါဒကြီးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ပါမောက္ခ ဦးသက်ထားဝေ**
**အသက် (၈၂)နှစ်**

သူငယ်ချင်း ဒေါက်တာကျော်သက်လူ-ဒေါ်ခင်မြတ်ဝါတို့၏ အနန္တကျေးဇူးရှင် ဖခင်ကြီး ပါမောက္ခ ဦးသက်ထားဝေသည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ငါတို့ သူငယ်ချင်းအားလုံး အထူးဝမ်းနည်းကြေကွဲမိပါသည်။ မင်းအတွက် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှု၊ ကြေကွဲပူဆွေး ဝမ်းနည်းမှုတွေအတွက် ဘယ်လိုမှ ဖြေသိမ့်စရာ ရှာမတွေ့နိုင်ပါဘူး။

**၁၉၈၃-၈၈ ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
ဦးနိုင်ဦး
**အသက်(၇၃)နှစ်**
**တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း) အောင်ဆန်း(၇)**

အောင်ဆန်း(၇) တရားရေးအရာရှိ သင်တန်းဆင်း သူငယ်ချင်း ဦးနိုင်ဦး သည် ၁၈-၇-၂၀၁၆ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇) တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
ဦးမင်းထွဋ်
**အသက် (၅၈)နှစ်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)**

ဦးမင်းထွဋ် (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)သည် ၂၃-၇-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## ရဟန်းဒါယကာကြီး
**ဦးမြချစ် (၉၆)နှစ်**
**တွံတေး-ခလုတ်ကျေးရွာ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလုပ်ကျေးရွာနေ (ဦးဝကြီး-ဒေါ်ရွှေအိ)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၄)လမ်း(အောက်)၊ အမှတ်(၃၄)၊ အခန်း(၁၄)နေ (ဒေါ်တင်မေ)၏ခင်ပွန်း၊ ဦးကြည်ဝင်း၊ဒေါ်လှငွေ၊ (ဦးမြင့်စန်း)၊ ဒေါ်စန်းငွေ၊ (ဦးအုံးသန်း)၊ ဒေါ်စန်းမြင့်တို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်ကိုးယောက်တို့၏အဘိုး ဦးမြချစ်သည် ၂၃-၇-၂၀၁၆ရက် နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တီ(ဒိုက်ဦး)**
**အသက်(၁၀၀)**

ရန်ကုန်မြို့နေ (ဦးကျော်စိုး)-ဒေါ်ကျင်မွေ၊ [ဦးမျိုးဝင်း(ခ)ဦးစင်ချမ်း]-ဒေါ်ရီရီမြင့်၊ ဦးအောင်သန်း-ဒေါ်ကျင်အေး၊ ဦးစင်းယုံ-ဒေါ်စုကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊အမှတ်(၁၉၄)နေ ဒေါ်တီ(ဒိုက်ဦး) သည် ၂၂-၇-၂၀၁၆(သောကြာနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၆(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်အမာ**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်း ငွေကြွယ်(က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ်(၁၁)နေ ဦးဘရင်-ဒေါ်ပုတို့၏ သမီး၊ (ဦးဘဆင်)၏ ဇနီး၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်ထားဇင်(ခ)ဒေါ်ထားထား (ပညာရေးဌာန)၊ Capt; ဦးစိုးမြင့် (မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ သုတေသနမှူး-ငြိမ်း)-ဒေါ်ချိုချိုအောင်၊ ဦးဝင်းဇင်-(ဒေါ်အေးအေးသန်း)၊ (ဦးချိုဇင်-ဒေါ်လှလှဝင်း)၊ ဦးမျိုးဇင် (BSM Shipping)-ဒေါ်ခင်အေး၊ ဦးဝေဇင်(Asia World Co., Ltd Main Store) - ဒေါ်သန်းသန်းအေး (အလက-၁၊ တောင်ဥက္ကလာပ)၊ ဦးသန့်ဇင်-ဒေါ်မျိုးမျိုးသင်း၊ ဦးကျော်ကျော်ဇင် (အကောက်ခွန်မှူး-ငြိမ်း)၊ ဦးတင်ထွန်း-ဒေါ်မိုးမိုးဇင်တို့၏မွေးသမိခင် ၊ မြေး ၂၄ယောက်၊ မြစ် ၁၁ယောက်တို့၏ အဘွားသည် ၂၃-၇-၂၀၁၆ (စနေနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးထွန်းမြင့် (ကက-နက်-ငြိမ်း)**
**အသက်(၈၆)နှစ်**
**(ထမွန်နိုင်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၂)လမ်း အထက်၊ အမှတ်(၄၄၅)နေ (ဦးရှိန်-ဒေါ်လုံမ)တို့၏ သား၊ ဒေါ်နှင်းရီ၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ၊ ဦးဇော်ဝင်း-ဒေါ်ခင်စောမွန်၊ ဦးသန်းနိုင်-ဒေါ်စန်းစန်းအေး၊ ဦးမောင်မောင်ထိုက်- ဒေါ်လှလှရီ၊ (ဦးလေးမြင့်)တို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၂-၇-၂၀၁၆ (သောကြာနေ့) နံနက် ၆း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးဝင်းမောင် (ဟသ်ာတ)**
**B.A.BL, B.C.S (Selection Grade)**
**မြန်မာနိုင်ငံ့ဝန်ထမ်း (အကြီးတန်း)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ငြိမ်း)**
**အသက် (၉၁)နှစ်**

ရန်ကုန်မြို့၊ ၂/ခ(၁)၊ ကန်ရိပ်သာလမ်း၊ ကမ္ဘာအေးနေ (ဦးဘရွှေ-ဒေါ်စိန်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်သန်းရင်)တို့၏ သားသမက်၊ (ဒေါ်ခင်ခင်ရီ)၏ခင်ပွန်း၊ (ဦးလှသိန်း-ဒေါ်ခင်မြကြည်)၊ (ဦးအောင်ချစ်)၊ (ဦးတင်ကြည်)တို့၏ညီ၊ (ဦးတင်မောင်အေး-ဒေါ်ခင်စိန်ရင်)၊ ဦးတင်မောင်ကြည်-ဒေါ်ခင်မာကြည်တို့၏အစ်ကို၊ ဒေါက်တာတင်ဇော်ဝင်း (သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး-ငြိမ်း၊ တောင်ကြီး)-ဒေါ်မဥ္ဇူစိုး၊ ဒေါ်တင်ရီဝင်း (ညွှန်မှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဒေါ်တင်မူဝင်း (ဒု-ညွှန်မှူး၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်တင်ဥမ္မာဝင်း (စက်မှု-၁၊ ငြိမ်း)၊ မစန်းလှ၊ မနန်းဆွန့်တို့၏ ဖခင်၊ မငုသွယ်ဝင်း (PNYC-Tgi)၊ မစုနွယ်ဝင်း (ILBC-Tgi)တို့၏ အဘိုးသည် ၂၃-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင့်လွင်(ခ)ဦးဘိုကြီး
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဦးဖိုးမင်းလမ်း၊ အမှတ်(၁၈)နေ (ဦးဖိုးဟန်-ဒေါ်မြရီ)တို့၏သား၊ (ဦးညွှန့်-ဒေါ်လေးမြင့်)တို့၏သားသမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ (ဒေါ်အေးကျင်)-ဦးခင်အေးတို့၏ညီ/မောင်၊ ဦးမြင့်သိန်း-ဒေါ်ရီရီအေးတို့၏ အစ်ကို၊ ဦးမြင့်နိုင်-(မကေသီလွင်)၊ ကိုတင်စိုး-မရီရီလွင်၊ မသက်သက်လွင်၊ ကိုအောင်ကိုကိုဝင်း-မသင်းသင်းအေး၊ ကိုဇော်မြင့်အောင်၊ ကိုကျော်စိုး-မလင်းသော်တာတို့၏ဖခင်ကြီး၊ ကောင်းထက်စံ၊ မကေသီမျိုးဆက်၊ ဝေယံစိုးတို့၏အဘိုးသည် ၂၃-၇-၂၀၁၆ (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်စန်းလွင်**
**အသက်(၇၈)နှစ်**
**အထပြ(ငြိမ်း)၊ အထက(၁)၊ စမ်းချောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၃၅)နေ (ဦးဘဖေ-ဒေါ်မိမိ)တို့၏သမီးကြီး၊ ဦးဝင်းမွန် (တွဲဖက်ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်မွန်)၊ ဦးသက်မွန် (Hydra Rig-Engineering Manager, Singapore)-ဒေါ်လဲ့ကေသီ (ကထိက၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းနိုင်ဦး-ဒေါ်လွင်လွင်မွန် (ပါမောက္ခ၊ မနုဿဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးရဲမွန်-ဒေါ်ထက်ထက်ဝင်း၊ ဦးထွန်းလွင်မွန် (Sunny Sushi Co-Manger, USA)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၂-၇-၂၀၁၆ရက် ည ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူ (ကလေးဝ) (၅၉)နှစ်
**ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန၊ ဒဂုံဆိပ်ကမ်းမြို့နယ်**

(ဦးလူခင်-ဒေါ်သောင်း-ဒေါ်သောင်းခင်)တို့၏ သမီး၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ဝေ၊ ဦးညီညီ-ဒေါ်နီနီ၊ ဦးခင်မောင်ရည်၊ ဦးခင်မောင်ကြည်-ဒေါ်အေးအေးမူ၊ ဒေါ်ခင်လေးမူ-ဦးထွန်းပေါ်၊ ဦးခင်မောင်ချိုတို့၏ညီမ၊ ဦးခင်မောင်ချစ်၊ ဦးခင်မောင်မြင့်-ဒေါ်စုစုချို၊ ဦးခင်မောင်တင့်-ဒေါ်ရွှေကင်း၊ ဦးခင်မောင်ဝင်း-ဒေါ်စိုးစိုးဦးတို့၏အစ်မ၊ တူ/တူမ ၁၉ယောက်တို့၏အဒေါ်သည် ၂၃-၇-၂၀၁၆ (စနေနေ့) နံနက် ၀၀း၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူ(ခ)ဒေါ်ခင်လေးကြူ (ကလေးဝ)
**ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန၊ ဒဂုံဆိပ်ကမ်းမြို့နယ်**
**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၈/စီ) ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ်(၅၆၆)နေ (ဦးလူခင်-ဒေါ်သောင်း-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးလှကြီး-ဒေါ်နီနီဝင်း)တို့၏သမီးချွေးမ၊ ဦးအောင်မင်းဦး၏ဇနီး၊ ကိုမျိုးမင်းအောင် (Liz Star Shipping)-မမေဇာနည်ထွန်း(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ကိုဇော်လင်းအောင် (ခေတ္တ-စင်ကာပူ)၊ မအေးချမ်းမိုးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်သက်ရှိုင်းဂုဏ်ရှိန်အောင်(ခ)R-Guu ၏အဘွား၊ ဦးအောင်မင်းထူး-ဒေါ်သန်းသန်းအောင်တို့၏ အစ်မသည် ၂၃-၇-၂၀၁၆(စနေနေ့) နံနက် ၀၀း၄၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုစောထွန်းနိုင်
**အသက်(၃၄)နှစ်**
**(ကမာရွတ်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၆)လမ်း၊ တိုက်အမှတ်(၂၂)၊ မြေညီထပ်နေ ဦးစိုးဝင်း-ဒေါ်ခင်ခင်နိုင်တို့၏သား၊ (ကိုအောင်ကျော်စိုး)၊ ကိုမင်းရာဇာ-မစိုးစန္ဒာဝင်းတို့၏ အစ်ကို၊ မစန္ဒာ၏ ခင်ပွန်း၊ မဆုမြတ်သန္တာ၊ မရွှန်းလဲ့သန္တာတို့၏ဖခင်၊ ရွှေဝန်းရံမင်း၏ဘကြီး၊ ကိုစောထွန်းနိုင်သည် ၂၂-၇-၂၀၁၆(သောကြာနေ့) ည ၈နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက်အမှတ်(၂၂)၊ မြေညီထပ်၊ လှည်းတန်း (၆)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မကွေး၊ ရခိုင်နှင့် ချင်းယူနိုက်တက်တို့ နိုင်ပွဲရရှိ

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၁၆ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉) ပထမနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

| | | |
|---|---|---|
| မကွေး | - | တစ်ဂိုး |
| ဇွဲကပင် | - | ဂိုးမရှိ |

တိုက်စစ်မှူး ဆယ်လာ၏သွင်းဂိုးဖြင့် မကွေးအသင်း ဒုတိယနေရာအတွက် အရေးပါသည့် သုံးမှတ်ရယူနိုင်ခဲ့သည်။ ဒုတိယနေရာအတွက် အသင်းအများစု အပြိုင်ဖြစ်နေချိန်တွင် မကွေးအသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး မိနစ် ၈၀ တွင် မကွေးအသင်း အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ရောဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရခိုင်အတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် အန်ဒရေ၊ ၂၈ မိနစ်တွင် မျိုးဇော်ဦးတို့က သွင်းယူခဲ့ပြီး ယခုပွဲ အနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင်

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ○**




စီမံ/ဘဏ္ဍာနှင့် ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဓာတ်ပုံ-အား/ကာ)

# ဝန်ကြီးဌာနပေါင်းစုံ အုပ်စုဒုတိယအဆင့် ဘောလုံးပွဲစဉ်များ ဆက်လက်ကျင်းပ ကာကွယ်ရေးနှင့် စီမံ/ဘဏ္ဍာအသင်းတို့ အကြိုဗိုလ်လုပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၃**

အဋ္ဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယအဆင့်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့ ညနေ ၃ နာရီခွဲတွင် အုပ်စု(ခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ငါးဂိုး-သုံးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အုပ်စုဒုတိယအဆင့်ပွဲစဉ်များအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

**(မောင်မောင်ဇော်)**



ဇူလိုင် ၂၃ ရက်က နေပြည်တော်တွင်ပြုလုပ်သည့် Miss Universe Nay Pyi Taw 2016 ရွေးချယ်ပွဲတွင် Miss Universe Nay Pyi Taw 2016 နှင့် Miss Healthy ဆု ရရှိသည့် အလှမယ် မြတ်ကျော့ခိုင်။ (ဓာတ်ပုံ-သန့်ဇင်ဝင်း)

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လု ရှမ်းပြည်နယ်အသင်း(အမျိုးသား)နှင့် ရန်ကုန်တိုင်းဒေသကြီး(အမျိုးသမီး)အသင်းတို့ဗိုလ်စွဲ

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်၌ ကျင်းပလျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားများကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၂၅-၁၀)၊ (၂၅-၁၀)၊ (၂၅-၁၄)မှတ် သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အမျိုးသားဗိုလ်လုပွဲစဉ်ကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၂၅-၁၇)၊ (၂၅-၁၉) (၂၅-၁၉)မှတ် သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသော ရှမ်းပြည်နယ်(အမျိုးသမီး) ဘော်လီဘောအသင်းမှ ကျောနံပါတ်(၁၀)မနန်းခမ်းနှင့် ရှမ်းပြည်နယ်(အမျိုးသား) ဘော်လီဘောအသင်းမှ ကျောနံပါတ်(၆) မောင်အောင်ကျော်ထွန်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❋**




အမျိုးသားဗိုလ်လုပွဲစဉ် ကျင်းပစဉ်။

**အချပ်ပိုပါရှိ** ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ် အချပ်ပိုစာမျက်နှာ ပါရှိပါသည်။

